ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်၊ တနင်္ဂနွေနေ့။ Sunday 26 August 2018 ၄၃၉၀


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်ငူခရိုင်အတွင်းရှိ စွန့်လွှတ်မြေ ၄၈၁ ဒသမ ၉၃ ဧကအား မူလတောင်သူများလက်သို့ ပုံစံ(၇)များဖြင့် ပြန်လည်ပေးအပ်ပွဲအခမ်းအနားတက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၂၅**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် တောင်ငူမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တောင်ငူခရိုင်အတွင်းရှိ စွန့်လွှတ်မြေ ၄၈၁ ဒသမ ၉၃ ဧကအား မူလတောင်သူများလက်ဝယ်သို့ ပုံစံ(၇)များဖြင့် ပြန်လည်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**ကြိုဆိုနှုတ်ဆက်**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဦးလှကျော်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် တောင်ငူမြို့သို့ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် တောင်ငူမြို့ ကေတုရတနာခန်းမ၌ ကျင်းပသည့် တောင်ငူခရိုင်အတွင်းရှိ စွန့်လွှတ်မြေ ၄၈၁ ဒသမ ၉၃ ဧကအား မူလတောင်သူများလက်ဝယ်သို့ ပုံစံ(၇)များဖြင့် ပြန်လည်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ဒုတိယဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ၊ ပြန်လည်စွန့်လွှတ်သည့်မြေများ လက်ခံရယူသည့်တောင်သူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေးအပ်သွားမည်ဖြစ်**

အခမ်းအနားတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကားပြောကြားရာ၌ ယနေ့ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်ငူခရိုင်အတွင်းရှိ စွန့်လွှတ်မြေများအား မူလတောင်သူများလက်ဝယ်သို့ ပြန်လည်ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**




ငြိမ်းချမ်းရေးတွင် ဆရာတစ်ဆူ ကောင်းမွန်မှုများ လမ်းညွှန်နိုင်သူ မစ္စတာ ကိုဖီအာနန်
ဆောင်းပါး - စာမျက်နှာ » ၆

ဒေါ်ပုံတံတားသစ်ဖွင့်
သတင်း - စာမျက်နှာ » ၇


**အချုပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံတွင် ဟောပြောဆွေးနွေးခဲ့သည့် "မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်း" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးချက် အပြည့်အစုံ အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။


C B BANK
Contact Center : (+95) 1 231 777 0
INTERNATIONAL TRADE SERVICES
• Export / Import Services
• Export / Import Financing
• International Remittance
Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm

# ကြေးမုံ

## ပညာရဲရင့် ပွဲလယ်တင့်

"လူ့အသိုင်းအဝိုင်းတစ်ခု တိုးတက်ဖို့အတွက် ဘယ်လိုပညာတွေ လိုသလဲဆိုတာ ကျွန်မတို့ စဉ်းစားဖို့ အများကြီးလိုပါတယ်။ ကိုယ့်နိုင်ငံရဲ့ အားနည်းချက်တွေကို ပြန်ကြည့်ရမယ်။ နောက်ပြီး ကိုယ့်နိုင်ငံရဲ့ အားသာချက်တွေကိုလည်း ကြည့်ရမယ်။ ပညာရေးနဲ့ပတ်သက်လို့ ကျွန်မတို့နိုင်ငံရဲ့ အားသာချက်၊ ကျွန်မတို့ယဉ်ကျေးမှုရဲ့ အားသာချက်ဆိုတာ သမိုင်းအစ လောက်ကတည်းက ကျွန်မတို့ရဲ့ လူမှုအသိုင်းအဝိုင်းမှာ ပညာကို အင်မတန်မှ တန်ဖိုးထားခဲ့ပါတယ်။ ပညာရဲရင့်ပွဲလယ်တင့် စသဖြင့် ပညာကို ကျွန်မတို့ အထူးတန်ဖိုးထားတယ်။ ပညာဆိုတာဟာ အတန်းထဲမှာသင်တဲ့ ပညာတင်မဟုတ်ပါဘူးဆိုတာလည်း ကျွန်မတို့အားလုံး နားလည်ဖို့လိုတယ်။ ကျွန်မတို့ ကလေးတွေ နားလည်ဖို့လည်းလိုပါတယ်" ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဩဂုတ်လ ၂၄ ရက်က ကျင်းပသည့် ၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားခဲ့သည်။

ပညာသည် နိုင်ငံတစ်နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော အလွန်အရေးပါသည့် အရင်းအနှီးဖြစ်သည်။ ကျောင်းသင်ပညာသာမက အသိအမြင်ဗဟုသုတကြွယ်ဝမှသာ လူမှုဘဝ၊ လူမှုပတ်ဝန်းကျင်ကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ပြီး တန်ဖိုးမြင့်သောလူသား၊ တန်ဖိုးမြင့်သော နိုင်ငံဖြစ်ထွန်းလာမည်ဖြစ်သည်။ ရှာဖွေ၍မကုန်၊ အသုံးပြု၍မဆုံးနိုင်သော ပညာကို တန်ဖိုးထားလေ့လာဆည်းပူးရန် လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ ပညာလိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်နှင့် ဆည်းပူးလေ့လာနည်းနာတို့ကိုပါ အိတ်သွန်ဖာမှောက် မီးမောင်းထိုးပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏လက်ရှိကာလ အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် ပတ်သက်၍ အားနည်းချက်များကိုလည်း အသိပေးထားသည်။ အဆင့်မြင့်ပညာသို့ရောက်နေသည့် လူငယ်များသည်ပင် အားနည်းသည့် ပညာရေးစနစ်၏ သားကောင်များဖြစ်ခဲ့ရသည်။ အခြေခံပညာအဆင့် ကျောင်းများတွင် ပြည့်ပြည့်ဝဝ အဆင့်မီမီ သင်ကြားခဲ့ရခြင်းမရှိသည့် လူငယ်လူရွယ်များသည် အဆင့်မြင့်ပညာအဆင့်၌ အားနည်းချက်များရှိနေသည်မှာ နိုင်ငံအတွက် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်သည်။ ယင်းကို ကျော်လွှားနိုင်ရန် အတွက် မိမိတို့နှင့်သင့်လျော်သည့်နည်းလမ်းကို ရှာဖွေဖော်ထုတ်ကာ ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

တိုးတက်သည့် နိုင်ငံများတွင် ပညာသင်ကြားမှုစနစ် ကောင်းမွန်လှသည်ကိုတွေ့ရသည်။ ယင်းတို့ကိုလည်း သင်ခန်းစာယူကြရမည်ဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မှာကြားသကဲ့သို့ သင်ခန်းစာယူသည် ဆိုသည်မှာ အခြားသူများ၏ အဖြစ်အပျက်များကိုကြည့်ရှု၍ ထိုအဖြစ်အပျက်များအပေါ်တွင် အခြေခံပြီး မိမိတို့၏အခြေအနေကို အကောင်းဆုံးဖြစ်အောင်၊ မည်သို့ဖြစ်အောင် လုပ်မည်နည်းဆိုသည်ကို သင်ခန်းစာယူရန်ဖြစ်သည်။ နိုင်ငံ၏အခြေအနေကွာဟမှုနှင့် ဆီလျော်မှုမရှိသည်တို့ကို မပြုလုပ်မိရန်လိုပြီး မိမိနိုင်ငံနှင့် ကိုက်ညီသည့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဖို့ အလွန်အရေးကြီးကြောင်း အသိပေးထားသည်။

ထို့အပြင် ပညာရှာရာ၌ သင်ယူချင်စိတ်ရှိရန် အထူးလိုအပ်ပြီး သင်ယူလိုပါက အရွယ်သုံးပါးမရွေး သင်ယူနိုင်ပေသည်။ သင်ယူလိုစိတ်ရှိခြင်း၊ မရှိခြင်းသည် ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုအပေါ်မူတည်သည်။ ထို့ကြောင့် ငယ်စဉ်ကာလကတည်းက သင်ယူချင်စိတ်ရှိအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။ အဆင့်မြင့်ပညာရေးစနစ်နှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူ အားလုံးအတွက်သာမက နိုင်ငံအတွင်းမှာရှိသည့် ပြည်သူများအားလုံးကိုပါဦးတည်၍ စဉ်းစားအကောင်အထည်ဖော်သင့်ကြောင်း တိုက်တွန်းထားသည်။ အဆင့်မြင့်ပညာဟုဆိုရာတွင် သုတေသနပညာ၊ အသက်မွေးဝမ်းကျောင်းပညာ၊ လူထုအခြေပြု စာကြည့်တိုက်၊ စာအုပ်ဆိုင်ပညာများနှင့် ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများကိုပါ လမ်းညွှန်ထားသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းမှန်ညွှန်ပြသည့်အတိုင်း လူမှုအသိုင်းအဝိုင်းတွင် တန်ဖိုးထားအပ်သောပညာ၊ လောကအလယ်တွင် ပညာရဲရင့်က ပွဲလယ်တင့်စေသောပညာတို့ကို ဆရာ၊ မိဘ၊ ကျောင်းသား၊ ပြည်သူများအားလုံး လေ့လာဆည်းပူးကြဖို့ လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။




## မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ သွားဘက်ဆိုင်ရာဆေးပညာပူးပေါင်းဆောင်ရွက်မှုညီလာခံ ကျင်းပ




**ရန်ကုန် ဩဂုတ် ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပသော (၁၃)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ သွားဘက်ဆိုင်ရာ ဆေးပညာပူးပေါင်းဆောင်ရွက်မှုညီလာခံသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ မဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ သွားဘက်ဆိုင်ရာဆေးပညာ ပူးပေါင်းဆောင်ရွက်မှုညီလာခံကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ယခုနှစ်ညီလာခံ၏ ဆောင်ပုဒ်ဖြစ်သော "ရင်းနှီးချစ်ကြည် မဲခေါင်မှသည် ဧရာဝတီ"နှင့်အညီ မဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများအကြား သွားဘက်ဆိုင်ရာဆေးပညာ ကွန်ရက်တည်ဆောက်၍ အတွေ့အကြုံများ၊ နောက်ဆုံးပေါ် ခေတ်မီနည်းပညာများ မျှဝေကြခြင်းဖြင့် ရင်းနှီးချစ်ကြည်မှု ပိုမိုခိုင်မြဲလာမည်ဖြစ်ကြောင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးမကောင်းပါက သွားနှင့်ခံတွင်းရောဂါသာမကဘဲ အခြားကိုယ်ခန္ဓာ အစိတ်အပိုင်းစနစ်များဖြစ်သည့် နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ကိုယ်ဝန်ဆောင်များတွင် လမစေ့သောကလေး၊ ပေါင်မပြည့်သော ကလေးမွေးဖွားခြင်းများ၊ ဆီးချိုသွေးချိုရောဂါသည်များတွင် ဆီးချိုသွေးချိုပမာဏ ထိန်းချုပ်ရခက်ခဲခြင်း၊ သတိမေ့ရောဂါတို့ ဖြစ်ပွားနိုင်ကြောင်း သုတေသနတွေ့ရှိချက်များအရ သိရှိရကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကုသရေးလုပ်ငန်းများအပြင် သွားဘက်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများကိုပါ အလေးပေးလုပ်ဆောင်ရမည်ဖြစ်ပြီး သို့မှသာ ငယ်စဉ်ကလေးဘဝကနေ ကြိုတင်ကာကွယ်မှ သွားနှင့်ခံတွင်း ရောဂါဖြစ်ပွားမှုကို ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးအပါအဝင် ကျောင်းအခြေပြု ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဆက်လက်ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ စာအုပ်တွင် ပါဝင်သော သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးအသိပညာ အချက်အလက်များကို အသုံးပြု၍ ပြည်သူများအား ကျန်းမာရေးအသိပညာပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုညီလာခံ၌ ခေတ်မီသွားတုစိုက်ပညာ၊ သွားအလှအပရေးရာ ခေတ်မီဆန်းသစ်မှုပညာရပ်များနှင့် သွားနှင့်ခံတွင်းရောဂါကြောင့် နှလုံးအတွင်း မြေးရောင်ခြင်းပြဿနာများ ဖြေရှင်းခြင်း စသည့်ပညာရပ်များကို လက်တွေ့သင်ကြားလေ့ကျင့်ခြင်းများ ပါဝင်မှုသည် ထူးခြားကောင်းမွန်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း သွားနှင့်ခံတွင်း ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွားဘက်ဆိုင်ရာ ဆေးသုတေသနများကိုလည်း တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများအားလုံးကို အထူးအကျိုးရှိစေမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ Mahidol University မှ Dean of Faculty of Dentistry, Professor Waranun Bua jeeb က အမှာစကားပြောကြားပြီး ညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာရွှေတိုးက ညီလာခံဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့် ညီလာခံကျင်းပခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညီလာခံကျင်းပမှု အထိမ်းအမှတ်ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြခန်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တာပွန်မြို့ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ဆန်နှင့် စားစရာများထောက်ပံ့လှူဒါန်း



**နတ်တလင်း ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့ရှိ ဝေပုလ္လဓမ္မာရုံနှင့် တိလောကမာရဇိန်ရွှေသာလျောင်းဘုရားအတွင်း ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီက နတ်တလင်းမြို့ သာသနာ့ပလဆရာတော် ဉူးခေမိန္ဒနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် တာပွန်နယ်မြေစခန်းမှူး ရဲအုပ်အောင်ဇော်မိုးတို့က ရေဘေးသင့်အိမ်ထောင်စု ၁၁၀ တို့အား ဆန် ၁၀ အိတ်၊ ရွှေပွန်မြေ ဖောင်ဒေးရှင်းနာယက ဦးသန်းထွန်းနှင့် ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်တို့က ဆန် ၁၀ အိတ်၊ ရပ်ဝေးရပ်နီး စေတနာရှင် အလှူရှင်များကလည်း မုန့်မျိုးစုံနှင့် သောက်ရေသန့်ဘူးများ၊ ထမင်းထုပ်များ လာရောက်ထောက်ပံ့လှူဒါန်းကြကြောင်း သိရသည်။

**ဝ၇၁**

## အစာအိမ်ရောဂါနှင့် တိုင်းရင်းဆေးပညာအကြောင်း စာတမ်းဖတ်ကြားဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)တို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာ စုပေါင်းဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒေါ်စိုးစိုးစံ (လက်ထောက်တိုင်းရင်းဆေးမှူး)က အစာအိမ်ရောဂါနှင့် တိုင်းရင်းဆေးပညာအကြောင်းကို စာတမ်းဖတ်ကြားဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာ ဆရာမများ တက်ရောက်၍ ဆွေးနွေးနိုင်ကြောင်း သိရသည်။

**ငွေးအောင်**

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၈ ၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅၁


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တော်ဝင်ကေတုမတီ ယဉ်ကျေးမှုပြတိုက်အတွင်းရှိ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

❖ ရှေ့ဖုံးမှ
အုတ်တွင်းမြို့နယ်၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေ ဧရိယာ ၄၈၁ ဒသမ ၉၃ ဧကအား မူလတောင်သူ ၁၂၃ ဦးသို့ ယာယီလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၃)များ ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

သိမ်းဆည်းမြေဆိုင်ရာ အမှုတွဲများ အမြန်ပြီးပြတ်အောင် ဖြေရှင်းနိုင်ရေးအတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားအဖွဲ့အစည်း ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းတာဝန်ပေးအပ်ကာ သိမ်းဆည်းမြေပေါ်တွင် စီမံကိန်းအကောင်အထည်ဖော်၍ အမှန်တကယ် အသုံးချမှု ရှိ၊ မရှိ၊ သိမ်းဆည်းထားသော မြေများကို ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးချမှု ရှိ၊ မရှိနှင့် မြေဧကများစွာ လွှဲပြောင်းရယူထားသော်လည်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးမဲ့ဖြစ်နေသည့် မြေများကိုစိစစ်ပြီး မူလပိုင်ရှင်အစစ်အမှန်များကို မြေယာဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည် စွန့်လွှတ်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

**ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးလျက်ရှိ**

ထို့အတူ ဥပဒေနှင့်အညီ လွှဲပြောင်းရယူထားပြီး လက်တွေ့တွင်လည်း နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ အမှန်တကယ် ထိရောက်စွာ အသုံးပြုလျက်ရှိသည့် မြေများကို ဌာနဆိုင်ရာအဖွဲ့အစည်းများက လုပ်ငန်းဆောင်တာများ ဆက်လက်လုပ်ဆောင်နေသဖြင့် စွန့်လွှတ်နိုင်ခြင်းမရှိပါကလည်း ပွင့်လင်းမြင်သာစွာ အသိပေးရှင်းလင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သိမ်းဆည်းမြေကိစ္စရပ်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများ လျင်မြန်စွာပြီးစီးနိုင်ရေးအတွက် ဒုတိယဝန်ကြီးများပါဝင်သည့် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့လေးဖွဲ့ကို ဖွဲ့စည်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ သွားရောက်စိစစ်စေခဲ့ပါကြောင်း။


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျောက်တိုင်ကျေးရွာရှိ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (လိပ်သို) ကျောက်တိုင်ခြံခွဲတွင် ခင်းကျင်းပြသထားသည့် ကော်ဖီကုန်ချောထုတ်ကုန်များကို လှည့်လည်ကြည့်ရှုစဉ်။

လုပ်ငန်းစိစစ်ရေးအဖွဲ့လေးဖွဲ့၏ တင်ပြချက်များအရ အောက်ခြေတွင် ဖွဲ့စည်းထားသော ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ် မြေစစ်ကော်မတီများကို ပီပီပြင်ပြင် ဖွဲ့စည်းမှုမရှိခြင်း၊ မူဝါဒ(၅၂) ချက်ကို အောက်ခြေတွင် ဖြေရှင်းဆောင်ရွက်နေသူများက ကျေကျေလည်လည် မသိရှိခြင်းတို့ကို တွေ့ရှိရသည့်အတွက် မြေစစ်ကော်မတီအဆင့်ဆင့်ကို ထိထိရောက်ရောက် လုပ်ကိုင်နိုင်ရန် အဆိုပါအဖွဲ့များ ကွင်းဆင်းစိစစ်ချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် အလေးထားဆောင်ရွက်စေလိုပါကြောင်း။

မြေစစ်ကော်မတီ အဆင့်ဆင့်အနေဖြင့် ဗဟိုကချမှတ်ပေးထားသည့် မူဝါဒများအတိုင်း စိစစ်သုံးသပ်ဆုံးဖြတ်ချက် ချမှတ်ပေးသွားရန် လိုအပ်သကဲ့သို့ ဗဟိုကို တင်ပြသည့်အခါတွင်လည်း တစ်ဆင့်ခံတင်ပြသည့် ပုံစံမျိုးမဟုတ်ဘဲ မိမိတိုင်းဒေသကြီး၊ ပြည်နယ်မြေစစ်အဖွဲ့၏ သုံးသပ်ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်စေမည့်အစီအစဉ်ပါ ထည့်သွင်းတင်ပြခြင်းဖြင့် အမှုတွဲများကို မှန်မှန်နှင့်မြန်မြန် ဖြေရှင်းပြီးစီးနိုင်မည်ဖြစ်ပါကြောင်း။

**အလေးထားဆောင်ရွက်**

ပြန်လည်စွန့်လွှတ်မည့် ဝန်ကြီးဌာနများအနေဖြင့်လည်း မြေပြန်လည်စွန့်လွှတ်နိုင်ရေးအတွက် အဖွဲ့နှင့်မြေပြင်ကွင်းဆင်းစစ်ဆေးပြီး စိစစ်ရာတွင် အဆုံးအဖြတ်ပေးနိုင်သည့်ပုဂ္ဂိုလ်များ လိုက်ပါဖြေရှင်းခြင်းအားဖြင့် မြေစွန့်လွှတ်အပ်နှံခြင်းလုပ်ငန်းများ အချိန်တိုအတွင်း အောင်မြင်ပြီးမြောက်အောင် အလေးထားဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုကဲ့သို့ မူလလက်ငုတ် တောင်သူလယ်သမားများ လက်ဝယ်သို့ လက်ရောက်ပေးအပ်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ တောင်သူများအနေဖြင့်လည်း မိမိတို့ရရှိသည့် မြေများကို စိုက်ပျိုးလုပ်ကိုင်ရာတွင် မိမိတို့အကျိုးစီးပွား၊ ဒေသအကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ရည်မှန်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တိုင်းဒေသကြီးအတွင်း စွန့်လွှတ်မြေများအား ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တောင်ငူတပ်နယ်မှ ကိုယ်စားလှယ်များက တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စုရှိ ပြန်လည်စွန့်လွှတ်မြေ ၂၁၀ ဒသမ ၄၅ ဧကအတွက် သက်ဆိုင်ရာ စာရွက်စာတမ်းများ၊ အုတ်တွင်းမြို့နယ် မဲကုန်းကျေးရွာအုပ်စုရှိ ပြန်လည်စွန့်လွှတ်မြေ ၁၀ ဧကအတွက် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် ကျောက်ကြီးမြို့နယ် ကျောက်ပုံလယ်ကျေးရွာအုပ်စုရှိ ပြန်လည်စွန့်လွှတ်မြေ ၂၆၁ ဒသမ ၄၈ ဧကအတွက် သက်ဆိုင်ရာ စာရွက်စာတမ်းများကို တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးထက်ထံသို့ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်တို့က တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု၊ အုတ်တွင်းမြို့နယ် မဲကုန်းရပ်ကွက်နှင့် ကျောက်ကြီးမြို့နယ် ကျောက်ပုံလယ်ကျေးရွာအုပ်စုတို့မှ တောင်သူကိုယ်စားလှယ်များထံ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များကို ပေးအပ်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့မှ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များ လက်ခံရရှိကြသည့် တောင်သူများကိုယ်စား တောင်သူ ဦးလှသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တော်ဝင်ကေတုမတီ ယဉ်ကျေးမှုပြတိုက်သို့ရောက်ရှိရာ ရှေးဟောင်းသုတေသနနှင့် စာကြည့်တိုက်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် တာဝန်ရှိသူများက ကေတုမတီမြို့၏ သမိုင်း၊ ရှေးခေတ်မြို့ဟောင်း၊ ကျုံး၊ မြို့ရိုး၊ မြို့ဝင်ပေါက်များအခြေအနေ၊ ဘဏ္ဍာနှစ်အလိုက် တူးဖော်ထိန်းသိမ်းရန် လျာထားမှုအခြေအနေ၊ ရှေးဟောင်းအမွေအနှစ်များဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် တိုးချဲ့ဆောင်ရွက်မည့်အခြေအနေနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြတိုက်မှူး ဒေါက်တာမာမာဝေက တော်ဝင်ကေတုမတီ ယဉ်ကျေးမှုပြတိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းထားရှိမှု၊ ပြတိုက်အတွင်း ပြခန်းများ ခင်းကျင်းပြသထားမှုအခြေအနေနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း ကေတုမတီမြို့ဟောင်းနှင့်သက်ဆိုင်သည့် ရှေးဟောင်းအမွေအနှစ်များကို စနစ်တကျ ခင်းကျင်းပြသထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

**စာမျက်နှာ ၄ သို့ ❂**


ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တောင်သူကိုယ်စားလှယ်တစ်ဦးထံ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များကို ပေးအပ်စဉ်။

# ပြည်တွင်းရေးရာ

✪ **စာမျက်နှာ ၃ မှ**

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ကျောက်တိုင်ကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(လိပ်သို) ကျောက်တိုင်ခြံခွဲသို့ရောက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက ကော်ဖီနှင့် မှိုပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ ကော်ဖီသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံမှ တောင်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကော်ဖီနည်းပညာပြန့်ပွားရေး သင်တန်းများ ဖွင့်လှစ်ပြီးစီးမှု၊ ၂၀၁၈-၂၀၁၉ စိုက်ပျိုးရာသီအတွက် ပျိုးပင်များ ပျိုးထောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ကော်ဖီခြံအတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများ၊ ကရင်ပြည်နယ်မှ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများမှ ခင်းကျင်းပြသထားသည့် ကုန်ချောထုတ်ကုန်များကို လှည့်လည်ကြည့်ရှုပြီး သိလိုသည်များကို မေးမြန်းကာ ကော်ဖီခြံများအတွင်း သီးပင်စားပင်များကို သီးညှပ်အဖြစ် ထည့်သွင်းစိုက်ပျိုးရန်နှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရာတွင် အကျိုးအမြတ်များများရရှိရန် နည်းပညာကိုအသုံးပြု၍ ကုန်ချောများ ထုတ်လုပ်ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

**ကော်ဖီသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ**

အဆိုပါ ကော်ဖီ-ရာသီသီးနှံဌာနခွဲ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(လိပ်သို) ကျောက်တိုင်ခြံခွဲသည် အဓိကအနေဖြင့် ကော်ဖီသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကရင်ပြည်နယ်အတွင်း ကော်ဖီ ဧက ၅၀၀၀ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များကို စိုက်ပျိုးထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် တောင်ငူမြို့မှ သံတောင်ကြီးမြို့သို့ သွားရောက်ပြီး စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ပြန်လည်စွန့်လွှတ်အပ်နှံမည့်မြေနေရာကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးနှင့် တာဝန်ရှိသူများက စွန့်လွှတ်မြေများ မူလတောင်သူများလက်ဝယ်သို့ အမြန်ဆုံး လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သံတောင်ကြီး တပ်မတော်လက်ဖက်ခြောက်စက်ရုံရှိ လက်ဖက်ခြောက်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစဉ်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် သံတောင်ကြီး တပ်မတော်လက်ဖက်ခြောက်စက်ရုံသို့ရောက်ရှိပြီး လက်ဖက်ခြောက်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုရာ စက်ရုံမှူးက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နော်ဘူဘောဆုတောင်းတောင်သို့ သွားရောက်လေ့လာပြီး သံတောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အစိုးရနည်းပညာအထက်တန်းကျောင်း တည်ဆောက်ဖွင့်လှစ်မည့် မြေနေရာကို ကြည့်ရှုစဉ်။

**ကြိုတင်ပြင်ဆင်ထားရန် လိုအပ်**

တွေ့ဆုံစဉ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်းက မြို့နယ်ဆိုင်ရာအချက်အလက်များကိုလည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးမြင့်က မြို့နယ်အတွက် သောက်သုံးရေ တိုးချဲ့ပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က သံတောင်ကြီးမြို့နယ်အတွင်း သစ်တောကြိုးဝိုင်းများ တည်ထောင်ထားရှိမှုနှင့် သစ်တောဖုံးလွှမ်းမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက သံတောင်ကြီးဒေသသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်အတွက် အလားအလာကောင်းများ ရှိပါကြောင်း၊ ယခုအခါ ဗီဇာဖြေလျှော့မှုများ ဆောင်ရွက်ပေးထားသည့်အတွက် နိုင်ငံခြားခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်မည်ဖြစ်သောကြောင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အစိုးရနည်းပညာအထက်တန်းကျောင်း တည်ဆောက်ဖွင့်လှစ်မည့် မြေနေရာသို့ရောက်ရှိရာ ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေမျိုးထွန်းနှင့် တာဝန်ရှိသူများက မြေနေရာအကျယ်အဝန်း၊ ကျောင်းအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့်အခြေအနေ၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

---

❋ **ကျောဖုံးမှ**

တပ်နီတော်ပေါ်ပေါက်လာမှု သမိုင်းပြခန်း၊ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်တပ်မှ အသုံးပြုခဲ့သောလက်နက်များ၊ မော်စကိုတိုက်ပွဲတွင် နာဇီတပ်ဖွဲ့ထံမှ သိမ်းဆည်းရမိသော လက်နက်များပြခန်း၊ အခြားရုရှားတပ်မတော်သမိုင်းကြောင်းနှင့် ပတ်သက်သောပြခန်းများနှင့် ပြင်ပပြကွက်များအား ပြသထားရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှား-မြန်မာနှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးအတွက် မိမိတို့ထမ်းဆောင်သည့် ကဏ္ဍအလိုက် တာဝန်ကျေပွန်စွာဖြင့် ထမ်းဆောင်ကြရန်လိုအပ်မှု၊ မြန်မာနိုင်ငံတွင် ပြည်သူများမှ ရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြစ်စေရေး လျှောက်လှမ်းနေမှု အခြေအနေများ၊ အစိုးရနှင့် တပ်မတော်မှ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်သံရုံးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

---

❋ **ရန်ကုန်မှ**

ဘူတာအထိ ပြေးဆွဲပေးခြင်းဖြစ်သည်။ ဆီလုံးရထားတွဲဆိုင်း၌ ဆီတိုင်ကီတွဲ ၁၁ တွဲနှင့် ဘရိတ်တွဲ တစ်တွဲတို့ဖြင့် တွဲဆိုင်းဖွဲ့ဆင်ကာ ပြေးဆွဲပေးနေခြင်းဖြစ်ပြီး ရထားတွဲဆိုင်း ခရီးစဉ်ကြာမြင့်မှုအချိန်အရ နာရီ ၂၀ ကြာမြင့်ပြေးဆွဲမည်ဖြစ်ကာ ကွေ့မ-မြို့ဟောင်းဘူတာ၊ မြို့ဟောင်း-ကွေ့မဘူတာကို ဆီလုံးရထားတွဲဆိုင်းမှ အသွား၊ အပြန်ပြေးဆွဲပေးနေမည်ဖြစ်သည်။

မြန်မာ့မီးရထား မန်နေဂျာ(သွားလာရေး/တိုင်း) ဦးဇော်လွင်က "ပြည်တွင်းကုန်ပစ္စည်းသယ်ဆောင်ရာမှာ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်သက်သာစေဖို့အတွက် ရည်ရွယ်ပြီး ဒီဇယ်ဆီတွေကို သယ်ဆောင်တဲ့ ဆီတင်ရထားတွဲဆိုင်းကို အများပြည်သူအတွက် ပြေးဆွဲပေးတာပါ။ ယာဉ်ထက်စာရင် ရထားနဲ့ သယ်ယူပို့ဆောင်တာဟာ ကုန်ကျစရိတ် ပိုမိုသက်သာစေပါတယ်။ တန်ဆာခနှုန်းထားကတော့ တစ်တန် တစ်မိုင်ကို ငွေကျပ် ၃၀ နှုန်းသတ်မှတ်ထားပါတယ်။ ဥပမာ ရထားတွဲတစ်တွဲကို တန် ၃၀ တင်ဆောင်မယ်ဆိုရင် အဲဒီ တန် ၃၀၊ ခရီးစဉ်မိုင်အကွာအဝေးနဲ့ တန်ဆာခ ကျပ် ၃၀ ကို မြှောက်ပြီး တွက်ချက်လိုက်မယ်ဆိုရင် တန်ဆာခ ကျသင့်ငွေဖြစ်လာပါတယ်။ မနေ့က စတင်ပြေးဆွဲတော့ အတွဲလေးတွဲက သာစည်ဘူတာမှာဖြုတ်ပြီး ကျန်အတွဲ ခုနစ်တွဲကတော့ မြို့ဟောင်းဘူတာအထိ သယ်ယူပြေးဆွဲပေးခဲ့ပါတယ်" ဟု ရှင်းပြသည်။

ဆီလုံးရထားတွဲဆိုင်းမှာ ခရီးစဉ်တစ်ခေါက်၌ ဒီဇယ်ဆီဂါလန် ၇၅၀၀၀ ခန့်ထိ တင်ဆောင်နိုင်ပြီး ထိုကဲ့သို့ သယ်ဆောင်နိုင်ရန်အတွက် မလွှကုန်းတွဲပြင်အလုပ်ရုံမှ ဝန်ထမ်းများက လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ ကျွမ်းကျင်ဝန်ထမ်းများနှင့်အတူ ဆီတိုင်ကီတွဲများကို ပူးပေါင်းပြင်ဆင် ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း၊ ဆီလုံးရထားတွဲဆိုင်း ပြေးဆွဲရန်အတွက် ကွေ့မဘူတာ၌ ဆီတိုင်ကီတွဲများကို ဆီဖြည့်တင်းပြီး ရန်ကုန်(ကွေ့မဘူတာ)မှ မန္တလေး(မြို့ဟောင်းဘူတာ)သို့ စတင်ထွက်ခွာပြေးဆွဲပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဒီဇယ်ဆီများတင်ဆောင်သော ဆီလုံးရထားတွဲဆိုင်း ပြေးဆွဲပေးခြင်းနှင့် စပ်လျဉ်း၍ Resource Group Logistics ကုမ္ပဏီလီမိတက်မှ တင်ဒါအောင်မြင်ခဲ့သောကြောင့် ၂၀၁၆ ခုနှစ် မတ်လက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် ပြည်သူများ သက်သာချောင်ချိရေးကို အလေးအနက်ထားပြီး အစဉ်တစိုက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် နောင်တွင် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် ကုမ္ပဏီပိုင်စက်ခေါင်းနှင့် တွဲများကို အသုံးပြု၍ ဆီလုံးရထားတွဲဆိုင်းများ ပြေးဆွဲပေးသွားရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**



# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁၃/၂၀၁၈)အစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁၃/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် ၁၁ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများကို စိစစ်ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့် ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁၃/၂၀၁၈) အစည်းအဝေးမှ အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ခွင့်ပြုမိန့် သုံးခုနှင့် အတည်ပြုမိန့် နှစ်ခု ခွင့်ပြုရန်ဆုံးဖြတ်ခဲ့သည်။

**သတင်းစဉ်**

# မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိ

**ပြည် ဩဂုတ် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ခရိုင် ဝက်ထီးကန်မြို့ရှိ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ရွှေပြည်သာ လူငယ်များပြုစုပျိုးထောင်ရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စခန်းတာဝန်ခံအရာရှိ ယာယီဒုတိယ ရဲမှူးကြီး သန်းအောင်က စခန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က တရားဥပဒေစိုးမိုးရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နေပါကြောင်း၊ ယခု မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးသည်လည်းအရေးကြီးပါကြောင်း၊ သင်တန်းသားများအတွက် စိုက်ပျိုးမွေးမြူရေးအပြင် အခြားအသက်မွေးဝမ်းကျောင်းပညာများကိုလည်း တိုးချဲ့သင်ကြားပေးရန်နှင့် အလုပ်အကိုင်များ ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း၊ ပုံမှန်အပတ်စဉ်သင်တန်းများကိုလည်း ဖွင့်လှစ်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရွှေပြည်သာလူငယ်များ ပြုစုပျိုးထောင်ရေးစခန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် တာဝန်ရှိသူများက စခန်းရှိအဆောက်အအုံများ ပြုပြင်ရန်လိုအပ်မှု၊ ဝန်ထမ်းအင်အား လိုအပ်မှုများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနမှ ပံ့ပိုးပေးနိုင်မည့် အခြေအနေများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့်ကိစ္စများကို ပြန်လည်ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စခန်းအတွင်းရှိ မိဘအပ်နှံသင်တန်းသား ၃၀ အားတွေ့ဆုံ၍ သင်တန်းသားတစ်ဦးချင်း၏ လိုအပ်ချက်များကို မေးမြန်းရာ သင်တန်းသားများက သင်ကြားပေးစေလိုသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ ကြုံတွေ့ရသည့် အခက်အခဲများနှင့်ပတ်သက်၍ တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ပြန်လည်အကြံပြုဆွေးနွေးကာ လိုအပ်ချက်များနှင့်ပတ်သက်၍ ညှိနှိုင်းဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# မိတ္ထီလာ နည်းပညာတက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ ပရောဂျက်ပြပွဲ ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၅**

မိတ္ထီလာနည်းပညာတက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ ပရောဂျက်ပြပွဲကို ယနေ့ နံနက် ၉ နာရီက တက္ကသိုလ်ပင်မဆောင်၌ ကျင်းပကြောင်း သိရသည်။




“ကျောင်းမှာသင်ရတဲ့ ဘာသာရပ်ပေါင်းစုံက ကျောင်းသား ကျောင်းသူတွေကို သူတို့တီထွင်ဖန်တီးတဲ့ ပရောဂျက်တွေနဲ့ နည်းပညာထုတ်လုပ်မှုပစ္စည်းတွေ ပြသခွင့်ရဖို့ အခုလို ပရောဂျက်ပြပွဲကို ကျင်းပပေးတာဖြစ်ပါတယ်။ ဘာသာရပ် ခြောက်ခုကနေ ပြခန်းခြောက်ခန်းပါဝင်ပြသပြီး အဲဒီပြခန်းခြောက်ခုမှာ ပရောဂျက် ၅၀ ခန့် ပါဝင်ပြသထားပါတယ်။ နောင်လည်း အခုလိုပရောဂျက်ပြပွဲတွေ ဒီထက်ပိုမိုပြည့်စုံကောင်းမွန်အောင် ပြုလုပ်ပြသသွားမှာပါ။ နောင်ပရောဂျက်ပြပွဲတွေမှာ မိမိအနီးပတ်ဝန်းကျင်အတွက် လက်တွေ့အသုံးချနိုင်တဲ့ ပရောဂျက်တွေ၊ နည်းပညာ အသုံးပြုထုတ်လုပ်တဲ့ အသုံးချ ထုတ်လုပ်ပစ္စည်းတွေကို ဖန်တီးပြသကြဖို့ ကျောင်းသားကျောင်းသူတွေကို တိုက်တွန်းသွားမှာဖြစ်ပါတယ်။ အခုလို ပရောဂျက်ပြပွဲတွေ ပြုလုပ်ပြသခွင့်ရအောင်ဖန်တီးပေးမှသာ ကျောင်းသား ကျောင်းသူတွေအနေနဲ့ စာတွေ့သင်ကြားပြီး သိရုံသာမက လက်တွေ့ဖန်တီးဆောင်ရွက်တဲ့နေရာမှာ တီထွင်ဖန်တီးနိုင်စွမ်းတွေ၊ စဉ်းစားတွေးခေါ်နိုင်စွမ်းတွေ၊ ကိုယ့်ပညာရပ်အပေါ်ကိုယ်ယုံကြည်ပြီး ကြိုးစားဖန်တီးလိုစိတ်တွေရှိလာမှာ ဖြစ်ပါတယ်”ဟု မိတ္ထီလာနည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်မျိုးသူက ပြောသည်။

အဆိုပါ မိတ္ထီလာနည်းပညာတက္ကသိုလ် ပရောဂျက်ပြပွဲတွင် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသားကျောင်းသူများက ပြခန်းပြကွက်အလိုက် မြစ်ချောင်းများမှ ရေအားလျှပ်စစ်ထုတ်ယူမှု ပုံစံငယ်၊ စပါးအခြောက်ခံစက်၊ ဖုန်းအားသွင်းဆိုလာပြား၊ လူနေမှုအဆောက်အအုံပုံစံငယ်များ၊ ဆိုလာစွမ်းအင်သုံးမော်တော်ယာဉ်ငယ်များ၊ ခလုတ်ထိန်းချုပ်မောင်းနှင်စနစ် ကစားစရာမော်တော်ယာဉ်ငယ်များ၊ လေရဟတ်ပန်ကာဖြင့် လျှပ်စစ်စွမ်းအင်ထုတ်ယူမှုပုံစံငယ်များ၊ လျှပ်စစ်စွမ်းအင်အသုံးချမှုနည်းစနစ်ပုံစံများ စသည့် ပရောဂျက် ၅၀ ခန့်ကို ပြခန်းခြောက်ခန်းဖြင့် ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ စိတ်ဝင်စားသူများလာရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် (၁၅)ကြိမ်မြောက် အစည်းအဝေးမှ အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**ပုသိမ် ဩဂုတ် ၂၅**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားရေးဦးစီးမှူးများ၏ (၁၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ဩဂုတ်၂၅ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ မှာကြားချက်များကို လည်းကောင်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးထိန်မင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များကို လည်းကောင်း ထပ်ဆင့်ရှင်းလင်းကြပြီး တရားလွှတ်တော်တရားသူကြီးများဖြစ်ကြသည့် ဦးကျော်မင်း၊ ဦးမျိုးညွန့်၊ ဦးဝင်းမြင့်နှင့် ဒေါ်ယဉ်ယဉ်ဟန်တို့က တရားစီရင်ရေးရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေးနှင့် ရုံးလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ တက်ရောက်

**ကွာလာလမ်ပူ ဩဂုတ် ၂၅**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် အာဆီယံဘောလုံးအဖွဲ့ချုပ်၏ (၁၈)ကြိမ်မြောက် ကောင်စီအစည်းအဝေး (၂၀၁၅/၂၀၁၉)သို့ အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အတူ အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ တက်ရောက်ခဲ့သည်။**(ယာပုံ)**



အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံဒေသတွင်း ဘောလုံးဖွံ့ဖြိုးရေးအတွက် အတူတကွဆွေးနွေးခဲ့ကြပြီး ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြိုင်ပွဲကျင်းပရေးလုပ်ငန်းစဉ်များ ယခုထက်ပိုမိုတိုးတက်ရန် စီမံခန့်ခွဲနိုင်ရေး၊ ပရိသတ်အားပေးမှု စည်းကမ်းတကျရှိရေး၊ ပြိုင်ပွဲတစ်ပွဲကျင်းပရန် အဓိကကျသည့် ကော်မတီအရပ်ရပ်များ စနစ်တကျဖွဲ့စည်းရေး၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီနှင့် အယူခံကော်မတီများ အဆင့်မြင့်မားစွာ ဖွဲ့စည်းလှုပ်ရှားရေး ဦးဆောင်ဆွေးနွေးခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-MFF**

# ငြိမ်းချမ်းရေးတွင် ဆရာတစ်ဆူ ကောင်းမွန်မှုများ လမ်းညွှန်နိုင်သူ မစ္စတာ ကိုဖီအာနန်

မောင်သာယာ

**“အရေးကြီးတဲ့ ပြဿနာတွေအပေါ်မှာ ခေါင်းဆောင်တွေက ဦးဆောင်ဦးရွက်ပြုရမယ်လို့ ကျွန်တော် အမြဲတမ်းယုံကြည်ထားတယ်။ ခေါင်းဆောင်တွေက ဦးဆောင်ဦးရွက်လုပ်ဖို့ ပျက်ကွက်နေမယ်ဆိုရင် ပြည်သူတွေက ဒါကိုစိုးရိမ်ပြီး သူတို့ကိုယ်တိုင် ဦးစီးဦးဆောင်ပြုလုပ်သွားကြမှာဖြစ်သလို ခေါင်းဆောင်သူတွေလည်း နောက်လိုက်တွေဖြစ်သွားပါလိမ့်မယ်”**

အထက်ပါ မှတ်သားဖွယ်ရာစကားကို ပြောကြားခဲ့သူမှာ ဩဂုတ်လ ၁၈ ရက်တွင် ကွယ်လွန်သွားပြီဖြစ်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဖြစ်သည်။

ကိုဖီအာနန်ကို ၁၉၃၈ ခုနှစ် ဧပြီလ ၈ ရက်တွင် ဂါနာနိုင်ငံတွင် မွေးဖွားခဲ့ပြီး ၁၉၉၇ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလအထိ ခုနစ်ဦးမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ကိုဖီအာနန်သည် ကုလသမဂ္ဂအဖွဲ့နှင့်အတူ ၂၀၀၁ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ပူးတွဲလက်ခံရရှိခဲ့သူဖြစ်သည်။ ကိုဖီအာနန်သည် ကိုဖီအာနန် ဖောင်ဒေးရှင်းတည်ထောင်သူ ဥက္ကဋ္ဌဖြစ်သကဲ့သို့ နယ်ဆင်မန်ဒဲလား တည်ထောင်ဖွဲ့စည်းသော The Elders အဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

ကိုဖီအာနန်သည် ၂၀ ရာစုမှ ၂၁ ရာစုသို့ အကူးအပြောင်းကာလ ၁၉၉၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ကုလသမဂ္ဂအကြီးအကဲအဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ယူနေသည့် ၁၀ နှစ်တာကာလအတွင်း ကိုဖီအာနန်ကို ထူးခြားသော၊ အေးဆေးတည်ငြိမ်သော ပုံရိပ်တစ်ခုအဖြစ် လူအများက တင်စားပြောဆိုခဲ့ကြသည်။ ကိုဖီအာနန်သည် ကိုယ်ကျင့်သိက္ခာပြည့်ဝသည်၊ ဖော်ရွေသည်၊ ဘဝကို ရောင့်ရဲတင်းတိမ်သည်၊ သူသည် ကျွန်ုပ်တို့ကမ္ဘာကြီး ပျက်စီးမသွားစေရန်၊ ဆင်းရဲချမ်းသာ မညီမှုများ ကြီးထွားမလာစေရန် ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သူဖြစ်သည်။ လူမျိုးစုပဋိပက္ခများကြားတွင် ရိုးသားစွာ အကျိုးဆောင်ပေးသူတစ်ဦးဖြစ်သလို အေးဆေးတည်ငြိမ်ပြီး သံခင်းတမန်ခင်း စွမ်းရည်ပြည့်ဝသူတစ်ဦးလည်း ဖြစ်သည်ဟုလည်း ချီးကျူးပြောဆိုကြသည်။

ကိုဖီအာနန်၏ အသက်(၈၀)ပြည့် မွေးနေ့အချိန်အခါလည်းဖြစ်၊ သူ့အတွက် အများပြည်သူရှေ့ နောက်ဆုံးပေါ်ထွက်လာခဲ့ခြင်းလည်းဖြစ်သော ဧပြီလတွင် ဘီဘီစီ သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ “ခေါင်းအေးအေးထား တည်တည်ငြိမ်ငြိမ်ဆုံးဖြတ်၊ ကမ္ဘာကြီး ကွဲပြားခြားနားလာနေမှုကို တာဝန်ယူမယ့် ခေါင်းဆောင်တွေ ပိုမိုလိုအပ်နေတယ်”ဟု ထောက်ပြပြောဆိုခဲ့သည်။

သန်းပေါင်းများစွာသော လူသားများ အပြန်အလှန် ပတ်သက်ဆက်နွယ် နေထိုင်ကြရာ ကမ္ဘာကြီးတွင် စီးပွားရေးဆိုင်ရာ တရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးများလိုအပ်သည်ဟု ကိုဖီအာနန်က ယူဆသည်။ တည်ငြိမ်အေးချမ်းမှုမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်၊ ဖွံ့ဖြိုးတိုးတက်မှုမရှိလျှင်လည်း တည်ငြိမ်အေးချမ်းမှု မရရှိနိုင် သို့သော် လူ့အခွင့်အရေးများမရှိလျှင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု နှစ်ခုစလုံးကို မရရှိနိုင်ဟု သူကဆိုသည်။ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ စစ်ပွဲများအဆုံးသတ်ရေး၊ လူ့ဂုဏ်သိက္ခာ အကာအကွယ်ပေးရေး စသည်တို့အတွက် ကမ္ဘာ့နိုင်ငံများ အတူတကွ ပူးပေါင်း လုပ်ဆောင်မှရမည်ကို ကိုဖီအာနန် သိမြင်ခဲ့သည်။

အဆိုပါ ရည်မှန်းချက်များ ပြည့်မြောက်ရန် ကုလသမဂ္ဂကသာ လုပ်ဆောင်နိုင်မည်ဟုလည်း ယုံကြည်ခဲ့ပြီး ကုလသမဂ္ဂအတွက် သူ့ဘဝတစ်သက်တာလုံး ကြိုးပမ်းပေးခဲ့သည်။ ကုလသမဂ္ဂသည် သူ့ကြောင့်သာ ပိုမိုအရေးပါ အရာရောက်လာခဲ့ရသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အနေဖြင့် အာနန်သည် နိုင်ငံတကာကိစ္စများတွင် တရားဝင်ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်စေပြီး ကုလသမဂ္ဂ၏ လုပ်ပိုင်ခွင့်အာဏာကို ခိုင်မာစေဖို့ ကြိုးပမ်းပေးခဲ့သည်။

## ဖြတ်သန်းခဲ့ရသည့် ဘဝ

ကိုဖီအာနန်သည် ၁၉၆၂ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် ဘတ်ဂျက်အရာရှိတစ်ဦးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဂါနာနိုင်ငံရှိ ခရီးသွားကုမ္ပဏီတစ်ခုတွင် မန်နေဂျာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ကိုဖီအာနန်သည် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အကြီးအကဲဖြစ်လာသည်။ ၁၉၈၃ ခုနှစ်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးတွင် စီမံခန့်ခွဲမှုဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်လာခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ကုလသမဂ္ဂလုံခြုံရေးနှင့် လူသားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် ဖြစ်လာသည်။ ၁၉၉၀ ပြည့်နှစ်တွင် စီမံကိန်းရေးဆွဲရေး၊ ဘတ်ဂျက်၊ ဘဏ္ဍာရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ်ဖြစ်လာသည်။ ၁၉၉၂ ခုနှစ်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်သည့် ဘူထရို့စ် ဘူထရို့စ် ဂါလီက ငြိမ်းချမ်းမှုထိန်းသိမ်းရေးဌာနသစ် တည်ထောင်ဖွဲ့စည်းလိုက်ပြီး ယင်းဌာနတွင် ကိုဖီအာနန်ကို ဒုတိယအတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ယူဂိုဆလားဗီးယားဆိုင်ရာ အထူးကိုယ်စားလှယ်တော်အဖြစ် ခန့်အပ်ခံခဲ့ရသည်။

## အခြားသော သံတမန်ရေးဆောင်ရွက်ချက်များ

ကိုဖီအာနန်သည် ၁၉၉၈ ခုနှစ်တွင် နိုင်ဂျီးရီးယားတွင် စစ်အုပ်ချုပ်ရေးမှ အရပ်ဘက်အုပ်ချုပ်ရေးသို့ ပြောင်းလဲရန် ထဲထဲဝင်ဝင် ပါဝင်ထောက်ခံခဲ့သည်။ နောက်ပိုင်းနှစ်များတွင် အရှေ့တီမောကို အင်ဒိုနီးရှားမှ ခွဲထွက်ရန် အားပေးထောက်ခံခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် လက်ဘနွန်မှ အစ္စရေးတို့ ဆုတ်ခွာသွားမှုအတွက် ကိုဖီအာနန်သည် အသိအမှတ်ပြုခံခဲ့ရသည်။ ထို့ပြင် ဘက်ကာဆီကျွန်းဆွယ် အရေးကိစ္စကိုအကြောင်းပြု၍ အငြင်းပွားမှုဖြစ်ပွားနေသည့် ကင်မရွန်းနိုင်ငံသမ္မတနှင့် နိုင်ဂျီးရီးယားနိုင်ငံသမ္မတ တို့နှင့်အတူ ပြေလည်မှုရရှိရေးအတွက် နယူးယောက်မြို့တွင် ဦးဆောင်ဆွေးနွေးခဲ့သည်။

အာနန်နှင့် အီရန်သမ္မတ မာမွတ်အမာ ဒီနီဂျက်တို့သည် အီရန်နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ သဘောထားကွဲလွဲခဲ့ကြသည်။ အီရန်နျူကလီးယား အစီအစဉ်နှင့်ပတ်သက်ပြီး “နျူကလီးယားလက်နက်တွေနဲ့ ပတ်သက်ပြီး ဒုတိယကမ္ဘာစစ်ကြီးမှာ ဘာတွေဖြစ်ခဲ့သလဲ ဆိုတာကို ကျွန်တော်တို့ လေ့လာသင်ယူသင့်ပါတယ်။ ဒီလိုအဖြစ်ဆိုးမျိုး နောက်ထပ်မဖြစ်စေချင်ပါဘူး”ဟု ပြောကြားခဲ့သည်။

ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့များ ဆူဒန်နိုင်ငံ ဒါဖာဒေသသို့စေလွှတ်မှုကို အာနန်က ထောက်ခံအားပေးသည်။ ဆူဒန်အစိုးရအာဏာကို ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဖရိကသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များ လွှဲပြောင်းအပ်နှင်းရန်အတွက် ဆူဒန်အစိုးရနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ အာနန်သည် အာရပ်နှင့် မွတ်စလင်နိုင်ငံများရှိ အမျိုးသမီးများအခွင့်အရေးနှင့် အခြားသောအရေးကိစ္စများကိုလည်း ဆောင်ရွက်ခဲ့သည်။

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် သို့မဟုတ် အာနန်ကော်မရှင်

ကိုဖီအာနန်ကို မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော ပဋိပက္ခများကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဦးဆောင်ရန် ချဉ်းကပ်ခဲ့ပြီး အကြံပေးကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ကိုဖီအာနန်ဦးဆောင်သော ကော်မရှင်သည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် အပြီးသတ်အစီရင်ခံစာကို ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။

ကိုဖီအာနန်ဦးဆောင်သော ရခိုင်ပြည်နယ်အကြံပေးကော်မရှင်နှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကိုဖီအာနန်၏ အရည်အချင်းနှင့် အောင်မြင်မှုများ မရေမတွက်နိုင်အောင် များပြားလှပါကြောင်း၊ ရခိုင်ပြည်နယ်တွင် အမြစ်တွယ်နေသော ပြဿနာများကို ဖြေရှင်းရန် မိမိတို့အား အကြံဉာဏ်ပေးမည့်တာဝန်ကို လက်ခံရယူရန် စိတ်သဘောထားကောင်းမွန်ပြီး အကောင်းမြင်စိတ်ရှိသည့် ဒေါက်တာကိုဖီအာနန်က သဘောတူညီခဲ့ပါကြောင်း၊ ဒေါက်တာကိုဖီအာနန်အနေဖြင့် မိမိတို့အားကူညီရန် ၎င်း၏ ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်ခဲ့ပါကြောင်း၊ ကိုဖီအာနန်၏ လုပ်ဆောင်ချက်နှင့် ကော်မရှင်၏အကြံပြုချက်များမှ တွေ့ရသော ၎င်း၏ ကရုဏာ၊ ရိုးသားဖြောင့်မတ်မှုနှင့် ရဲစွမ်းသတ္တိတို့သည် ၎င်း၏ ပညာပြည့်ဝမှု၊ အတွေ့အကြုံကြွယ်ဝမှုတို့ကို ထင်ဟပ်ခဲ့ပါကြောင်း၊ သူ၏ ချဉ်းကပ်မှုနည်းလမ်းမှာ အပြုသဘောဆောင်ပြီး ကရုဏာတရားရှိပါကြောင်း၊ အလုပ်တာဝန် များပြားသည့်ကြားမှပင် အချိန်ယူကာ မိမိအား တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းပြီး ကူညီအားပေးခဲ့ပါကြောင်း ပြောကြားသည်။

ဒေါက်တာကိုဖီအာနန် ကော်မရှင်၏ အကြံပြုချက် ၈၈ ချက်မှ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး ဖော်ဆောင်ရန် ရည်ရွယ်သည့် အကြံပြုချက် ၈၁ ချက်ကိုလည်း မိမိတို့အနေဖြင့် အကောင်အထည်ဖော်ပြီးဖြစ်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ပြောကြားသည်။

## ပုဂ္ဂိုလ်ရေးဘဝနှင့် ကွယ်လွန်ချိန်

ကိုဖီအာနန်သည် ၁၉၆၅ ခုနှစ်တွင် တော်ဝင်မင်းမျိုးအနွယ်ဝင် မိသားစုမှ ဆင်းသက်လာသည့် နိုင်ဂျီးရီးယားအမျိုးသမီး တီတီအလာကီဂျနှင့် လက်ထပ်ခဲ့ပြီး သမီးအမာနှင့် သား ကိုဂျိုတို့ ထွန်းကားခဲ့သည်။ ကိုဖီအာနန်တို့ ဇနီးမောင်နှံသည် ၁၉၇၀ ပြည့်နှစ် နှောင်းပိုင်းနှစ်များတွင် ကွဲကွာနေခဲ့ကြပြီး ၁၉၈၃ ခုနှစ်တွင် ကွာရှင်းခဲ့ကြသည်။ ၁၉၈၄ ခုနှစ်တွင် ကိုဖီအာနန်သည် ကုလသမဂ္ဂတွင် ဆွီဒင်ရှေ့နေတစ်ဦးဖြစ်သည့် နာနီအာနန်နှင့် ထပ်မံလက်ထပ်ခဲ့သည်။

ကိုဖီအာနန်သည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၈ ရက်နံနက်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဘမ်းမြို့၌ ရုတ်တရက်ဖျားနာပြီး ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ လက်ရှိကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်သည့် အန်သော်နျူးဂူးတဲရက်ရှ်က “ကိုဖီအာနန်ဟာ ငြိမ်းချမ်းရေးအတွက်တော့ တကယ့်ဆရာတစ်ဆူဖြစ်သလို ကောင်းမွန်တာတွေကိုလည်း လမ်းညွှန်နိုင်သူဖြစ်ပါတယ်”ဟု မှတ်ချက်ပြုပြောကြားသည်။ ။



**“သန်းပေါင်းများစွာသော လူသားများ အပြန်အလှန် ပတ်သက်ဆက်နွယ် နေထိုင်ကြရာ ကမ္ဘာကြီးတွင် စီးပွားရေးဆိုင်ရာ တရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးများ လိုအပ်သည်ဟု ကိုဖီအာနန်က ယူဆသည်။ တည်ငြိမ်အေးချမ်းမှုမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်၊ ဖွံ့ဖြိုးတိုးတက်မှုမရှိလျှင်လည်း တည်ငြိမ်အေးချမ်းမှု မရရှိနိုင်၊ သို့သော် လူ့အခွင့်အရေးများမရှိလျှင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု နှစ်ခုစလုံးကို မရရှိနိုင်ဟု သူကဆို...”**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီးနှင့် အဖွဲ့ဝင်များ နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး အရိုးကုသဆောင်ရှိ လူနာများအား နေ့လယ်စာ ကျွေးမွေးလှူဒါန်း



**နေပြည်တော် ဩဂုတ် ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီးနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ဇနီးတို့အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး အရိုးကုသဆောင် (၁)နှင့် (၂)တို့၌ နေ့လယ်စာ အာဟာရဒါန ကျွေးမွေးလှူဒါန်းကြသည်။ **(ယာပုံ)**

အရိုးကုသဆောင်တွင် ဆေးကုသမှုခံယူနေသော လူနာများနှင့် လူနာစောင့်များအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ ဇနီး ဒေါက်တာစိန်စိန်သိန်း၊ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၏ဇနီး ဒေါ်သိန်းယဉ်ချေနှင့် အဖွဲ့ဝင်များက နေ့လယ်စာ အာဟာရဒါန ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# သွားနဲ့ခံတွင်းကျန်းမာရေးဟာ ခန္ဓာကိုယ်ရဲ့ကျန်းမာရေးနဲ့ ဆက်စပ်နေတယ်ဆိုတာ ပြည်သူလူထု သိစေချင်ပါတယ်

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာရွှေတိုး**

**(၁၃)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ သွားဘက်ဆိုင်ရာ ဆေးပညာပူးပေါင်းဆောင်ရွက်မှုညီလာခံ (13th International Dental Collaboration Mekong River Region Congress-IDCMR) ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပသည်။**

ညီလာခံကို မဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ တစ်နှစ်လျှင်တစ်ကြိမ် အိမ်ရှင်အဖြစ် အလှည့်ကျတာဝန်ယူ ကျင်းပခြင်းဖြစ်ပြီး ယခု(၁၃)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ သွားဘက်ဆိုင်ရာ ဆေးပညာပူးပေါင်းဆောင်ရွက်မှု ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။ ညီလာခံသို့ မြန်မာ၊ထိုင်း၊လာအို၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံတို့မှ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များတက်ရောက်ကြပြီး နှစ်ရက်တာ ကျင်းပခဲ့သည်။

(၁၃)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ သွားဘက်ဆိုင်ရာ ဆေးပညာပူးပေါင်းဆောင်ရွက်မှု ညီလာခံ Local Organization Committee ဥက္ကဋ္ဌ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာရွှေတိုးကို ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပဖြစ်ပုံနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံတွေက မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဗီယက်နမ် အဓိကခြောက်နိုင်ငံရှိပါတယ်။ နှစ်စဉ်မှာ နိုင်ငံတစ်ခုစီက အိမ်ရှင်အဖြစ်တာဝန်ယူရတာပါ။ အခု(၁၃)ကြိမ်မြောက်မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူရတဲ့ အခွင့်အရေး ကို ရရှိတာဖြစ်ပါတယ်။

**မေး။ ။ သွားဘက်ဆိုင်ရာ ဆေးပညာပူးပေါင်းဆောင်ရွက်မှုညီလာခံက ဘယ်လို အကြောင်းအရာတွေကို အဓိကထားပြီး ဆွေးနွေးသွားမယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ညီလာခံကို ပြည်တွင်းကိုယ်စားလှယ် ၂၁၆ ဦးတက်ပါတယ်။ ပြည်ပက ၁၂၀ လောက်တက်ပါတယ်။ ညီလာခံနှစ်ရက်တာကာလအတွင်းမှာ Keynote Speakers အဓိကပြောမယ့်သူသုံးဦးရှိပါတယ်။ တစ်ဦးက ယူအေအီး၊ နောက်တစ်ဦးက ဩစတြေးလျကပါ။ နောက်တစ်ဦးကတော့ အာဆီယံနိုင်ငံအတွင်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အချင်းချင်း အသိအမှတ်ပြုရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ ချူလာလောင်ကွန်းတက္ကသိုလ်က ဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေမှာရှိတဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များအချင်းချင်း အသိအမှတ်ပြုနိုင်ရေး မူဘောင်တွေ၊ ပါးစပ်အတွင်းရှိ ပိုးမွှားတွေရဲ့ အရေးပါပုံ၊ လေဆာရောင်ခြည်ဖြင့် သွားကုသမှုတွေကို ဆွေးနွေးပို့ချသွားမှာဖြစ်ပါတယ်။



**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာရွှေတိုး**

**မေး။ ။ ဒီညီလာခံက ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိမယ်ဆိုတာလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ မူလခြောက်နိုင်ငံမှာ အခုတော့ အင်ဒိုနီးရှား၊ မလေးရှား နောက်ပြီး အိန္ဒိယတို့ ပါလာတယ်။ အဓိကတော့ ဒီလိုညီလာခံကို အိမ်ရှင်အဖြစ် ကျင်းပနိုင်တာ မြန်မာနိုင်ငံရဲ့ပုံရိပ်ကို မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံတွေမှာ ပိုပြီးကောင်းမွန်စေပါတယ်။ နောက်တစ်ချက်က မဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံတွေအကြားမှာ သွားဘက်ဆိုင်ရာ ဆေးပညာပူးပေါင်းဆောင်ရွက်မှု ပိုပြီးအရှိန်အဟုန်မြှင့်ဆောင်ရွက်လာနိုင်မှာဖြစ်သလို ဒီနှစ်ညီလာခံရဲ့ ရည်ရွယ်ချက်ကိုက Bringing Friendship from Mekong to Ayeyawaddy ဆိုတဲ့အတိုင်း မဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံတွေအတွင်းမှာ အချင်းချင်းရင်းနှီးချစ်ကြည်မှုတွေ ပိုပြီးရရှိလာမှာဖြစ်ပါတယ်။

**မေး။ ။ ဒီညီလာခံနဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ အဓိကတော့ IDCMR ရဲ့ အဖွဲ့ဝင်နိုင်ငံတွေ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေအကြားမှာ မြန်မာနိုင်ငံရဲ့ပုံရိပ်က ပိုပြီးကောင်းမွန်တဲ့အတွက်ကြောင့် ဂုဏ်ယူပါတယ်။ နောက်ပြီး ပြည်တွင်း၊ ပြည်ပ ကိုယ်စားလှယ်တွေ ၃၅၀ နီးပါး လောက်တက်ရောက်တဲ့အတွက် သွားဘက်ဆိုင်ရာ ဆေးပညာရပ်နဲ့ပတ်သက်ပြီး ပို့ချချက်တွေက အများကြီးအကျိုးရှိပါတယ်။

**မေး။ ။ သွားကျန်းမာရေးနဲ့ပတ်သက်ပြီး ပြည်သူတွေကို ဘာများစကားလက်ဆောင် ပါးချင်ပါသလဲ။**

ဖြေ။ ။ လူတွေ အများစုက သွားနှင့်ခံတွင်း ကျန်းမာရေးကို ဂရုမစိုက်ကြဘူး။ နေ့စဉ်နေ့တိုင်း သွားနှင့်ခံတွင်းကို အသုံးပြုနေတယ်။ သွားနှင့်ခံတွင်းမကောင်းရင် ခန္ဓာကိုယ်ရဲ့ကျန်းမာရေးလည်း ထိခိုက်တယ်ဆိုတာ ပြည်သူလူထုသိဖို့ လိုပါတယ်။ ခံတွင်းသန့်ရှင်းမှုမကောင်းဘူး၊ ပါးစပ်ထဲမှာ ကျောက်တွေရှိမယ်၊ ခံတွင်းသန့်ရှင်းရေးကို ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းမယ်ဆိုရင် ကိုယ်ဝန်ဆောင်မိခင်တွေမှာဆိုရင် ပေါင်မပြည့်တဲ့ကလေးတွေမွေးတတ်ပါတယ်။ အဲဒီလိုပဲ သွားနှင့်ခံတွင်း သန့်ရှင်းမှုမရှိလို့ ပါးစပ်ထဲမှာ ကျောက်တွေရှိမယ်ဆိုရင် နှလုံးသွေးကြောကျဉ်းရောဂါတွေလည်း ဖြစ်ပွားတတ်ပါတယ်။ ဒါကြောင့် သွားနှင့်ခံတွင်းကျန်းမာရေးဟာ ခန္ဓာကိုယ်ရဲ့ ကျန်းမာရေးနဲ့ ဆက်စပ်နေတယ်ဆိုတာ ပြည်သူလူထုသိစေချင်ပါတယ်။ မကူးစက်တတ်တဲ့ ရောဂါတွေထဲက တချို့ဟာ ကွမ်းယာစားတာနဲ့ဆက်စပ်မှုရှိတယ်။ ဆိုကြပါစို့ အိမ်ရှင်မ တစ်ယောက်က ကွမ်းစားတဲ့အတွက် သူက လျှာတွေထူနေမယ်။ ဟင်းတွေကို ပေါ့တယ်၊ ငန်တယ်။ သူက မဆုံးဖြတ်တတ်ဘူး။ ဟင်းတွေက ငန်နေမယ်ဆိုရင် တစ်အိမ်လုံးက သွေးတိုးနိုင်ပါတယ်။ ကျွန်တော် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)မှာ ပါမောက္ခချုပ် တာဝန်ထမ်းဆောင်ခဲ့တုန်းက အထက်မြန်မာပြည်က ရွာတွေကို သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှုသွားရောက်ပေးတဲ့အခါမှာ တချို့ရွာတွေမှာ တစ်ရွာလုံးနီးနီးသွေးတိုးတာကို တွေ့ရတယ်။ ကလေးတွေကအစ သွေးတိုးတယ်။ ဘာဖြစ်လို့လဲဆိုတော့ တော်တော်များများက ကွမ်းစားတဲ့အတွက် ဟင်းတွေအကုန်လုံးက ငန်တယ်။ ဒါကြောင့် မကူးစက်တတ်တဲ့ရောဂါတချို့(ဥပမာ-သွေးတိုးရောဂါ)နဲ့ ကွမ်းစားတဲ့ အလေ့အထက ဆက်စပ်မှုရှိနိုင်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ ပြည်သူလူထုကို အသိပေးပြောကြားချင်ပါတယ်။ ဝေးလံခေါင်ဖျားဒေသက လူတွေအနေနဲ့ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို အလှမ်းဝေးတာတွေရှိပါတယ်။ အဲဒီဒေသတွေကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်အရ ကွင်းဆင်းပြီး ကုသမှုတွေ ယခုထက်ပိုပြီးပေးနိုင်ရင် ပိုကောင်းပါတယ်။ ပြည်သူလူထုအနေနဲ့လည်း သွားနှင့်ခံတွင်းကျန်းမာရေးသည် ခန္ဓာကိုယ်တစ်ခုလုံးရဲ့ ကျန်းမာရေးအတွက် အရေးကြီးတာကိုသိမယ်ဆိုရင် မလိုလားအပ်တဲ့ ရောဂါတွေကို ကာကွယ်နိုင်ပါတယ်လို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း-နန္ဒာဝင်း**
**ဓာတ်ပုံ-ရဲထွန်း**



**မြန်မာ့အလင်းသတင်းစာတိုက်အသင်းနှင့် နေပြည်တော်သတင်းစာတိုက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။**

# သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မိုးရာသီပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မိုးရာသီပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော် သတင်းစာတိုက်ဝင်းအတွင်း၌ ကျင်းပရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲနိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲ၌ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာ့အလင်း သတင်းစာတိုက်အသင်းနှင့် နေပြည်တော်သတင်းစာတိုက် အသင်း၊ တတိယလုပွဲစဉ်တွင် ကြေးမုံသတင်းစာတိုက်အသင်းနှင့် ရုံးချုပ်(စီမံ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပထမဆုကို မြန်မာ့အလင်းသတင်းစာတိုက် အသင်းကလည်းကောင်း၊ ဒုတိယဆုကို နေပြည်တော်သတင်းစာတိုက်အသင်းကလည်းကောင်း၊ တတိယဆုကို ရုံးချုပ်(စီမံ)အသင်းကလည်းကောင်း ရရှိခဲ့ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ပထမဆုရ မြန်မာ့အလင်းသတင်းစာတိုက်အသင်းအား ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲနိုင်ကလည်းကောင်း၊ ဒုတိယဆုရရှိသော နေပြည်တော်သတင်းစာတိုက်အသင်းအား ညွှန်ကြားရေးမှူး(စီမံ)ဦးမြင့်ဝေကလည်းကောင်း၊ တတိယဆုရရှိသော ရုံးချုပ်(စီမံ)အသင်းအား မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးအောင်နိုင်ဦး ကလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲများကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အောက်ရှိဝန်ထမ်းများ စိတ်ဓာတ်ကြံ့ခိုင်ရေးနှင့် ဝန်ထမ်းထုအတွင်း ပျော်ရွှင်စေရေးအတွက် လစဉ်အားကစား ပြိုင်ပွဲများဖြစ်သည့် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘော ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲများကို အလှည့်ကျ ကျင်းပပေးလျက်ရှိကြောင်းလည်း သိရသည်။

**နိုင်လင်းကြည်**

# လုပ်ငန်းတစ်ခု စထူထောင်ကတည်းက လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်နဲ့ ထူထောင်နိုင်အောင် ဒီဥပဒေသစ်က အစွမ်းကုန်ဖြည့်ဆည်းပေးထားပါတယ်

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပြောင်းလဲမှုအတွက် အကျိုးရလဒ်၊ ရင်းနှီးမြှုပ်နှံသူများ လိုက်နာရမည့်အကြောင်းအရာ၊ လတ်တလောဖြစ်နေသည့် ဒေါ်လာငွေကြေးဈေးကွက်၊ ကမ္ဘာနှင့်မြန်မာစီးပွားရေးအခြေအနေ

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ကျင်းပသည့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သည်များကို ဆက်လက်ဖော်ပြအပ်ပါသည်။**

ရဲခေါင်ညွှန့်၊ ဇော်ကြီး၊ ဓာတ်ပုံ-ဖိုးဇော်

**(ဩဂုတ် ၂၄ ရက်မှအဆက်)**

**မေး။ ။ ကုမ္ပဏီများဥပဒေက မကြာသေးမီက အသက်ဝင်ထားတယ်လို့ သိရပါတယ်။ ဒီဥပဒေရဲ့အကျိုးရလဒ်တွေနဲ့ ပတ်သက်ပြီးတော့လည်း ဘယ်လိုရှိတယ်ဆိုတာ ဆရာဦးသန်းအောင်ကျော်က ဆက်ပြီးတော့ ဆွေးနွေးပေးပါဦး။**

ဦးသန်းအောင်ကျော် ။ ။ အဓိက က လက်ရှိမြန်မာနိုင်ငံကုမ္ပဏီများဥပဒေမှာ ထူးခြားတဲ့ ပြောင်းလဲပြဋ္ဌာန်းချက်တွေရှိတယ်။ ပထမအနေနဲ့ အရေးပါတဲ့ပြောင်းလဲချက်က မြန်မာနိုင်ငံသားကုမ္ပဏီဆိုတဲ့ အဓိပ္ပာယ်ပါ။ အရင်တုန်းကတော့ မြန်မာနိုင်ငံသားတစ်ယောက်က သူ့ဟာသူလုပ်နေတယ်။ လုပ်နေရင်းနဲ့ သူဟာ နည်းပညာအကူအညီလေးလိုချင်တယ်။ ဒါမှမဟုတ်ရင်လည်း တချို့ marketing(ဈေးကွက်ရှာဖွေရေး)အတွက် သူ့ကိုကူညီပေးမယ့် နိုင်ငံခြားသားတစ်ယောက်လောက် ထည့်ချင်တယ်ဆိုရင်လည်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ နိုင်ငံခြားသားရဲ့ ရှယ်ယာတစ်ခုပါတာနဲ့ နိုင်ငံခြားကုမ္ပဏီဘဝကို ပြောင်းသွားတယ်။ နိုင်ငံခြားကုမ္ပဏီဖြစ်သွားတာနဲ့ နိုင်ငံသားကုမ္ပဏီတွေကိုပဲ ပေးတဲ့အခွင့်အလမ်းတွေ သူဆက်လုပ်လို့ လုံးဝမရတော့ဘူး။ သူ့လုပ်ငန်းကို ရပ်ရမလိုဖြစ်သွားတယ်။ အခု အဲဒါတွေ အကျိုးအကြောင်းတွေအားလုံး၊ အတွေ့အကြုံတွေနဲ့ချိန်ပြီးတော့ လက်ရှိဥပဒေမှာ နိုင်ငံခြားသားရဲ့ ရှယ်ယာ ၃၅ ရာခိုင်နှုန်းလောက်အထိ ပါရင်လည်း ဒါကို နိုင်ငံသားကုမ္ပဏီပဲထားပေးမယ်။ နိုင်ငံသားကုမ္ပဏီရဲ့ လုပ်ပိုင်ခွင့်တွေနဲ့ လုပ်နိုင်တဲ့ဟာတွေအားလုံးကို လွတ်လွတ်လပ်လပ် လုပ်နိုင်တယ်ဆိုတာကို ပြဋ္ဌာန်းထားတယ်။ ဘာလို့လဲဆိုတော့ ဒီ ၃၅ ရာခိုင်နှုန်းဖြစ်တဲ့အတွက် အုပ်ချုပ်မှုအရ ကြည့်မယ်ဆိုရင်လည်း ကိုယ့်နိုင်ငံသားက ၆၅ ရာခိုင်နှုန်းအထိ ပါတာလေ။ ဒီကုမ္ပဏီရဲ့ အုပ်ချုပ်မှုမှာ ကိုယ့်နိုင်ငံသားက ၆၅ ရာခိုင်နှုန်း အကျိုးစီးပွားနဲ့ ဦးဆောင်မှာပဲ။ ၃၅ ရာခိုင်နှုန်းဆိုတဲ့ ကျွန်တော်တို့ရည်ရွယ်ချက်ကတော့ တချို့နည်းပညာနဲ့ ပတ်သက်တဲ့ ရှယ်ယာကိစ္စလေးတွေ၊ တချို့က ဈေးကွက်ကျွမ်းတော့ ဈေးကွက်ကို ကူလုပ်ပေးမယ်။ ဒီလိုဟာမျိုးတွေအတွက် အခွင့်အလမ်းကောင်းပါပဲ။ တစ်ကမ္ဘာလုံးကလည်း ကြိုဆိုတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ကြိုဆိုပါတယ်။ ဒီလိုသတ်မှတ်ပြဋ္ဌာန်းတာကလည်း ကုန်သည်အသင်းအဖွဲ့တွေနဲ့ အကြိမ်ကြိမ်ဆွေးနွေးပြီးတော့မှ ၃၅ ရာခိုင်နှုန်းကို သင့်လျော်တယ်ဆိုပြီးတော့ ကျွန်တော်တို့ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒါက နံပါတ်တစ်ထူးခြားချက်ပါ။

### ကိုယ့်ရဲ့စိတ်ကြိုက်ဆုံးဖြတ်ပြီး ဆောင်ရွက်လို့ရ

ဒုတိယကတော့ အရင်တုန်းက ကုမ္ပဏီထောင်ဖို့ အနည်းဆုံးရှယ်ယာရှင်နှစ်ယောက် ရှိရတယ်။ အဲဒီတော့ အိမ်မှာအမျိုးသား ဦးဆောင်ပေမယ့် နှစ်ယောက်ဆိုတော့ အမျိုးသမီးနာမည်ထည့်ရတာပေ့ါ။ ထည့်တဲ့အခါမှာ အမျိုးသမီးက ဘာမှမသိဘူး။ အမျိုးသားကပဲ ဦးဆောင်ပြီးလုပ်နေတာ။ သို့သော်လည်းပဲ ခြေချော်လက်ချော်ရှိလို့ ကုမ္ပဏီမှာ အမှားအယွင်းဖြစ်လာတဲ့အခါမှာ အမျိုးသမီးက ရှယ်ယာရှင်လည်းဖြစ်၊ ဒါရိုက်တာလည်းသွားဖြစ်တဲ့အတွက် ဘာမှမသိဘဲ သူကဝင်ပြီးတော့ တာဝန်ယူရတဲ့ဟာမျိုးတွေ ရှိလာတယ်။ အခုတော့ ကုမ္ပဏီဥပဒေသစ်မှာ ရှယ်ယာရှင်တစ်ယောက်တည်း၊ ဒါရိုက်တာတစ်ယောက်တည်းနဲ့ ကုမ္ပဏီထောင်ခွင့်ပေးလိုက်ပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ဆီမှာတင် မဟုတ်ဘူး။ ဟောင်ကောင်တို့၊ ဖွံ့ဖြိုးတဲ့နိုင်ငံတော်တော်များများ ဒီအတိုင်းကျင့်သုံးတယ်။ ဒါဟာလည်း ဒုတိယထူးခြားချက်ပါ။ အဲဒီတော့ ကုမ္ပဏီထောင်ဖို့ ကိုယ်တစ်ယောက်တည်းဆိုတော့ ကိုယ့်ရဲ့စိတ်ကြိုက်ဆုံးဖြတ်ပြီးတော့ ဆောင်ရွက်လို့ရနေပြီ။ စိတ်တူကိုယ်တူသွားခေါ်၊ နောက်မှစိတ်ဝမ်းကွဲ ပြဿနာဖြစ်တဲ့ဟာမျိုးတွေ ရှောင်နိုင်ပါတယ်။




### ကိုယ့်အိမ်ကနေကိုယ်မှတ်ပုံတင်လို့ရ

နောက်တစ်ခုကတော့ အရင်တုန်းက ကုမ္ပဏီဆိုရင် အသင်းအဖွဲ့စည်းမျဉ်း၊ အသင်းအဖွဲ့မှတ်တမ်းတွေ ရေးရတယ်။ အခုကျတော့ ကုမ္ပဏီရဲ့ ဖွဲ့စည်းအုပ်ချုပ်မယ့်စနစ် ဖွဲ့စည်းပုံတစ်စောင်တည်းကိုသာ တင်ပြလိုက်ရင်ပြီးပြီ။ အရင်တုန်းက ကုမ္ပဏီထောင်ရင် ပြည့်စုံတယ်ဆိုရင်တောင် သုံးရက်လောက်အချိန်ယူပြီးမှ ကျွန်တော်တို့ ပေးလိုက်တယ်။ ဒီလိုပေးလိုက်တာတောင်မှ တချို့ကလည်း ကြာတယ်ထင်တာပေ့ါ။ ပတ်ဝန်းကျင်နိုင်ငံတွေ ကြည့်တော့လည်း ဖွံ့ဖြိုးတဲ့နိုင်ငံတွေ စင်ကာပူတို့၊ ထိုင်းတို့၊ မလေးရှားတို့ အားလုံးတော်တော်များများဟာ online registration (အွန်လိုင်းမှတ်ပုံတင်)နဲ့ သွားနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့က အခုဆိုရင် တယ်လီဖုန်းထဲကပဲ registration လုပ်တဲ့ ပလက်ဖောင်းကပဲ ကိုယ့်အိမ်ကနေကိုယ် မှတ်ပုံတင်လို့ရတယ်။ ကုမ္ပဏီနဲ့ပတ်သက်တဲ့ ပြင်ဆင်စရာတွေအားလုံးကိုလည်း ရုံးကိုလာစရာမလိုတော့ဘူး။ digital economy (ဒစ်ဂျစ်တယ်စီးပွားရေး) ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်း၊ နောက်တစ်ခါ e-Government ရဲ့ အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုကို ဩဂုတ်လ ၁ ရက်နေ့ကပဲ ကျွန်တော်တို့ အောင်မြင်စွာလျှောက်လှမ်းခဲ့တယ်။ ဒါ ကုမ္ပဏီအသစ်ရဲ့ အကြီးမားဆုံးသော ပြောင်းလဲမှုတွေနဲ့ ထူးခြားချက်တွေပဲဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကုမ္ပဏီငယ်လေးတွေ၊ ကျွန်တော်တို့က ကုမ္ပဏီငယ်လေးတွေကို ဥပမာ ကျွန်တော်တို့ ဥပဒေအရတော့ လူ ၃၀၊ သိန်းငါးရာအောက်ကို ကုမ္ပဏီငယ်လေး သတ်မှတ်ထားတယ်။ SME ဥပဒေနဲ့ ချိတ်ထားတာ။ ဒီကုမ္ပဏီငယ်လေးတွေက အရင်ဥပဒေအရဆိုရင် သူ့ရဲ့ audit နေ့စဉ် ငွေစာရင်းစစ်ဆေးတဲ့ အစီရင်ခံစာကို လာတင်ရတယ်။ အဲဒီတော့ သူက audit အဖွဲ့ကို ရေးပေးဖို့ ပိုက်ဆံပေးရတယ်။ သူကမရေးတတ်ဘူး။ နောက်ပြီးတော့ နှစ်ပတ်လည် အစီရင်ခံစာလည်း သူက ရေးရတယ်။ အဲဒါမျိုးတွေလုပ်တဲ့အခါ လုပ်ထုံးလုပ်နည်း စည်းမျဉ်းရဲ့ ဝန်ထုပ်ဝန်ပိုးကို ငယ်ငယ်လေးတွေက သိပ်လည်း ကြီးကြီးမားမားဟုတ်တာ မဟုတ်ပါဘူး။ လူ လေး၊ ငါး ယောက်နဲ့ လုပ်နေတာ။ သူက အဲဒါကို မလုပ်ချင်တော့ မှတ်ပုံလာမတင်တော့ဘူး။ သူ့ဟာသူ informal ပဲ လုပ်နေတော့ အဲဒါတွေကို ကျွန်တော်တို့က ဒီကုမ္ပဏီ ဥပဒေအသစ်မှာ တစ်ခါတည်းဖြေလျှော့ပေးလိုက်တယ်။ လူ ၃၀ အောက်၊ သိန်းငါးရာအောက် လုပ်ငန်းတွေကို ကုမ္ပဏီအသေးလို့သတ်မှတ်တယ်။ နေ့စဉ် ငွေစာရင်းစစ်ဆေးတဲ့ အစီရင်ခံစာကို ကုမ္ပဏီက နေ့စဉ် သူ့ဟာသူဆွဲ၊ ကျွန်တော်တို့ကိုတင်ပြဖို့ ကင်းလွတ်ခွင့်ပေးလိုက်တယ်။ နောက်တစ်ခါ နှစ်ပတ်လည်အစည်းအဝေး၊ နောက် ပုံမှန်အစည်းအဝေး အဲဒါမျိုးဟာတွေကိုလည်း ကင်းလွတ်ခွင့်ပေးလိုက်တယ်။ အသေးလေးတွေကို တရားဝင်အနေနဲ့ ကုမ္ပဏီထောင်တာလည်း အရင်တုန်းက ၂၀၁၆ မတိုင်ခင်က ၁၀ သိန်း၊ ၂၀၁၆ ဇွန်ကနေ ငါးသိန်း၊ အခုပြီးခဲ့တဲ့ ဧပြီကနေစပြီးတော့ နှစ်သိန်းခွဲအထိ ကျွန်တော်တို့က လျှော့ချထားတယ်။ ပြောချင်တာက လုပ်ငန်းတစ်ခု စထူထောင်ကတည်းက လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်နဲ့ ထူထောင်နိုင်အောင် ဒီဥပဒေသစ်က အစွမ်းကုန်ဖြည့်ဆည်းပေးထားပါတယ်။

ဦးအေးလွင်။ ။ ကျွန်တော် ဘက်လိုက်ပြီးပြောတာ မဟုတ်ဘူး။ အစောပိုင်းမှာ ပြောခဲ့တဲ့ e-Registration ဆိုတော့ တော်တော်ကောင်းပါတယ်။ MyCO လို့ခေါ်တယ်။ www.myco.dica. gov.mm ဆိုပြီး အဲဒီထဲကိုဝင်လိုက်ရင် အကုန်လုပ်လို့ရပြီ။ မနေ့ကပဲ ထိုင်းက ကျွန်တော့်မိတ်ဆွေတစ်ယောက်က ကုမ္ပဏီထောင်ခိုင်းလို့ ကျွန်တော် အွန်လိုင်းကနေပြီးတော့ ထောင်ပေးလိုက်တယ်။ ထောင်ပေးလိုက်တဲ့အခါမှာ ငွေပေးချေမှု (Payment) တောင်မှ credit card (အကြွေးဝယ်ကတ်)နဲ့ ပေးခိုင်းတာ၊ credit card ရှိတဲ့အတွက် အလွယ်တကူ ပေးတဲ့အခါမှာ ဒီကုမ္ပဏီမှတ်ပုံတင်ဟာ မိနစ် ၂၀ အတွင်း ကျလာမယ်။ ဘယ်မှ သွားစရာမလိုဘူး။ ကျန်တဲ့တည်ဆောက်တာတွေတော့ တဖြည်းဖြည်း တည်ဆောက်ရမယ့်အတွက် ကျကျချင်း ရာခိုင်နှုန်းပြည့်ကုမ္ပဏီနော်။ သူ့ကို ကျွန်တော် ပို့လိုက်တဲ့အချိန်မှာ သူ့ဆီက ဒါရိုက်တာစာရင်းတွေ ဘာတွေ တော့ တောင်းရတာပေ့ါ။ တောင်းပြီးတော့ ပို့လိုက်တဲ့ အချိန်မှာမယုံဘူး။ မစ္စတာအေးလွင် ဟုတ်ရဲ့လားတဲ့။ ကျတဲ့မှတ်ပုံတင်ကို သူ့ကိုဓာတ်ပုံရိုက်ပြီး ပို့ပေးလိုက်တဲ့ အခါမှာ မင်းတို့မြန်မာပြည် အများကြီးပြောင်းလဲသွားပြီ။ ငါတို့လာတော့မယ်။ ဒီကိစ္စကို မင်းအသိုင်းအဝိုင်းကိုလည်း ပြောပြလိုက်ပါဆိုတော့ သူ့အသိုင်းအဝိုင်းလည်း သူကြေညာတော့မယ်။ ဒါကို ကျွန်တော်တို့ အသိပေးဖို့လိုပါတယ်။ ကုမ္ပဏီဥပဒေသစ်သည် ဒုညွှန်ချုပ်ကြီးပြောတဲ့ ဒါရိုက်တာနှစ်ယောက်မလိုဘူး။ တစ်ယောက်တည်းလည်း ထောင်နိုင်တယ်။ ငွေစာရင်းတွေလည်း ကိုယ့်ဟာကိုယ်ထား၊ Audit Report (ငွေစာရင်းစစ်ဆေးမှု) မလိုဘူး။ မလုပ်ချင်လည်း အပ်လို့ရတယ်။ အဲဒီမှာ ကျွန်တော်ပြောချင်တာက ငွေစာရင်းစစ်ဆေးမှုအပေါ်မှာ စီးပွားရေးအရလုပ်နေတဲ့ အသိုင်းအဝိုင်း တစ်ခုက စိုးရိမ်သွားတယ်။ ငါတို့ audit တွေ အလုပ်ပြုတ်တော့မလား။ မဟုတ်ပါဘူး။ စာရင်းမရှိ အင်းမရှိ တိုင်းပြည်အစား စာရင်းနဲ့အင်းနဲ့ ဖြစ်တဲ့ဟာကို လိုပါသေးတယ်။

ဒါကို သူ့ရဲ့ principles (အခြေခံမူ) အရ (audit) ငွေစာရင်းစစ် လိုကိုလိုတယ်။ ဒါကိုလည်း ကျွန်တော်တို့က ကုမ္ပဏီကို အသိပေးပါတယ်။ မလုပ်ရဘူး မဟုတ်ဘူး။ ဒါပေမယ့် ဒါတွေလုပ်ပြီးမှ သက်တမ်းတိုးတာတို့၊ ဒါတွေလုပ်ပြီးမှ မှတ်ပုံတင်တာတို့ မရှိတော့ဘူးဆိုတဲ့ အဓိပ္ပာယ်ကို ပြောပြတာပါ။ အလွယ်တကူ မှတ်ပုံတင်တာကိုလုပ်။ ကိုယ်ရဲ့ကျင့်ဝတ်အရ လိုက်နာဆောင်ရွက်ရမယ့် ငွေစာရင်းရှင်းတမ်းတို့၊ လိုက်နာဆောင်ရွက်ရမယ့် မှတ်တမ်းမှတ်ရာတို့ကတော့ ကုမ္ပဏီဆိုတာ ထားသင့်တယ်။ ထားမှလည်း ကိုယ့်ရဲ့ကုမ္ပဏီ ဒီထက်ပိုပြီး ကြီးထွားလာတဲ့အခါမှ အကျိုးတူ ပူးပေါင်းဆောင်ရွက်မယ့်သူကို ရှာလို့ရမယ်။ ဒါတွေကို လုပ်ငန်းရှင်တွေ သိပါတယ်။ နားလည်မှုက မလိုဘဲနဲ့ လုပ်စရာမလိုဘူးဆိုတဲ့ အတွေးထဲကို တော်တော်များများရောက်သွားတယ်။ လိုတော့လိုတယ်။ လုပ်ပြီး ကိုယ့်ဟာကိုယ်သိမ်းထား၊ သူ့ရဲ့မှတ်တမ်းကို လိုတယ်ဆိုတဲ့အကြောင်း ဖြည့်ပြောတာပါ။

ဦးဌေးချွန် ။ ။ ဒီကုမ္ပဏီ ဥပဒေအသစ်အရ ဖြည့်စွက်ပြောရရင် FDI Promotion မှာ အများကြီး အထောက်အကူပြုတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၃၅ ရာခိုင်နှုန်းသည် နိုင်ငံခြားသားကုမ္ပဏီအဖြစ် အသိအမှတ်ပြုမယ်။ နိုင်ငံခြားကုမ္ပဏီနဲ့ မြန်မာကုမ္ပဏီဆိုတာလည်း ကွဲပြားခြားနားမှုမရှိဘူး။ တည်ထောင်တာလည်း အတူတူပဲ။ ရှယ်ယာတွေ သတ်မှတ်တာလည်း အတူတူပဲ။ ဘာပဲထူးသလဲဆိုရင် အဓိကသုံးချက်ပဲ။ စပြီးတည်ထောင်တဲ့အချိန်မှာ နိုင်ငံခြားကုမ္ပဏီပါလို့ ကြေညာတယ်။ နောက်တစ်ခုက နိုင်ငံခြားသားရှယ်ယာသည် ၃၅ ရာခိုင်နှုန်းကျော်သွားရင် နိုင်ငံခြားကုမ္ပဏီလို့ ကြေညာတယ်။ တတိယတစ်ချက်က နှစ်ပတ်လည် အစည်းအဝေးလုပ်တယ်ဆိုရင် ကြေညာတယ်။ အဲဒီတော့ ဒီသုံးချက်ပဲလွတ်တယ်။

### အရည်အချင်းပြည့်ဝတဲ့ ဒါရိုက်တာတွေဖြစ်ဖို့လိုလာ

နောက်တစ်ခုက ကုမ္ပဏီဥပဒေမှာ ဘာထူးခြားသွားလဲဆိုရင် အချက်အလက်ကိုအခြေခံတဲ့ အုပ်ချုပ်မှုပုံစံ၊ အချက်အလက်ကိုအခြေခံတဲ့ စီမံခန့်ခွဲမှုနဲ့ ပတ်သက်ပြီး စည်းကမ်းတွေ ကောင်းသွားတယ်။ ဒါရိုက်တာအဖွဲ့ဝင်တွေကလည်း အရည်အချင်းပြည့်ဝတဲ့ ဒါရိုက်တာတွေဖြစ်ဖို့ လိုလာတယ်။ စောင့်ရှောက်ရမယ့်တာဝန်၊ ဖြောင့်မတ်မှန်ကန်တဲ့တာဝန်၊ ထုတ်ဖော်ပေးရမယ့်တာဝန် စသည်ဖြင့် အကုန်လုံး စည်းကမ်းလိုက်နာဖို့ဆိုတဲ့ ပြဋ္ဌာန်းချက်တွေကပါတယ်။ ဒဏ်ကြေးတွေလည်းပါတယ်။ ဒါရိုက်တာအဖွဲ့က စည်းကမ်းတကျနဲ့ ဒီကုမ္ပဏီရဲ့ အုပ်ချုပ်မှုပုံစံကောင်းအောင် မဖြစ်မနေလုပ်ဖို့ဆိုတာ ဥပဒေမှာ ပြဋ္ဌာန်းထားချက်ရှိတယ်။ မြန်မာကုမ္ပဏီတွေအနေနဲ့ အချက်အလက်တွေနဲ့ အုပ်ချုပ်မှုစနစ်ကောင်းမှသာ နိုင်ငံခြားသားက ရေရှည်လာလုပ်ချင်မယ်။ အဲဒီအချက်က FDI ပရိုမိုးရှင်းအတွက် အင်မတန်ကောင်းသွားပါတယ်ဆိုတာ ရှင်းလင်းပြောကြားလိုပါတယ်။

**မေး။ ။ ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ဒါတွေရှိပါတယ်။ ပြည်တွင်းမှာရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ လိုက်နာရမယ့်အချက်တွေ၊ အကြောင်းအရာတွေကိုလည်း အကြံပြုဆွေးနွေးပေးပါဦး။**

ဦးသန်းအောင်ကျော်။ ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်တဲ့နေရာမှာ ဥပဒေမှာလည်း ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြုတဲ့ လုပ်ငန်းတွေ၊ ဖက်စပ်အသွင်သဏ္ဌာန်ခွင့်ပြုတဲ့လုပ်ငန်းတွေ ရှိပါတယ်။ ဖက်စပ်အသွင်သဏ္ဌာန်ခွင့်ပြုတဲ့ လုပ်ငန်းတွေဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဆီကနေပြီးတော့ မတည်ငွေရင်းလာမယ်။ နည်းပညာလာမယ်။ စီမံခန့်ခွဲမှုစွမ်းရည်တွေလာမယ်စသဖြင့် အသင်းအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှုလုပ်လို့ကောင်းတယ်။ အဲဒီတော့ ကိုယ့်ပြည်တွင်းကုမ္ပဏီတွေအနေနဲ့က နိုင်ငံခြားကုမ္ပဏီတွေလာပြီဆိုရင် ကိုယ့်ကုမ္ပဏီအပေါ်မှာ ယုံကြည်မှုရှိဖို့လိုပါတယ်။ သူတို့ကလာပြီဆိုရင် ဒီအတိုင်းလာမှာ မဟုတ်ဘူး။ ဒီကုမ္ပဏီရဲ့ အချက်အလက်တွေကို သေချာလေ့လာမယ်။ ဘယ်လိုလေ့လာမလဲဆိုရင် ဒီကုမ္ပဏီသည် ဒါရိုက်တာဘုတ်အဖွဲ့ ဖွဲ့စည်းမှုသည် စနစ်ကျရဲ့လား။ စာရင်းထားတာတွေ စနစ်ကျရဲ့လား။ ခုနက ကျွန်တော်ပြောတဲ့ အချက်အလက်ကို အခြေခံတဲ့စီမံခန့်ခွဲမှု အဆင့်အတန်းမီရဲ့လားဆိုတဲ့ မေးခွန်းတွေမေးတဲ့အခါမှာ သူတို့မေးခွန်းတွေမေးရုံနဲ့၊ အချက်အလက် စီမံခန့်ခွဲမှုရှိရုံနဲ့ အဖြေရှိပါတယ်။

**စာမျက်နှာ ၁၀ သို့**

> **e-registration ဆိုတော့ တော်တော်ကောင်းပါတယ်။ MyCO လို့ခေါ်တယ်။ www.myco.dica. gov.mm ဆိုပြီး အဲဒီထဲကို ဝင်လိုက်ရင် အကုန်လုပ်လို့ရပြီ။ မနေ့ကပဲ ထိုင်းက ကျွန်တော့်မိတ်ဆွေ တစ်ယောက်က ကုမ္ပဏီထောင်ခိုင်းလို့ ကျွန်တော် အွန်လိုင်းကနေပြီးတော့ ထောင်ပေးလိုက်တယ်။**

# မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်း ရေဘေးကူညီကယ်ဆယ်ရေးအတွက် ရန်ပုံငွေရှာဖွေ

**မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းက ကြီးမှူးကျင်းပသော ရေဘေးကူညီကယ်ဆယ်ရေးရန်ပုံငွေရှာဖွေပွဲ ဒုတိယနေ့အဖြစ် ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသည်။ ရန်ပုံငွေရှာဖွေပွဲတွင် ကာတွန်းဆရာများနှင့် အလှူရှင်ပြည်သူများကို မြန်မာ့သတင်းစဉ်က သွားရောက်မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**



ကာတွန်းမောင်မောင်ဖောင်တိန်



ကာတွန်းရွှေမင်းသား



ကာတွန်းငွေကြည်



ကာတွန်းအောက်တိုဘာအောင်ကြီး



ကိုချစ်ဦး



မသန္တာရွှေစင်သိန်း

**ကာတွန်းမောင်မောင်ဖောင်တိန်**
**(ပွဲတာဝန်ခံ၊ မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)**

ဒီပွဲလုပ်တာ ရည်ရွယ်ချက်နှစ်ခုရှိပါတယ်။ တစ်ခုက ကာတွန်းတွေနဲ့ ပြည်သူကို အသိပညာ သို့မဟုတ် သတိပေးတဲ့အနေနဲ့ ကာတွန်းပြပွဲလုပ်တာဖြစ်ပါတယ်။ နောက်တစ်ခုက ရေဘေးသင့်ပြည်သူတွေအတွက် ကာတွန်းပညာနဲ့ ဉာဏပစ္စည်းတွေနဲ့ လုပ်အားပေးလှူပြီး ရန်ပုံငွေရှာတဲ့ပွဲဖြစ်ပါတယ်။ အဲဒီနှစ်ခုပါ။ သုံးရက်ရှာတဲ့ ရန်ပုံငွေတွေကို ခုထက်ထိ ဘယ်ဒေသသွားလှူမယ်ဆိုတာ မဆုံးဖြတ်ရသေးပါဘူး။ ရတဲ့ငွေကြေးပမာဏပေါ် မူတည်ပြီး အချိန်နဲ့တစ်ပြေးညီ ဘယ်ဒေသက အလိုအပ်ဆုံးဆိုတာ အွန်လိုင်းသတင်းတွေပေါ် ရှာဖွေပြီး အဲဒီဒေသကို ကာတွန်းဆရာတွေကိုယ်တိုင် ကိုယ်ထိလက်ရောက်သွားလှူမှာပါ။ ကမ္ဘာအရပ်ရပ်မှာ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့အခါ ဘယ်လိုရင်ဆိုင်ဖြေရှင်းကြသလဲ၊ ဘာကြောင့် ကျရောက်သလဲဆိုတာတွေကို ကာတွန်းတွေနဲ့ ပြည်သူတွေကို သတိပေးသလို စာနာနားလည်မှု အတူတကွရှိတာကို ပြသတဲ့ သဘောပါပဲ။ ဒီလိုပွဲမျိုးလုပ်ပြီး လှူရတဲ့အတွက် ဝမ်းသာပီတိ ဖြစ်ရပါတယ်။

**ကာတွန်းရွှေမင်းသား**

ရေဘေးသင့်ပြည်သူတွေ ပြန်လည်ထူထောင်ရေးမှာ တစ်ဖက်တစ်လမ်းကတတ်တဲ့ပညာနဲ့ အကျိုးပြုလှူဒါန်းတာဖြစ်ပါတယ်။ တီရှပ်တစ်ထည်ကို ငွေကျပ် ၅၀၀၀ နှုန်းနဲ့ ပြည်သူတွေကဝယ်ပြီး ကာတွန်းဆရာအသီးသီးက တီရှပ်ပေါ်မှာ နှစ်သက်ရာပုံ သို့မဟုတ် ပြည်သူက ဆွဲခိုင်းတဲ့ပုံတွေ ဆွဲပေးရတာလည်းရှိပါတယ်။ အနုပညာကို တီရှပ်ပေါ်မှာ ဖန်တီးပေးပါတယ်။ ပြည်သူတွေကလည်း ကျေနပ်စွာ လာရောက်အားပေးပြီး တီရှပ်တွေ ဝယ်ယူလှူဒါန်းကြပါတယ်။ အလှူငွေ လှူဒါန်းသူများလည်းရှိပါတယ်။

**ကာတွန်းငွေကြည်**

ရေဘေးသင့်ပြည်သူတွေ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာလှူဖို့အတွက် ရန်ပုံငွေရှာဖွေရေးမှာ လုပ်အားလာပေးတာပါ။ ထူထောင်ရေးလုပ်ငန်းမှာ တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးတဲ့အနေနဲ့ ကာတွန်းဆရာတွေက ရန်ပုံငွေရှာပေးတာပါ။ ကျွန်တော်တို့က အနုပညာသမားဆိုတော့ အနုပညာနဲ့ ကူညီထောက်ပံ့ခွင့်ရတာ ဝမ်းသာပီတိဖြစ်ရပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးကလည်း ရေဘေးသင့်ပြည်သူတွေကို တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပေးကြပါလို့ ပြောချင်ပါတယ်။

**ကာတွန်းအောက်တိုဘာအောင်ကြီး**

မြန်မာနိုင်ငံ ကာတွန်းဆရာတွေ စုပေါင်းပြီးတော့ အခုလိုကျင်းပတဲ့ ရေဘေးကယ်ဆယ်ရေးမှာ ကျွန်တော်က ဖျော်ဖြေရေးအနေနဲ့ မနေ့က ဦးရွှေရိုးကခဲ့ပါတယ်။ ဒီနေ့တော့ အိပ်မက်ဆုံရာအဖွဲ့က ဖျော်ဖြေပါတယ်။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံ ရေဘေးဒုက္ခရောက်နေတဲ့ပြည်သူတွေကို ကျွန်တော်တို့ လှူဒါန်းတာပါ။ ကာတွန်းအစည်းအရုံးကနေ ဦးစီးကျင်းပတဲ့ ပွဲလေးဖြစ်ပါတယ်။ ကျွန်တော်တို့ ကာတွန်းသမားတွေကလည်း ပုံလေးတွေ ဆွဲပေးတယ်။ ဖျော်ဖြေရေးတွေလုပ်ကြတယ်၊ လာသမျှ ဧည့်သည်တွေကို တီရှပ်ပေါ်မှာ ကာတွန်းပုံတွေဆွဲပေးတယ်။ တီရှပ်တစ်ထည် ငွေကျပ် ၅၀၀၀ နဲ့ရောင်းပါတယ်။ ကာတွန်းပုံတွေကို ကာတွန်းဆရာအများကြီးက တစ်ယောက်တစ်ပုံစီ ဝိုင်းဆွဲပေးပါတယ်။ ရေဘေးကယ်ဆယ်ရေးအတွက် တစ်ထောင့်တစ်နေရာကနေ ပါဝင်ကြတာပေါ့။ ဘယ်ဒေသသွားရောက်လှူမှာလည်း မသိသေးဘူး၊ အစည်းအဝေး ထပ်လုပ်ပြီး ဘယ်ကိုလှူသင့်လဲ ဆုံးဖြတ်ပါ့မယ်။ မြန်မာပြည်မှာဖြစ်နေတဲ့ သဘာဝဘေးအန္တရာယ်ကို ကာတွန်းဆရာမှ မဟုတ်ဘူး၊ အကုန်လုံး ပါဝင်သင့်တယ်။ ငွေကြေးမတတ်နိုင်ရင်လည်း လုပ်အားအကူအညီနဲ့ ကာတွန်းဆရာတွေ လုပ်တယ်။ ကာတွန်းဆရာတွေ သီးခြားမဟုတ်ဘူး။ ကဗျာဆရာလည်း လာတယ်၊ ပန်းချီဆရာလည်းလာတယ်။ ကျွန်တော်တို့ အကျိုးအတွက်မဟုတ်ဘူး။ ရေဘေးသင့်တဲ့ပြည်သူတွေ အတွက် လှူမှာ၊ အဲဒီရည်ရွယ်ချက်နဲ့ပါ။ လာသမျှပြည်သူတွေကို ဖိတ်ခေါ်ပါတယ်။ မန္တလေး၊ ရန်ကုန် တစ်ပြိုင်တည်း လုပ်တယ်။ ကာတွန်းအသိုင်းအဝိုင်းတွေပါ။ ရန်ကုန်ကတော့ ရန်ကုန်အခြေစိုက် ကာတွန်းဆရာတွေ လုပ်တာပါ။ ခွဲခြားမှုမရှိပါဘူး။ အားလုံးကတော့ ရေဘေးသင့်ပြည်သူတွေအတွက် ကူညီဖို့ပါပဲ။

**ကိုချစ်ဦး(လှိုင်သာယာမြို့နယ်)**

ကျွန်တော့်သားမွေးနေ့မှာ ဒီကာတွန်းပြပွဲကို လာတာပါ။ သားမွေးနေ့အတွက် အလှူတစ်ခု လာလုပ်တာပါ၊ ကျွန်တော် ဒီလိုပရဟိတအလှူလာလုပ်တဲ့အတွက် ဝမ်းသာပါတယ်။ ဒီထက်မကလည်း လှူချင်ပါတယ်။ ရေဘေးသင့်ပြည်သူတွေအတွက် ရေဘေးကျရောက်တဲ့ဒေသတွေကို သွားရောက်လှူဒါန်းရလို့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကာတွန်းဆရာတွေကိုယ်တိုင်ကလည်း ကာတွန်းပန်းချီတွေနဲ့ တီရှပ်အင်္ကျီတွေမှာ ပုံဆွဲပေးပါတယ်။ ဒီလို စည်စည်ကားကားတွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီ တီရှပ်လေးဝတ်ထားတာကို ပြည်သူတွေတွေ့သွားရင် လှူလို့ရတယ်ဆိုတာ ဒီဆန္ဒလေးတစ်ခုနဲ့ ဝတ်ထားတာပါ။

**မသန္တာရွှေစင်သိန်း (လှိုင်မြို့နယ်)**

သမီးက ကာတွန်းဝါသနာပါတယ်။ ကာတွန်းဆရာတွေ ပရဟိတအလှူပွဲလည်းဖြစ်တဲ့အတွက် သမီးကိုယ်တိုင်လာရောက်တာပါ။ ကာတွန်းဆရာတွေကိုယ်တိုင် ရေးဆွဲပေးတာဖြစ်တဲ့အတွက် သမီးလာခဲ့တာပါ။ သဘောကျတဲ့ဆရာကြီးတွေကိုလည်း တွေ့ချင်လို့လာရောက်ခဲ့တာဖြစ်ပါတယ်။ စိတ်ထဲမှာ ဝမ်းသာကြည်နူးမိပါတယ်။ လူငယ်တွေအနေနဲ့လည်း ကာတွန်းရယ် မဟုတ်ဘူး၊ စာအုပ်စာပေနဲ့ပတ်သက်ပြီး ဗဟုသုတအများကြီးရစေချင်ပါတယ်။ လူငယ်တွေကို လာစေချင်ပါတယ်။

မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းက ကြီးမှူးကျင်းပသော ရေဘေးကူညီကယ်ဆယ်ရေးရန်ပုံငွေ ရှာဖွေပွဲကို ဩဂုတ် ၂၄၊ ၂၅၊ ၂၆ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌လည်းကောင်း၊ ၂၆ လမ်း ၆၆×၆၈ လမ်းကြား မန္တလေးမြို့တို့၌ လည်းကောင်း တစ်ပြိုင်တည်း ကျင်းပလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌ ကာတွန်းဆရာ ၁၇၀ ကျော်၏ ကာတွန်းပုံပေါင်း ၁၇၀ ကျော်ကို ပြသထားသည်။

**တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ကိုရဲ**



**ကာတွန်းဆရာများက တီရှပ်အင်္ကျီပေါ်တွင် ကာတွန်းပုံများ ရေးဆွဲပေးနေသည်ကို တွေ့ရစဉ်။**

---

❍ စာမျက်နှာ ၉ မှ

အဲဒါနဲ့တိုင်းတာလိုက်ရင် စံချိန်မမီရင် သူတို့သည် အကျိုးတူပူးတွဲဆောင်ရွက်မှုတွေလုပ်ဖို့ လာမှာမဟုတ်ပါဘူး။ အဲဒီတော့ မြန်မာကုမ္ပဏီတွေ ကြိုတင်ပြင်ဆင်ထားဖို့အတွက်က မိမိတို့ကုမ္ပဏီကို အခုအချက်အလက်နဲ့ စီမံခန့်ခွဲမှုတွေကို သေသေချာချာ ကောင်းမွန်အောင် ပြင်ဆင်ထားဖို့ ဒါမှ အဆင့်အတန်းရှိတဲ့ ကုမ္ပဏီ အချင်းချင်း ပေါင်းလိုက်ရင်၊ ဂုဏ်သိက္ခာရှိတဲ့ လူချင်းပေါင်းလိုက်ရင်၊ ဂုဏ်သိက္ခာရှိတဲ့ ကုမ္ပဏီတစ်ခု အဆင့်မြင့်စွာထပ်ထွက်လာမှာ။ အဲဒါကြောင့် ကိုယ့်မြန်မာနိုင်ငံသားတွေက မိမိတို့ကုမ္ပဏီကို ပေါ့ပေါ့နေပေါ့ပေါ့စား မလုပ်ဘဲနဲ့ စီမံခန့်ခွဲမှုကောင်းမွန်ရေးအတွက်ဆိုရင် လေ့လာမှုများများလုပ်ရမယ်။ စာဖတ်ရမယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ Myanmar Institute of Director ကလည်းဖွင့်ပြီ။ ထိုင်းနိုင်ငံမှာဆိုရင်လည်းရှိတယ်။ အဲဒီမှာ အရည်အချင်းပြည့်မီတဲ့ ဒါရိုက်တာတွေ မွေးထုတ်တယ်။

အခု မြန်မာနိုင်ငံမှာလည်း မွေးထုတ်တော့မယ်။ ကုမ္ပဏီဥပဒေကလည်း ပြဋ္ဌာန်းချက်တွေပါပြီးပြီ။ ဒီလိုပေါင်းစပ်လိုက်ရင် မြန်မာကုမ္ပဏီတွေလည်း အချက်အလက်ပေါ်အခြေခံတဲ့ စီမံခန့်ခွဲမှုတွေ ကောင်းလာမယ်။ ဒါ့အပြင် နိုင်ငံခြားကုမ္ပဏီက ဘာလာမလဲ။ သူတို့က ဘာလုပ်ပေးရမလဲလာမှာ။ အကျိုးစီးပွားက နောက်ကလာမှာ။ အလုပ်ကို အရင်လာမယ်။ ဒါကြောင့် ကိုယ်ကလည်းပဲ ဒီလိုလုပ်တဲ့အခါမှာ အစောပိုင်းပြောခဲ့သလို မြေငှားရမ်းခတွေ အများကြီးရမှုလုပ်မယ်ဆိုတာမျိုး မလုပ်ဘဲနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ဆိုတဲ့ စိတ်ဓာတ်တွေလည်း ရှိဖို့လိုတဲ့အကြောင်း ပြောကြားလိုပါတယ်။

ဦးအေးလွင်။ ။ အရင်တုန်းကတော့ တစ်ရာခိုင်နှုန်းပါရင် နိုင်ငံခြားကုမ္ပဏီအဖြစ် သတ်မှတ်လိုက်တယ်။ နိုင်ငံခြားကုမ္ပဏီဖြစ်သွားတာနဲ့ အကျိုးခံစားခွင့်၊ သူ့ရဲ့ တာဝန်ခံမှု၊ တာဝန်ယူမှုက တိုင်းရင်းသားနဲ့မတူဘူး။ နိုင်ငံခြားကုမ္ပဏီဖြစ်တာနဲ့ မီတာခကို ဒေါ်လာနဲ့ကောက်တာတို့ ဒါတွေရှိတယ်။ နိုင်ငံခြားသားပိုင်ဆိုင်မှုအနေနဲ့ အိမ်ငှားလို့မရဘူး၊ မြေငှားလို့မရဘူးဆိုတာတွေရှိတယ်။ မြေလည်းငှားလို့မရဘူး။ အဆောက်အအုံလည်း ငှားလို့မရဘူးဆိုတာဖြစ်တဲ့အတွက် ဘာတွေဖြစ်လာလဲဆိုတော့ အမည်ခံကုမ္ပဏီတွေဖြစ်လာတယ်။ လုပ်ငန်းလုပ်ချင်တာကိုး။ အခွင့်အရေးကလည်း ကောင်းတယ်။ အမည်ခံကုမ္ပဏီကို မျက်စိတစ်ဖက်မှိတ်ပြီးတော့ ခွင့်ပြုခဲ့ရတာတွေရှိတယ်။ အလုပ်အကိုင် အခွင့်အလမ်းရရှိအောင် အားပေးခဲ့ရတာတွေရှိတယ်။ ဒါပေမယ့် ဒီဘက်ခေတ်မှာ ဒီလိုတွေအားလုံးဖြစ်လာတဲ့အခါမှာ နဂိုတုန်းက အကြောင်းကြောင်းတွေကြောင့် တပည့်နာမည်တွေနဲ့၊ နီးစပ်ရာဆွေမျိုးသားချင်းနာမည်တွေနဲ့လုပ်တဲ့ အလုပ်တွေကို အဲဒီလိုလုပ်တဲ့အတွက် အကျိုးကျေးဇူးက ဆုံးရှုံးတာများတယ်။ အခွန်လည်းမရဘူး။ စာရင်းဇယားလည်း မဝင်ဘူး။ ကျွန်တော်တို့ဆီမှာလည်း မှန်မှန်ကန်ကန် အချက်အလက်တွေ မပြည့်စုံဘူး။ မပြည့်စုံတော့ စီမံကိန်းချတဲ့သူတွေက အဖြေကို ထုတ်လို့မရဘူး။ အဲဒါကြောင့် လာကြပါ။ ပြန်ပြီး တရားဝင်မှတ်ပုံတင်ကြပါ။ အရေးမယူပါဘူး။ ဒဏ်လည်းမချပါဘူး။ အဲဒီအတွက် ပြစ်ဒဏ်လည်းမရှိပါဘူးလို့ MIC က အကြိမ်ပေါင်းများစွာကြေညာပါတယ်။ ရာခိုင်နှုန်း တော်တော်များများလာပါတယ်။ ဒီနေ့အထိ မလာသေးတဲ့သူတွေရှိပါတယ်။ ဒါတွေကို ဒီနေရာက ကျွန်တော်ပြောချင်တာက ဥပဒေအသစ်ပေါ်ပေါက်လာတဲ့အခါမှာ ပြန်လည်ချိတ်ဆက်မှုတွေလုပ်ကြပါ။ ဒီဥပဒေအတိုင်းလိုက်နာပြီးတော့ ဥပဒေအတိုင်း နေထိုင်ခြင်းသည် ကျွန်တော်တို့အတွက် ပိုပြီးတော့ အန္တရာယ်လည်း ကင်းတယ်။ ပိုပြီးတော့လည်း စီးပွားရေးတွေကို တစိုက်မတ်မတ်လုပ်ခွင့်ရှိတယ်။ တူညီတဲ့ အခွင့်အရေးရတယ်။

**(မှတ်ချက်။ ။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့် ဆက်စပ်သည့်အကြောင်းအရာနှင့် အချက်အလက်များကို သိလိုပါက www.myco.dica.gov.mm တွင် ကြည့်ရှုနိုင်ပါသည်)**

**(ဆက်လက်ဖော်ပြပါမည်)**

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပဒေသာကပွဲ ဖျော်ဖြေတင်ဆက်



**နေပြည်တော် ဩဂုတ် ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ယနေ့နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပဒေသာကပွဲများဖြင့် ဖျော်ဖြေတင်ဆက်ရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

အနုပညာရှင်များက တိုင်းရင်းသားရိုးရာယိမ်းအကများ၊ ခေတ်ခြောက်ခေတ် ယိမ်းအက၊ တေးသရုပ်ဖော်အက၊ ဗီယက်နမ်ယိမ်းအက၊ အင်ဒိုနီးရှားယိမ်းအက၊ လာအိုယိမ်းအက၊ အိန္ဒိယအက၊ တရုတ်ယိမ်းအက၊ We are ASEAN အကနှင့် အခြားယိမ်းအကများအပြင် ရုပ်သေးအစီအစဉ်၊ တေးသံသာများ၊ အငြိမ့်၊ မျက်လှည့်နှင့် နှစ်ပါးသွားအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာကပွဲများကို တစ်လလျှင် တစ်ကြိမ် အခမဲ့ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်း အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)မှ သိရသည်။

"တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာကပွဲကို အခမဲ့ဖျော်ဖြေတင်ဆက်ပေးနေတာ အခုအကြိမ်နဲ့ဆို ခုနစ်ကြိမ်ရှိပါပြီ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ မြဝတီယဉ်ကျေးမှုအဖွဲ့တွေက အလှည့်ကျဖျော်ဖြေတင်ဆက်ပေးတာဖြစ်ပါတယ်"ဟု အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)မှ တာဝန်ခံအရာရှိ ဦးဝေယံကျော်က ပြောသည်။

ယနေ့တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ လာရောက်လည်ပတ်သူများက တိုင်းရင်းသားရိုးရာပဒေသာကပွဲများ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ဥယျာဉ်အတွင်း ပြသထားသည့် ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးရာအိမ်များ၊ ယဉ်ကျေးမှုဓလေ့စရိုက်များကို လေ့လာကြသည်။

အဆိုပါ ပဒေသာကပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံနှင့် ဇနီး၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးနေမျိုးဆန်းလှိုင်၊ တာဝန်ရှိသူများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများက ကြည့်ရှုအားပေးကြသည်။

**ကိုမင်း၊ နေဇာဇာထွန်း(ကြေးမုံ)**

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပဒေသာကပွဲသို့ လာရောက်ကြည့်ရှုသူများ၏ ပီတိစကားသံများ

**အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ တစ်လတစ်ကြိမ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပဒေသာကပွဲများကို အခမဲ့ ကျင်းပပေးလျက်ရှိရာ ယနေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအကအဖွဲ့များက ဖျော်ဖြေတင်ဆက်သည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာကပွဲများသို့ နိုင်ငံ့ဝန်ထမ်းများ၊ နေပြည်တော် အနီးဝန်းကျင်မှ ပြည်သူများ လာရောက်ကြည့်ရှုအပန်းဖြေလျက်ရှိသည်။ ထိုသို့ လာရောက်ကြည့်ရှုအပန်းဖြေကြသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားဖော်ပြလိုက်ရပါသည်-**



ဦးဝေယံကျော်



မောင်အိုက်ခမ်



မောင်နေအောင်



မောင်ဘိုဘို



မသီသီခိုင်



ဒေါ်စန်းမေ

**ဦးဝေယံကျော်**
**(နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တာဝန်ခံအရာရှိ)**

အခုကျင်းပတဲ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပဒေသာကပွဲကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ဖျော်ဖြေတင်ဆက်ပေးတာပါ။ ကပွဲကတော့ အခမဲ့ကြည့်လို့ရပါတယ်။ ပဒေသာကပွဲတွေကို တစ်လတစ်ကြိမ် ကျင်းပပေးတာ ဖြစ်ပါတယ်။ လအလိုက် ဖျော်ဖြေမှုကို တစ်မျိုးစီတင်ဆက်ပေးတဲ့အတွက် နေပြည်တော်က ဝန်ထမ်းတွေနဲ့ အနီးဝန်းကျင်က ပြည်သူတွေ အများဆုံးလာရောက်လည်ပတ်ကြပါတယ်။ ဒီရက်မှာဆို လာရောက်လည်ပတ်မှုအနေနဲ့ အရင်ရက်တွေနဲ့စာရင် အနည်းဆုံးသုံးဆလောက် တိုးလာတယ်။ လာရောက်လည်ပတ်မှုအနေနဲ့ မိုးရာသီဆိုရင် ရုံးဖွင့်ရက်ဆို တစ်ရက်ကို ၁၀၀နဲ့ ၂၀၀ ကြား၊ မိုးလေကင်းတဲ့ရက်လည်းဖြစ်၊ ရုံးပိတ်ရက်တွေမှာဆို ၃၀၀နဲ့ ၅၀၀ ကြား ဝင်ရောက်မှုရှိပါတယ်။ ပွဲလမ်းသဘင်တွေရှိရင်တော့ ၁၅၀၀ လောက်အနည်းဆုံး လာရောက်လည်ပတ်ပါတယ်။ ဒီလိုဝန်ကြီးဌာနတွေက လာရောက်ဖျော်ဖြေတဲ့အတွက် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ပြည်သူတွေ ပိုသိလာနိုင်သလို ပြည်သူတွေအပန်းဖြေအနားယူစရာ၊ ဆွဲဆောင်စရာနေရာလေးဖြစ်လာပါတယ်။ တစ်နိုင်ငံလုံးကို သွားရောက်မလည်ပတ်နိုင်တဲ့ သူတွေအတွက် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကို တစ်နေရာတည်းမှာ လေ့လာနိုင်အောင် ပုံစံဖော်တည်ဆောက်ထားခြင်းဖြစ်ပါတယ်။

**မောင်အိုက်ခမ်(စက်မှုလယ်ယာဦးစီးဌာန)**

ကျွန်တော့်အနေနဲ့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို အခုလာလည်တာနဲ့ဆို သုံးခါရှိပါပြီ။ ဌာနက တိုင်းရင်းသားရိုးရာပဒေသာကပွဲကို ကြည့်ရှုလို့ရအောင် လိုက်ပို့ပေးတာပါ။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကမျိုးစုံကို ကြည့်ရှုခွင့်ရလို့လည်း ကျေးဇူးတင်ပါတယ်။ နောက်လည်း ဒီလိုအစီအစဉ်တွေကို မကြာခဏ စီစဉ်ပေးရင် တိုင်းရင်းသားအားလုံးရဲ့ ယဉ်ကျေးမှုအကအလှတွေကို ပိုပြီးလေ့လာကြည့်ရှုခွင့်ရမယ်လို့ မြင်မိပါတယ်။ ကျွန်တော်က ရှမ်းတိုင်းရင်းသား ဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးရဲ့ ရိုးရာဓလေ့နေထိုင်မှုပုံစံတွေကို တစ်နေရာတည်းမှာ လေ့လာကြည့်ရှုလို့ရတဲ့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို မရောက်ဖူးတဲ့သူတွေအနေနဲ့ လာရောက်လည်ပတ်ပါလို့ ပြောချင်ပါတယ်။

**မောင်နေအောင်(ရွှေမြန်မာဟိုတယ်၊ နေပြည်တော်)**

ဒီမှာပြသတဲ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာကပွဲကိုလည်း ကြည့်ရင်း အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲမှာရှိတဲ့ တိုင်းရင်းသားရိုးရာအိမ်တွေနဲ့ ရိုးရာဓလေ့နေထိုင်မှုပုံစံတွေကို လာရောက်လေ့လာတာပါ။ တိုင်းရင်းသားပေါင်းစုံရဲ့အကတွေရော မသိသေးတဲ့ အရင်ခေတ်တုန်းက အကတွေကိုပါ ကြည့်ခွင့်ရတဲ့အတွက် ဗဟုသုတတွေရပါတယ်။ ဖျော်ဖြေပွဲတွေ လုပ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒီကိုလာရောက်လည်ပတ်တာ နှစ်ကြိမ်ရှိပါပြီ။ အခုအကြိမ်က ပိုပြီးပျော်စရာကောင်းပါတယ်။

**မောင်ဘိုဘို(မိတ္ထီလာ)**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)မှာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပဒေသာကပွဲကို ဒီနေ့မှာ အခမဲ့ဖျော်ဖြေတင်ဆက်မယ်ဆိုတာကို Sky Net မှာ ကြော်ငြာတာတွေ့လို့ မိတ္ထီလာကနေ လာရောက်ကြည့်ရှုတာပါ။ ဒီနေ့နံနက်ပိုင်းမှာ မင်းသားအကရယ်၊ ယိမ်းအကရယ် နှစ်ခုကြည့်ပြီးသွားပါပြီ။ ယဉ်ကျေးမှုအဖွဲ့က ကပြဖျော်ဖြေတာ အလွန်ကောင်းပါတယ်။ အချိန်ကလည်း မလောက်တဲ့အတွက် ပဒေသာကပွဲနှစ်ပွဲလောက်ပဲကြည့်ပြီး အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက နေရာတွေစုံအောင် လျှောက်လည်ပြီးပြန်မှာပါ။ တစ်နေရာတည်းနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ ဓလေ့ထုံးတမ်းတွေကို စုံစုံလင်လင်လေ့လာကြည့်ရှုခွင့်ရပါတယ်။ အခုလာတာက သုံးခေါက်မြောက်ပါ။

**မသီသီခိုင်(နေပြည်တော်၊ ရွှေကြာပင်ရပ်ကွက်)**

ကျွန်မကတော့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကိုရောက်တာ အခုအကြိမ်နဲ့ဆို သုံးကြိမ်ရှိသွားပါပြီ။ အရင်အခေါက်တွေတုန်းက ဥယျာဉ်ထဲက နေရာတွေစုံအောင် လျှောက်သွားတယ်။ ဓာတ်ပုံရိုက်တယ်။ သရဲခြောက်တဲ့အိမ်ကြီးထဲကိုလည်း ဝင်ဖြစ်ပါတယ်။ အခုတစ်ခေါက်ကတော့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအလှတွေကို အခမဲ့ကြည့်ရှုခွင့်ရပါတယ်။ ယိမ်းအကရယ်၊ ခေတ်ခြောက်ခေတ်အကတွေကို ကြည့်ပြီးသွားပါပြီ။ အခုလိုပျော်စရာကောင်းတဲ့ အစီအစဉ်တွေရှိတော့ အရင်ကထက် ပိုပျော်ပါတယ်။ ကချင်ရိုးရာဝတ်စုံလေးကို ကြိုက်လို့ အဲဒီဝတ်စုံလေးနဲ့ အလှဓာတ်ပုံရိုက်နေတာပါ။ ပြီးရင် သရဲအိမ်သွားမယ်၊ နေရာစုံအောင် လျှောက်လည်မယ်။ အနယ်နယ်အရပ်ရပ်က ပြည်သူတွေကိုလည်း ဒီနေရာလေးကို လာကြပါလို့၊ ပျော်စရာ ကောင်းပါတယ်လို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဒေါ်စန်းမေ(နေပြည်တော်၊ ဉာဏသိဒ္ဓိရပ်ကွက်)**

ကျွန်မကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနက ဝန်ထမ်းတစ်ဦးပါ။ ရုံးက ဒီကိုလာဖို့ ကားစီစဉ်ပေးပါတယ်။ ဝန်ထမ်းမိသားစုအယောက် ၁၀၀ ကျော်လောက်ပါပါတယ်။ ကျွန်မတို့နေတဲ့နေရာနဲ့ ဒီအမျိုးသားအထိမ်းအမှတ်ဥယျာဉ်နဲ့က တော်တော်ဝေးပါတယ်။ နှစ်နာရီလောက် ကားစီးရပါတယ်။ ကိုယ့်ဟာကိုယ်ဆိုရင် ဒီကိုလာဖို့ မလွယ်ကူပါဘူး။ ရုံးက ကားစီစဉ်ပေးတော့ မိသားစုလိုက်လာဖြစ်တာပါ။ သမီးနှစ်ယောက်ပါပါတယ်။ ဒီကို ပထမဆုံးအကြိမ်ရောက်ဖြစ်တာပါ။ ကျွန်မကမြန်မာ့အနုပညာကို ငယ်ငယ်လေးကတည်းက ဝါသနာပါတဲ့အတွက် အခုလိုမျိုး ယဉ်ကျေးမှုအကအလှတွေနဲ့ ဖျော်ဖြေတင်ဆက်တာကို ကြည့်ရှုခွင့်ရလို့ အလွန်ပျော်ပါတယ်။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲကို ကားငှားပြီး လျှောက်လည်မှာပါ။ အလွန်ပျော်စရာကောင်းတဲ့အတွက် နောက်လည်း လာလည်ဖြစ်ဦးမှာပါ။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပဒေသာကပွဲ ဖျော်ဖြေတင်ဆက်မှုများကို အားပေးကြည့်ရှုကြသူများ၊ အထိမ်းအမှတ်ဥယျာဉ်အတွင်း ပြသထားသည့် တိုင်းရင်းသားရိုးရာအိမ်များ၊ ရိုးရာဓလေ့ နေထိုင်စားသောက်မှုပုံစံများကို လေ့လာကြည့်ရှုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရန်ကုန်- မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၂၅၇/၂) အရှေ့ဘက် တစ်မိုင်ခန့်အကွာ၌ တည်ရှိကြောင်း ရေးသားလိုက်ရပါသည်။

**တွေ့ဆုံမေးမြန်း-ကိုမင်း၊ နေဇာဇာထွန်း(ကြေးမုံ)**

# လားရှိုးမြို့၌ စည်းကမ်းပျက်ယာဉ်များကို အရေးယူ

**လားရှိုး ဩဂုတ် ၂၅**

ရှမ်းပြည်နယ် မြောက်ပိုင်းလားရှိုးမြို့၌ ဩဂုတ် ၂၃ ရက် နံက်ပိုင်းက လားရှိုးမြို့မှ ဒေသအသီးသီးသို့ထွက်ခွာသည့် ခရီးသည်ပို့ဆောင်ရေးယာဉ်များကိုဟိုပိတ်ကျေးရွာရှိ Oriental toll gate တွင် ပူးပေါင်းအဖွဲ့ကရှောင်တခင် စစ်ဆေးခဲ့ပြီး စည်းကမ်းပျက်ယာဉ်များကို အရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ငန်းလိုင်စင်ရယူလုပ်ကိုင်ခြင်း ရှိ၊ မရှိ၊ လိုင်စင်ပါစည်းကမ်းများလိုက်နာမှု ရှိ၊ မရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်စည်းကမ်းလိုက်နာမှု ရှိ၊ မရှိတို့ကို စစ်ဆေးအရေးယူ၊ ပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း ယင်းပူးပေါင်းအဖွဲ့ထံမှ သိရသည်။ စစ်ဆေးမှုကို ဇွန်လမှ စတင်ဆောင်ရွက်လျက်ရှိပြီး ယာဉ် ၂၅၀ စီးအား စစ်ဆေးခဲ့ပြီး ၁၅ စီးကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မင်း**

# မြောက်ကိုရီးယားနိုင်ငံထူထောင်ရေးနေ့ နှစ်ပတ်လည်အခမ်းအနားတွင် စစ်ရေးပြအခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ဖွယ်ရှိ



**ဝါရှင်တန် သြဂုတ် ၂၅**
မြောက်ကိုရီးယားနိုင်ငံ စတင်ဖွဲ့စည်းထူထောင်ရေးနေ့ နှစ်ပတ်လည်အခမ်းအနားတွင် စစ်ရေးပြအခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ပြုံယမ်းက ကြိုတင်စီစဉ်မှုများ လုပ်ဆောင်လျက်ရှိသည်ဟု ဂြိုဟ်တုဓာတ်ပုံများအရ အမေရိကန် သုတေသီအုပ်စုတစ်စုက ဆိုသည်။

အမေရိကန်သုတေသီအုပ်စုက အဆိုပါဂြိုဟ်တုဓာတ်ပုံများကို သြဂုတ် ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ယင်းဓာတ်ပုံများတွင် ပြုံယမ်းမြို့အပြင်ဘက်ရှိ စစ်ရေးပြကွင်းတွင် မြောက်ကိုရီးယားတပ်ဖွဲ့၏ လှုပ်ရှားမှုပုံရိပ်များကို မှတ်တမ်းတင်ထားကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ ဖွဲ့စည်းထူထောင်ရေးနေ့ နှစ်ပတ်လည်အခမ်းအနားကို စက်တင်ဘာ ၉ ရက်တွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ဆင်နွှဲမည့် စစ်ကား ၁၂၀ ခန့်ရှိသည်ဟု ဂြိုဟ်တုဓာတ်ပုံများအရ သုတေသီများကဆိုသည်။ စစ်ကားများတွင် တာတိုပစ်ဒုံးကျည်များ တပ်ဆင်ထားရှိမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

လက်နက်ကြီးသိုလှောင်ရုံများနှင့် ရွက်ဖျင်တဲများသည် သြဂုတ် ၁၂ ရက်ကစပြီး ပိုမိုများပြားလာကြောင်းနှင့် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် စစ်ရေးပြ အခမ်းအနားထက်ပိုမိုကြီးကျယ်ခမ်းနားနိုင်ဖွယ်ရှိကြောင်း သုတေသီများက ဆိုသည်။

ဖေဖော်ဝါရီလတွင်ကျင်းပခဲ့သည့် စစ်ရေးပြ အခမ်းအနားသည် the Hwasong-15 (ICBM class အမျိုးအစား)အပါအဝင် ဒုံးကျည်များကို သီးသန့်ပြသခဲ့ကြောင်း သိရသည်။

ယခုအခမ်းအနားသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် သမ္မတရှီတို့သည် နျူကလီးယားလက်နက် အပြီးတိုင်ကင်းစင်ပပျောက်ရေးအတွက် ပြုံယမ်း၏ ကြိုးပမ်းမှုများအပါအဝင် အမေရိကန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးတို့နှင့်ပတ်သက်ပြီး မည်သို့ဆွေးနွေးပြောကြားကြမည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# ပါလက်စတိုင်းတို့ထံ အကူအညီပေးမည့်အစီအစဉ် အမေရိကန် ဖျက်သိမ်း

**ဝါရှင်တန် သြဂုတ် ၂၅**
ဂါဇာကမ်းမြောင်ဒေသနှင့် အနောက်ဘက်ကမ်းဒေသတို့ရှိ ပါလက်စတိုင်းပြည်သူများအတွက် ဒေါ်လာ သန်း ၂၀၀ အထောက်အပံ့ပေးမည့်အစီအစဉ်ကို အမေရိကန်အစိုးရအဖွဲ့က ဖျက်သိမ်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သြဂုတ် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါလက်စတိုင်းနယ်မြေများအတွက် ထောက်ပံ့ပေးသော အကူအညီပေးရေးအစီအစဉ်ကို ပြန်လည်သုံးသပ်လေ့လာခဲ့ပြီးနောက် သမ္မတ ဒေါ်နယ်ထရန့်၏ ညွှန်ကြားချက်အရ ဒေါ်လာသန်း ၂၀၀ အထောက်အပံ့ပေးမည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂါဇာဒေသသို့ အထောက်အပံ့ပေးရေးတွင် နိုင်ငံတကာအသိုက်အဝန်းအတွက် စိန်ခေါ်မှုများရင်ဆိုင်နေရကြောင်း၊ ဟားမားစ်အဖွဲ့က ဂါဇာဒေသအား ထိန်းချုပ်ထားခြင်းသည် ယင်းဒေသ၏ ပြည်သူများကို ဘေးအန္တရာယ်ကျရောက်စေကြောင်း အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

**အေအက်ဖ်ပီ**





# ရုရှားနိုင်ငံရှိ ကလာရှနီကော့ဗ်ကုမ္ပဏီ လျှပ်စစ်ကား အမျိုးအစားသစ် ခင်းကျင်းပြသ

**မော်စကို သြဂုတ် ၂၅**
၁၉၇၀ ပြည့်လွန်နှစ်များက ဆိုဗီယက်ပြည်ထောင်စု၌ ရေပန်းစားခဲ့သည့် မော်တော်ယာဉ်ပုံစံတစ်မျိုးနှင့် အသွင်တူသော ဒီဇိုင်းပုံစံသစ်ဖြင့် လျှပ်စစ်ကား အမျိုးအစားသစ်ကို ထုတ်လုပ်ရောင်းချနိုင်ရန် ရုရှားနိုင်ငံရှိ ကလာရှနီကော့ဗ် လက်နက်ထုတ်လုပ်ရေးကုမ္ပဏီက ပြင်ဆင်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သြဂုတ် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

AK-47 စက်သေနတ်များ ထုတ်လုပ်မှုဖြင့် ကမ္ဘာကျော်ကြားသော ကလာရှနီကော့ဗ်ကုမ္ပဏီသည် ခေတ်ဟောင်းကားပုံစံ အသွင်ယူထားသော ခေတ်သစ်လျှပ်စစ်ကား အမျိုးအစားကို ထုတ်လုပ်ရောင်းချမည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီ၏ကြေညာချက်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံမြို့တော် မော်စကိုဆင်ခြေဖုံးအရပ်၌ ကျင်းပသော ကာကွယ်ရေးစက်မှုလုပ်ငန်းများ၏ ကုန်စည်ပြပွဲတွင် ကလာရှနီကော့ဗ်ကုမ္ပဏီက ထုတ်လုပ်သော စီဗွီ-၁ အမျိုးအစား လျှပ်စစ်ကားကို ခင်းကျင်းပြသထားသည်။

၁၉၇၀ ပြည့်လွန်နှစ်များကာလက ထုတ်လုပ်ခဲ့သော 'အစ်ကွမ်ဘီ'အမည်ရှိ မော်တော်ယာဉ်ပုံစံကို အခြေခံထားသော ဒီဇိုင်းပုံစံဖြင့် ထုတ်လုပ်ထားသည့် လျှပ်စစ်ကားကို စူပါလျှပ်စစ်ကားဟုလည်း ခေါ်တွင်ပြီး ကလာရှနီကော့ဗ်ကွန်ဆန်းအမည်ရှိ ဦးပိုင်ကုမ္ပဏီက သုတေသနပြုတည်ဆောက်ခဲ့သည်။

အဆိုပါ လျှပ်စစ်ကားတွင် အသုံးပြုသော ကွန်ဗာတာမှာ နည်းပညာအရ တစ်ခေတ်ပြောင်းလဲထားသည့် လျှပ်ကူးပြောင်း ကိရိယာဖြစ်ပြီး လျှပ်စစ်ဓာတ်အိုးအတွင်း တစ်ကြိမ်အားဖြည့်ထားပြီးပါက ကီလိုမီတာ ၃၅၀ အကွာအဝေးအထိ ခရီးနှင်နိုင်ကြောင်း ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြသည်။

ကလာရှနီကော့ဗ်ကွန်ဆန်း ဦးပိုင်ကုမ္ပဏီက သုတေသနပြု တည်ဆောက်သောစနစ်များဖြင့် လျှပ်စစ်ကားကို ထုတ်လုပ်ထားသည်ဆို၏။

**အေအက်ဖ်ပီ**

# ဘရာဇီးအမေဇုန်ဒေသ၏ ဝေးလံခေါင်သီသောအရပ်၌ လူသိနည်းပါးသော မျိုးနွယ်စုဝင်များ နေထိုင်လျက်ရှိ

**ဆော်ပေါ်လို သြဂုတ် ၂၅**
ပီရူးနိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်နေသော ဘရာဇီးအမေဇုန်သစ်တောဒေသ၏ စိမ်းရောင်စိုတစ်မျှော်တစ်ခေါ် နယ်မြေအတွင်း အထီးကျန်စွာ ရှိနေသည့် တိုင်းရင်းသားမျိုးနွယ်စုတစ်စု နေထိုင်လျက်ရှိပုံကို မောင်းသူမဲ့လေယာဉ်(ဒရုန်း)တစ်စင်းက မှတ်တမ်းတင် ရိုက်ကူးနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သြဂုတ် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

လူသူအရောက်အပေါက်နည်းလှသည့် နယ်မြေတစ်နေရာတွင် လူမသိ သူမသိ မထင်မရှားရှိနေသော တိုင်းရင်းသားမျိုးနွယ်စုတစ်စုမှ လူသားများ အေးချမ်းစွာ နေထိုင်လျက်ရှိပုံကို ကမ္ဘာသို့ ပြသနိုင်ပြီဖြစ်ကြောင်း ဘရာဇီးနိုင်ငံရှိ အမျိုးသား အင်ဒီးယန်းဖောင်ဒေးရှင်းက ထုတ်ပြန်ကြေညာသည်။ အဆိုပါဖောင်ဒေးရှင်းမှ သုတေသီများသည် အမေဇုန်သစ်တောဒေသ၏ လူသူအရောက်အပေါက်နည်းပါးသော ဂျာဗာရီချိုင့်ဝှမ်းဒေသသို့ ကွင်းဆင်းသွားရောက်ခဲ့ရာတွင် မောင်းသူမဲ့လေယာဉ်ကို အသုံးပြု၍ ဗီဒီယို မှတ်တမ်းရိုက်ကူးခဲ့သည်။

အမေဇုန်နက်စ်ပြည်နယ် အနောက်တောင်ပိုင်းရှိ လမ်းပန်းဆက်သွယ်ရေးအရ ချဉ်းကပ်ရန် ခက်ခဲလှသော နယ်မြေတစ်နေရာသည် တစ်နံတစ်လျား ကျယ်ပြောလှသည့် တောင်အမေရိကတိုက်နိုင်ငံ (ဘရာဇီးနိုင်ငံ)၏ လူသိအနည်းဆုံး တိုင်းရင်းသားမျိုးနွယ်စု ၁၀၀ ကျော်အနက် မျိုးနွယ်စုအများအပြား နေထိုင်ရာဒေသဟု ဆိုသည်။

အမျိုးသား အင်ဒီယန်းဖောင်ဒေးရှင်းမှ သုတေသီများသည် ၂၀၁၇ ခုနှစ်အတွင်း ဝေးလံသီခေါင်သော ဂျာဗာရီချိုင့်ဝှမ်းဒေသသို့ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်ခဲ့ကြသည်။ သုတေသနအဖွဲ့သည် မြစ်ကိုကျော်၊ ချောင်းကိုဖြတ်၊ ဖုန်တထောင်းထောင်းထသောလမ်းပေါ် ခြေကျင်လျှောက်ကာ ကီလိုမီတာ ၁၈၀ (မိုင် ၁၁၀)အထိ ခရီးကြမ်းနှင်ခဲ့ရသည်။

လူသိနည်းပါးသော တိုင်းရင်းသားမျိုးနွယ်စုဝင်များ၏ ယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်ပေးရန် ရည်ရွယ်သောစီမံကိန်းတစ်ရပ်အရ သုတေသီများက ဂျာဗာရီချိုင့်ဝှမ်းဒေသတစ်ခွင်တစ်ပြင်တွင် လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။ **အေအက်ဖ်ပီ**

# အာဆင်နယ်အသင်းနှင့် လက်စတာအသင်း နိုင်ပွဲကိုယ်စီရရှိခဲ့

ပရီမီယာလိဂ်ပြိုင်ပွဲ၏ ပွဲစဉ် ၃ အဖြစ် အာဆင်နယ်အသင်းနှင့် ဝက်စ်ဟမ်းအသင်း၊ ဆောက်သမ်တန်အသင်းနှင့် လက်စတာစီးတီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် အာဆင်နယ်အသင်းနှင့် လက်စတာစီးတီးအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

အာဆင်နယ်အသင်းသည် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ပွဲကစားချိန် ၂၅ မိနစ်တွင် ရရှိခဲ့သည့် အနာတိုဗစ်၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။ သို့ရာတွင် အာဆင်နယ်အသင်းကသာ ဂိုးများသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် မိနစ် ၃၀ တွင် မွန်ရီးယဲလ်ကလည်းကောင်း၊ ပွဲကစားချိန် မိနစ် ၇၀ တွင် အစ်ဆာဒီအော့က ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိရာမှလည်းကောင်း၊ ပွဲကစားချိန် မိနစ် ၉၀ တွင် လူစားဝင်ကစားသည့် ဒန်နီဝဲဘက်ကလည်းကောင်း သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဆောက်သမ်တန်အသင်းနှင့် လက်စတာစီးတီးအသင်းတို့၏ ပွဲစဉ်တွင် လက်စတာစီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆောက်သမ်တန်အသင်းက ဘာထရန်၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုး ရရှိခဲ့သော်လည်း လက်စတာစီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ဂရေးနှင့် မာကွီယာတို့က သွင်းယူပေးခဲ့ခြင်းကြောင့် လက်စတာစီးတီး ကအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အခြားပွဲစဉ်များဖြစ်သည့် ဘုန်းမောက်နှင့် အဲဗာတန်ပွဲစဉ်တွင် နှစ်ဂိုးစီသရေနှင့် ဟက်ဒါဖီးလ်နှင့် ကာဒစ်ဖ်ပွဲစဉ်တွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့ကြောင်း သိရသည်။





# ဝုလ်ဗာဟမ်တန်နှင့် မန်စီးတီး သရေကျ

ပရီမီယာလိဂ်ပြိုင်ပွဲ၏ ပွဲစဉ် ၃ အစောဆုံးပွဲစဉ်အဖြစ် ဝုလ်ဗာဟမ်တန်အသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းသည် ဒဏ်ရာရနေသည့် တိုက်စစ်မှူး ဒီဘရိုင်း မပါဝင်နိုင်ခဲ့ခြင်းကြောင့် တိုက်စစ်နှင့် ကွင်းလယ်တွင် အဂူရို၊ စတာလင်၊ ဒေးဗစ်ဆေးလ်ဗား၊ ဘာနာဒိုဆေးလ်ဗား၊ ဂန်ဒိုဂန်၊ ဖာနန်ဒင်ဟို စသည့်ကစားသမားများကို ပွဲထွက်ကစားစေခဲ့ပြီး ပထမပိုင်းပွဲကစားချိန်အတွင်း ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

သို့ရာတွင် အိမ်ရှင်အဖြစ် လက်ခံကစားရသည့် ဝုလ်ဗာဟမ်တန်အသင်းသည် ဒုတိယပိုင်း၌ ခြေစွမ်းပိုင်းပိုမိုတည်ငြိမ်လာခဲ့ပြီး ပွဲကစားချိန် ၅၇ မိနစ်တွင် မော်တင်ဟို၏ ဖန်တီးပေးမှုမှတစ်ဆင့် ဝီလီဘိုလီက ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ထို့ကြောင့် မန်စီးတီးအသင်းသည် ပွဲကစားချိန် ၆၂ မိနစ်တွင် ကွင်းလယ်ကစားသမား ဘာနာဒိုဆေးလ်ဗားနေရာတွင် ဂျီးဆပ်ကို ထည့်သွင်းလာခဲ့ပြီး ပွဲကစားချိန် ၆၉ မိနစ်တွင် ဂန်ဒိုဂန်၏ ဖန်တီးပေးမှုမှတစ်ဆင့် လာပေါ့တီက ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဝုလ်ဗာဟမ်တန်အသင်းနှင့် မန်စီးတီးအသင်းတို့မှာ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ခြင်းဖြစ်သည်။

# အဲဗာတန်အသင်းမှ တောင်ပံကစားသမား ဘိုလာစီ အက်စတွန်ဗီလာအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်း၏ တောင်ပံကစားသမား ဘိုလာစီသည် ချန်ပီယံရှစ်ကလပ် အက်စ်တွန်ဗီလာအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၉ နှစ်အရွယ်ရှိ တောင်ပံကစားသမား ဘိုလာစီသည် ၂၀၁၆ ခုနှစ်အတွင်းက ခရစ္စတယ်ပဲလေ့အသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

ကွန်ဂိုကြယ်ပွင့် ဘိုလာစီသည် အက်စ်တွန်ဗီလာအသင်းသို့ မပြောင်းရွှေ့မီကာလအတွင်း အက်စ်တွန်ဗီလာအသင်း၏ တန်းတက်ပြိုင်ဘက်အသင်းဖြစ်သည့် မစ်ဒယ်ဘရော့အသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများ ပြုလုပ်ခဲ့သူဖြစ်သည်။

တောင်ပံကစားသမား ဘိုလာစီသည် ၂၀၁၁ မှ ၂၀၁၂ အထိ ဘရစ္စတိုးစီးတီးအသင်းတွင်ကစားခဲ့ရာ ၂၃ ပွဲပါဝင်ကစားပေးခဲ့ပြီး ၂၀၁၂ မှ ၂၀၁၆ အထိ ခရစ္စတယ်ပဲလေ့အသင်းနှင့်အတူ ၁၃၃ ပွဲပါဝင်ကစားပေးခဲ့ပြီး ၂၀၁၆ ခုနှစ်မှ စတင်ကာ အဲဗာတန်အသင်းနှင့် ၂၉ ပွဲပါဝင်ကစားပေးခဲ့သည်။ လက်ရှိတွင် အက်စ်တွန်ဗီလာအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောင်ပံကစားသမား ဘိုလာစီသည် ဘရစ္စတိုးစီးတီး၊ ခရစ္စတယ်ပဲလေ့နှင့် အဲဗာတန်အသင်းတို့တွင် စုစုပေါင်း သွင်းဂိုး ၁၅ ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပြီး ကွန်ဂိုနိုင်ငံလက်ရွေးစင်အသင်းတွင်မူ ၃၂ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ရှစ်ဂိုးအထိသွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်





# စပါးဂိုးသမား ဟူဂိုလိုးရစ် သောက်စား၍ ကားမောင်းခြင်းကြောင့် လန်ဒန်အနောက်ပိုင်းရဲတပ်ဖွဲ့၏ တရားစွဲခြင်းခံခဲ့ရ

ပရီမီယာလိဂ်ကလပ် စပါးအသင်းမှ ဂိုးသမား ဟူဂိုလိုးရစ်သည် သောက်စား၍ ကားမောင်းခဲ့ခြင်းကြောင့် လန်ဒန်အနောက်ပိုင်းရဲတပ်ဖွဲ့၏ တရားစွဲဆိုခြင်းကို ခံခဲ့ရကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ်ရှိ ဂိုးသမား ဟူဂိုလိုးရစ်သည် ဩဂုတ် ၂၄ ရက်က သောက်စား၍ ကားမောင်းစဉ် လှည့်ကင်းရဲတပ်ဖွဲ့၏ ရပ်တန့်စစ်ဆေးခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။

စပါးအသင်းဂိုးသမား ဟူဂိုလိုးရစ်သည် ၂၀၁၂ ခုနှစ်က ပြင်သစ်ပထမတန်းကလပ် လိုင်ယွန်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပရီမီယာလိဂ်ကလပ် စပါးအသင်းနှင့်အတူ ပွဲပေါင်း ၂၅၆ ပွဲအထိ ပါဝင်ကစားပေးထားခဲ့သူဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ လှည့်ကင်းရဲတပ်ဖွဲ့၏ ရပ်တန့်စစ်ဆေးခြင်းကို ခံခဲ့ရပြီးနောက် ဂိုးသမားဟူဂိုလိုးရစ်က သူ၏ မိသားစု၊ စပါးအသင်း၊ စပါးအသင်းကစားဖော်များ၊ နည်းပြနှင့် ၎င်းကို အားပေးနေသည့်ပရိသတ်များအားလုံးကို နှလုံးသားဖြင့်ရင်း၍တောင်းပန်ကြောင်း ပြောကြားခဲ့သည်။

ဒ့ါအပြင် ဂိုးသမား ဟူဂိုလိုးရစ်က ၎င်းပြုမူခဲ့သည့် အပြုအမူနှင့် စပ်လျဉ်း၍ အပြည့်အဝတာဝန်ရှိကြောင်းနှင့် နောက်နောင်ယခုကဲ့သို့ဖြစ်ရပ်မျိုးမဖြစ်ပွားအောင် နေထိုင်သွားမည်ဖြစ်ကြောင်းလည်း ဆိုသည်။

ဂိုးသမား ဟူဂိုလိုးရစ်သည် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်းခေါင်းဆောင်အဖြစ် ပါဝင်ခဲ့ပြီး ပြင်သစ်အသင်းက ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့ခြင်းကြောင့် ဟူဂိုလိုးရစ်မှာ ပြင်သစ်အသင်းနှင့် အတူ ကမ္ဘာ့ဖလားချန်ပီယံဆုကို ရယူနိုင်ခဲ့သည့် ကစားသမားတစ်ဦးလည်း ဖြစ်လာခဲ့သည်။

ဂိုးသမား ဟူဂိုလိုးရစ်သည် စပါးအသင်းတွင်လည်း လက်စွမ်းပြကစားနိုင်ခဲ့ပြီး စပါးအသင်းမှာ ပရီမီယာလိဂ် အဖွင့်ပွဲစဉ်တွင် နယူးကာဆယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ပွဲစဉ် ၂ တွင် ဖူလ်ဟမ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး ပွဲစဉ် ၃ အဖြစ် ဩဂုတ် ၂၇ ရက်ညပိုင်းတွင် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

# ဖားကန့်၌ ကျောက်မိုင်းခွဲထားသည့် မြေစာပုံပြိုကျ၍ အမျိုးသားနှစ်ဦး ပျောက်ဆုံး



**ဖားကန့် ဩဂုတ် ၂၅**
ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် မော်ဝမ်းကလေးကျေးရွာအနီးရှိ မြန်မာကြွယ်ဝကုမ္ပဏီ ကျောက်မျက်တူးဖော်ရေးလုပ်ကွက်၌ ဩဂုတ် ၂၄ ရက်က ကျောက်မိုင်းခွဲထားသည့် မြေစာပုံပြိုကျရာမှ အမျိုးသားနှစ်ဦး မြေစာများနှင့် ရောပါပျောက်ဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီခန့်က ဖားကန့်မြို့နယ် မော်ဝမ်းကလေးကျေးရွာအနီးရှိ မြန်မာကြွယ်ဝကုမ္ပဏီ၏ ကျောက်မျက်တူးဖော်ရေးလုပ်ကွက်အတွင်း အမြင့်ပေ ၃၀၀ ခန့်ရှိ မိုင်းဖောက်ခွဲထားသည့် မြေစာများ ရုတ်တရက်ပြိုကျခဲ့ရာ အဆိုပါကုမ္ပဏီမှ မိုင်းလုပ်သား သိန်းထွန်းဦးနှင့် ရေမဆေးကျောက်ရှာဖွေသူ အောင်သူတို့နှစ်ဦးမှာ မြေစာများနှင့်အတူ ရောပါပျောက်ဆုံးနေကြောင်း သိရသည်။

မြေစာပုံပြိုကျရာနေရာသို့ ဖားကန့်မြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးပြေငြိမ်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက ပျောက်ဆုံးနေသူနှစ်ဦးကို ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်ခဲ့သော်လည်း ရှာဖွေတွေ့ရှိခြင်း မရှိသေးကြောင်းနှင့် ယနေ့တွင် ရှာဖွေကယ်ဆယ်ရေးများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ထားဝယ်၌ ယမ်းနှင့် ဆက်စပ်ပစ္စည်းများခိုးယူသူ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၂၅**
ထားဝယ်မြို့ အမှတ်၂ သတ္တုတွင်းလုပ်ငန်းသုံး ယမ်းတိုက်အတွင်းမှ ယမ်းနှင့်ဆက်စပ်ပစ္စည်းများ ခိုးယူခဲ့သူအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၂ ရက် ညနေ ၃ နာရီ မိနစ် ၄၀ က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဟာမြင်းကြီးကျေးရွာရှိ "ထွန်းကြယ်တစ်ပွင့်" ကုမ္ပဏီမှ လုပ်ကွက်အတွက် အသုံးပြုရန်လိုအပ်သည့် ယမ်းနှင့်ဆက်စပ်ပစ္စည်းများထုတ်ယူရန် အမှတ် ၂ သတ္တုတွင်းလုပ်ငန်း နောက်ချန်တာဝန်ခံ ဦးဝင်းမြင့်၊ "ငွေထွန်းတောက်"ကုမ္ပဏီမှ ယမ်းတိုက်တာဝန်ခံ ဦးအောင်မိုး၊ "ငွေကြယ်တစ်ပွင့်"ကုမ္ပဏီမှ တာဝန်ခံ ဦးမျိုးမင်းအောင်တို့သည် ယမ်းတိုက်သို့ သွားရောက်ခဲ့ရာ ယမ်းအခန်းမှာ လက်ရာပျက်ယွင်းမှုမရှိဘဲ ဆက်စပ်ပစ္စည်းများထားသိုရာ အပြင်တံခါးသော့နှင့် အတွင်းသစ်သားတံခါးသော့များ ပျက်စီးနေကြောင်း တွေ့ရှိရသဖြင့် ပစ္စည်းများအားစစ်ဆေးရာ Detonator No.8 (1200 Nos) (ငွေကျပ် ၁၆၂၀၀၀ ခန့်)၊ MS Delay Electric Detonator No.3 (100 Nos)(ငွေကျပ် ၆၇၅၀၀၀)၊ MS Delay Electric Detonator No.5(300 Nos) (ငွေကျပ် ၆၇၅၀၀၀)နှင့် Detonator Coed (50 Mtrs) (ငွေ ၂၃၆၂၅ ကျပ်ခန့်)တို့မှာ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရ၍ ခိုးယူသူအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် တိုင်တန်းချက်အရ ထားဝယ်မြို့မရဲစခန်းက အမှုဖွင့်ထားရှိခဲ့သည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း စုံစမ်းစစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ မြင်းမတ်တပ်ကျေးရွာနေ ကျော်သူထွေးဖြစ်ကြောင်း သိရပြီး ဩဂုတ် ၂၄ ရက် ည ၁၁ နာရီတွင် ၎င်းအား ဖမ်းဆီးရမိခဲ့သဖြင့် သက်သေခံပစ္စည်းများသိမ်းဆည်းကာ ကျော်သူထွေးအား ထားဝယ်မြို့မရဲစခန်း၌ အရေးယူစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော်**

နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး မူးယစ်အဖွဲ့ငယ်နှင့် ရွှေတွင်းကုန်းမြို့မရဲစခန်းတို့မှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ သတင်းအရ ယနေ့နံနက်က ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာအုပ်စု ဗောဓိမြိုင်ကျေးရွာနေ ကောင်းကောင်း(ခ)ကောင်းထက်ကျော်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၇ ပြား(ကာလတန်ဖိုးငွေကျပ် ၃၄၄၀၀၀)နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**နေသန်**

**နေပြည်တော်**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီက အမှတ် ၁ ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(နေပြည်တော်) ပုဗ္ဗသီရိမြို့နယ် ထုံးဖိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ထွန်းထွန်းဦး (ခ)စည်သူ(ခ)ပြောင်ကြီး မောင်းနှင်သော ယာဉ်အမှတ် 5J/---- ခဲရောင်ယာဉ်အား ဥပ္ပါတသန္တိစေတီတော်ရှေ့ ရာဇဌာနီလမ်းမကြီးတွင် ရပ်တန့်စစ်ဆေးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ နှင်းဆီပန်းအဝိုင်းအနီးတွင် ဖမ်းဆီးရမိခဲ့သည်။ ထို့နောက် ထွန်းထွန်းဦးအား စစ်ဆေးမေးမြန်းချက်အရ ၎င်းတည်းခိုနေထိုင်သည့် ဥတ္တရသီရိဟိုတယ်ဇုန်(၂) ရွှေဂုံတိုင်ဟိုတယ်အား ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉ ပြား(အလေးချိန် ၁၁ ဒသမ ၉ဂရမ်ခန့်)၊ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြား(အလေးချိန်သုည ဒသမ ၇ ဂရမ်ခန့်)၊ အိုက်စ်ဟုယူဆရသော အကြည်ရောင်ပုံဆောင်ခဲ ၅၀ ဂရမ်ခန့်ပါ တစ်ထုပ်နှင့် ၂၀ ဒသမ ၂ ဂရမ်ပါ တစ်ထုပ် (စုစုပေါင်းအလေးချိန် ၇၀ ဒသမ ၂ ဂရမ်ခန့်)နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သဖြင့် ထွန်းထွန်းဦး(ခ)စည်သူ(ခ)ပြောင်ကြီးအား ထုံးဖိုမြို့မရဲစခန်းက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုရှူပ(နေပြည်တော်)**

**မိုးမိတ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့တွင် ဒုတိယရဲအုပ်အောင်အောင် ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၂၅ ရက် နံနက် ၇ နာရီခွဲက မိုးမိတ်မြို့နယ် လက်ခုပ်တန်းရပ်ကွက်ရှိ အောင်ဆိုင်း၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်း၏နေအိမ်အပေါ်ထပ်ရှိ အိပ်ခန်းအတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀၀(ကာလတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀)နှင့် ၎င်းအခန်းအတွင်း ဗီရိုအောက်ထပ်၌ မူးယစ်ဆေးဝါး ရောင်းချရငွေဟု ယူဆရသော ငွေကျပ် ၁၈၉၅၀၀၀ တို့အား ရှာဖွေတွေ့ရှိသဖြင့် အောင်ဆိုင်းအား မိုးမိတ်မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးမိတ်သား**

# ဘူးသီးတောင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ သိန်းခန့် သိမ်းဆည်းရမိ

**ဘူးသီးတောင် ဩဂုတ် ၂၅**
ဘူးသီးတောင် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သောင်းကြွယ်ဦးစီးတပ်ဖွဲ့ဝင်များသည် သတင်းအရ ယနေ့ ညနေပိုင်းက ဘူးသီးတောင်မြို့နယ်အထွက် ဘူးသီးတောင်-မောင်တောသွား ကားလမ်းပေါ်၌ စောင့်ဆိုင်းနေစဉ် ဘူးသီးတောင်မှ မောင်တောသို့ မောင်းနှင်လာသည့်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ကျော်စိုးဦးနှင့် အောင်မြင့်ဦး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် နေသူတို့နှစ်ဦးအားတွေ့ရှိရပြီး ယာဉ်နောက်ခန်းအတွင်းမှ အဝါရောင်ဆာလာအိတ်ဖြင့်ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၄ သိန်းခန့်အားတွေ့ရှိ၍ ၎င်းတို့နှစ်ဦးအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၈၃၀၊ သွင်းကုန် ၅၃၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၂ စီး၊ သွင်းကုန် ၁၂၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၃၃၆ သန်းခန့်)စုစုပေါင်းတားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၃၃၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းတစ်လျှောက် ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် စုပုံထားသည့် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Sugar(50Kg) (98 Bags)၊ CHEER BEER(330ml × 24Can)(30Pkgs)နှင့် ခရီးသည်တင်မှန်လုံယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် Electric Rice Cooker (1.8L)(60 U) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၃၃၆ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျုံးအတွင်း ငါးဆင်းကောက်ရာမှ ကလေးငယ်နှစ်ဦး ရေနစ်သေဆုံး

**မန္တလေး ဩဂုတ် ၂၅**
မန္တလေးမြို့ အောင်မြေသာစံမြို့နယ် လမ်း ၈၀၊ ၁၃ လမ်းထောင့်တွင် ယနေ့ညနေ ၄ နာရီခွဲခန့်က ကလေးငယ်သုံးဦး ကျုံးအတွင်း ငါးဆင်းကောက်ရာမှ ကလေးငယ်နှစ်ဦး ရေနစ်သေဆုံးကြောင်း သိရသည်။

သေဆုံးသည့် ကလေးငယ်နှစ်ဦးမှာ အသက် ၁၀ နှစ်ဝန်းကျင်နှင့် အသက် ၁၄ နှစ်တို့ဖြစ်ပြီး ၁၁ နှစ်အရွယ်ကလေးငယ်မှာ သေဆုံးခဲ့ခြင်းမရှိကြောင်း၊ အဆိုပါကလေးငယ်များမှာ အောင်မြေသာစံမြို့နယ် ရွှေနှင်းဆီရပ်ကွက် ၁၅ လမ်းနှင့် ၁၆ လမ်းကြားတွင် နေထိုင်ကြောင်း သိရသည်။

ရေနစ်ခဲ့သည့် ကလေးငယ်တစ်ဦးဖြစ်သူ မောင်ခန့်စည်သူက "ကျုံးထဲမှာ ငါးတွေ့လို့ ပထမတစ်ယောက်က ဆင်းကောက်တယ်၊ အဲဒီမှာ ရေနစ်မှာစိုးတဲ့အတွက် လက်ပေးတဲ့အခါ ကျွန်တော့်ကိုထပ်ဆွဲလို့ ကျွန်တော်လည်းရေထဲကျသွားတယ်၊ အဲဒါကိုမြင်ပြီး နောက်တစ်ယောက်က ထပ်ကယ်ဖို့ကြိုးစားရာမှာ သူလည်းရေထဲကျသွားတယ်"ဟု ပြောသည်။

ဖြစ်စဉ်အား အောင်မြေသာစံမြို့နယ် အမှတ် ၂ ရဲစခန်းမှ စစ်ဆေးမှုများ ပြုလုပ်နေပြီး သေဆုံးသူများအား မန္တလေးအထွေထွေရောဂါကုဆေးရုံသို့ ပို့ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၃၀ | "ကောင်းကင်မှာထွန်းတောက်နေတဲ့သာသနာ့အာဇာနည်၊ တိပိဋကပါဠိပါရဂူရွှေရတုတိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ထေရုပ္ပတ္တိ" (ဒုတိယပိုင်း) |
| ၇း၀၀ | Breakfast News |
| ၇း၂၅ | ဒေါက်တာဘဒ္ဒန္တစိန္တိတာလင်္ကာရအဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် နိုင်ငံ့စွမ်းဆောင်ရည်ဆုရှင်ပဠိမာရုံစာသင်တိုက်ဆရာတော်လပ္ပတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး ဟောကြားတော်မူသော "အရာရာအောင်မြင်ကြောင်းတရား(၃)ပါး"တရားတော် |
| ၈း၃၅ | "မင်္ဂလာရေခင်းတီးကွက်" |
| ၉း၁၀ | အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တစန္ဒိမာဘိဝံသနိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်မင်းကျောင်းပထမပြန်စာသင်တိုက် သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီးထံမှနဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း |
| ၉း၄၀ | MRTV Travelogue |
| ၁၀း၀၀ | Sunday Talk |
| ၁၀း၃၀ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၁း၀၀ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၁၁း၀၅ | ကဗျာရိပ်မြုံ "ကိုယ်ပိုင်စွမ်းအား" |
| ၁၁း၄၀ | "ထူးမြတ်သာယာလက်ဆေးကန်တော်မဟာ" |
| ၁၂း၃၀ | ဒွါဒသမတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အသျှင်အဘိဇာတာလင်္ကာရဘိဝံသ(စစ်ကိုင်းဆရာတော်)ဟောကြားတော်မူသော "ဆင့်ကဲဆင့်၍မြင့်ပါစေ" တရားတော် |
| ၁၃း၄၀ | This Week's Special Interest |
| ၁၃း၅၅ | "ရဟန်းစားရသောဆွမ်းတစ်နပ်" |

**ညပိုင်း**

| | |
|---|---|
| ၁၇း၀၅ | Sunday Talk |
| ၁၇း၃၀ | "ရှေးဟောင်းစေတီပုထိုးများနှင့် ဆားလယ်ယဉ်ကျေးမှုနယ်မြေ" |
| ၁၈း၂၅ | လေ့လာစရာစုံလင်အမိမြန်ပြည်တစ်ခွင် "ညောင်ကန်ကြေးခေတ်ယဉ်ကျေးမှုနယ်မြေဆီသို့" |
| ၁၈း၄၅ | "သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ မေတ္တာသုတ္တန်တရားတော်" |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၁၇) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | In & Out "ချင်းမိုင်၊ ချင်းရိုင်ခရီးစဉ်"(အပိုင်း-၆)(လေးဖြူနှင့်အဖွဲ့) -နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၁၅) -"မှီခိုရာ"(ဒါန) -အစီအစဉ်ပြီး၏။ |

# ၂၀၁၈–၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ဎ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၀၀၀၁ ကျပ်မှ ကျပ် ၂၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၄၁ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၃၀၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၅၉၇၂ ကျပ် |
| | (တ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ်မှ ကျပ် ၂၉၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၆၇၀၃ ကျပ် |
| | (ထ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၉၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏၆၀% |
| ၉ | ဘီယာအမျိုးမျိုး | | ၆၀% |
| ၁၀ | (က) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၄ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၆ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၅၆၉ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၇၃၂ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၄ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ ကျပ် |
| | (ဎ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ်မှ ကျပ် ၁၉၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၀၀ ကျပ် |
| | (ဏ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၉၅၀၁ ကျပ်မှ ကျပ် ၂၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၅၀ ကျပ် |
| | (တ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၂၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၅၄ ကျပ် |
| | (ထ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏၅၀% |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ | | ၅% |
| ၁၂ | ကျောက်စိမ်း အရိုင်းထည်များ | | ၁၅% |
| ၁၃ | စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ | | ၁၀% |
| ၁၄ | စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ စိန်နှင့်မြမှအပ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာအချောထည်များ။ | | ၅% |
| ၁၅ | (က) Double Cab 4 Door Pickup မှ အပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀% |
| | (ခ) Double Cab 4 Door Pickup မှ အပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀% |
| | (ဂ) Double Cab 4 Door Pickup မှ အပ ၄၀၀၁ CC နှင့် အထက်ဗင်ကား များ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး(Coupe) ကားများ။ | | ၅၀% |
| ၁၆ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅% |
| ၁၇ | သဘာဝဓာတ်ငွေ့။ | | ၈% |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်း ရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန် မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သဘာဝဓာတ်ငွေ့ | ၈% |
| ၂ | သစ်လုံး၊ သစ်ခွဲသားများ | ၁၀% |
| ၃ | ကျောက်စိမ်း အရိုင်းထည်များ | ၁၅% |
| ၄ | စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ | ၁၀% |
| ၅ | စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ စိန်နှင့်မြမှအပ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက် ရတနာ အချောထည်များ | ၅% |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရအခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမ ကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏အခန်း (၅) တွင်ဖော်ပြပါရှိသောစကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ပုဒ်မ (၁)၊ ပုဒ်မခွဲ (ဂ) ပါ စကားရပ်များမှအပ အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထား သည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## ကုန်သွယ်လုပ်ငန်းခွန်


၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -


**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ**


(က) အောက်ဖော်ပြပါကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ -


| စဉ် | ကုန်စည်အမျိုးအစား |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ |
| ၂ | ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း |
| ၃ | ပြောင်းအမျိုးမျိုးနှင့် ပြောင်းမှုန့်အမျိုးမျိုး |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ |
| ၅ | မြေပဲတောင့်၊ မြေပဲဆံ |
| ၆ | နှမ်း၊ ပန်းနှမ်း |
| ၇ | နေကြာစေ့၊ ဝါစေ့ |
| ၈ | ဆီအုန်း |
| ၉ | ဝါအမျိုးမျိုး |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ |
| ၁၂ | အာလူး |
| ၁၃ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ |
| ၁၄ | သစ်သီးစိမ်းအမျိုးမျိုး |
| ၁၅ | ဟင်းသီးဟင်းရွက်များ |
| ၁၆ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ |
| ၁၇ | ပိုးစာရွက် |
| ၁၈ | ပရဆေးများ |
| ၁၉ | ဖာလာ၊သနပ်ခါးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ |
| ၂၀ | ထင်း၊ ဝါး။ |


(ဆက်လက်ဖော်ပြပါမည်။)













# စာရိတ္တမယွင်း ထိန်းမတ်ခြင်း အဂတိကင်း နိုင်ငံတော်

ကိုရင်ဩ

အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ကျောသားရင်သားမခွဲခြားဘဲ ထိရောက်စွာ အရေး ယူနိုင်ရန် မိမိတို့ကြိုးပမ်းဆောင်ရွက်နေသည်ဟု ဗီယက်နမ်နိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ ဦးဆောင်ကော်မတီက ကမကထပြုကျင်းပသော ညီလာခံတစ်ရပ်တွင် ကွန်မြူနစ်ပါတီ အကြီးအကဲ ငုယင်ဖြူထရောင်းက ပြောကြားလိုက်သည်ဆိုသော သတင်းတစ်ပုဒ်ကို ကွန်ုပ်ဖတ်ရှုရသောအခါ ချည်ဝင်အူပေါက် အစပျောက်သလို ရှုပ်ထွေးလှသည့် အဂတိတရား၏ ဆိုးညစ်ယုတ်မာမှုများ ကင်းဝေးစေရေးအတွက် အစဉ်အလာကြီးမားလှသော ကွန်မြူနစ်ပါတီက ဦးဆောင်လျက် မည်သို့မည်ပုံ အရေးယူ ဆောင်ရွက်လျက် ရှိနေပါအံ့နည်းဟု လေ့လာစေ့ငုမိလေ၏။

## ငါးကြီးကြီးကို ကြော်

ယနေ့ကာလသည်ကား ဗီယက်နမ်နိုင်ငံ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လှုပ်ရှားမှုအရ 'ငါးကြီးကြီးကို ကြော်' နေသည့် ကာလတစ်ရပ်ကို ဖြတ်သန်းလျက်ရှိ၏။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အဂတိလိုက်စားပါက ရာထူးကြီးငယ် မရွေး သက်ညှာခွင့်မပေးသော 'မူ' အား ကိုင်စွဲလျက် အဂတိလိုက်စားသူများကို နာနာဖွပ်လျက်ရှိပါသည်ဟု ဆိုသည်။

ဆန်ကို ဆန်ကောတွင်ထည့်၍ ပြာပြီး မလိုအပ်သည်ကို ခါထုတ်ဘိသကဲ့သို့ ဗီယက်နမ်လူ့အဖွဲ့အစည်းအတွင်း တွယ်ကပ်နေသော အကျင့်ပျက်ခြစားသူများကို နှာထုတ်နိုင်မှသာ သာယာရွှေပြည် နိုင်ငံတော်အဖြစ် ထူထောင်နိုင်ပေလိမ့်မည်။

ကွန်မြူနစ်ပါတီနှင့် တာဝန်ရှိသူများအပေါ် ပြည်သူခပင်း၏ ယုံကြည်ကိုးစားခြင်း တိုးပွားခြင်း ဖြစ်စေရန် ပြစ်မှုကျူးလွန်သူ မည်သူမဆို ကျောသား ရင်သားမခွဲခြား အရေးယူလျက်ရှိနေပုံ၊ ဘက်တော်သားမရွေး ပြစ်ဒဏ်ပေးလျက်ရှိနေပုံတို့နှင့် ပတ်သက်၍ အဆိုပါညီလာခံတွင် ကွန်မြူနစ်ပါတီအထွေထွေ အတွင်းရေးမှူး မစ္စတာ ထရောင်းက ဆိုမိန့်ခဲ့လေသည်။

ပုဂ္ဂိုလ်ကြီးကြီး၊ ရာထူးမြင့်မြင့် ဂုဏ်သိန်ဝင့်ဝင့် ပုဂ္ဂိုလ်အတော်များများကို အဂတိလိုက်စားမှုဖြင့် အကျဉ်းချထားခြင်း၊ ဖမ်းဆီးချုပ်နှောင်ထားခြင်း၊ သို့မဟုတ် ရာထူးမှ အဆင့်ချခြင်းတို့ ပြုလုပ်ခဲ့သည်ဆို၏။

## အရှိန်အဟုန်ရ

ဗီယက်နမ်နိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့ ဦးဆောင်ကော်မတီသည် လွန်ခဲ့သည့် ငါးနှစ်တာကာလပတ်လုံး အဂတိလိုက်စားမှုဆိုင်ရာ တိုင်ကြားချက်ပေါင်း ၁၂၅ ခုကို အရေးယူကိုင်တွယ်ခဲ့ပြီး အမှုတွဲပေါင်း ၄၀ အရ လူပေါင်း ၅၀၀ ကျော်ကို တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်စီရင်ချက် ချမှတ်ခြင်းတို့ ပြုစေနိုင်ခဲ့သည်ဟု ဆိုရာ ယင်းနိုင်ငံ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်း အရှိန်အဟုန်ရရှိနေပြီဟု ထောက်ချင့်သိရှိရပေသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ် ဩဂုတ်လအထိဖြစ်သော ကာလတွင် ဗဟို အစိုးရအဖွဲ့မှ တာဝန်ရှိသူ ၅၆ ဦးကို စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူခဲ့သည်။

ကြေ့ကြမ်းဟော့ရမ်းမှုကို လက်မခံ၊ အဂတိလိုက်စားမှုမှန်သမျှ ကြွင်းကျန်ခြွင်းချန်ခြင်းမရှိစေရဟူသော မူအရ ဩဂုတ်အစောပိုင်းက အရေးယူခံရသူ ပုဂ္ဂိုလ်ကြီးတစ်ဦးမှာ ပြည်သူ့ရေးရာ လုံခြုံရေးဌာန ဒုတိယဝန်ကြီး ဘွေဗန်သန်းဆိုသူဖြစ်၏။ ဘွေသည် ဒါနန်းမြို့မှ စီးပွားရေးလုပ်ငန်းရှင်သူဌေးကြီး ဗူကို ပြည်ပသို့ ခရီးသွားလာခွင့်ပေးခဲ့ခြင်းအပါအဝင် ဥပဒေ စည်းမျဉ်းများ ချိုးဖောက်မှုအတွက် ရာထူးမှ ဖယ်ရှားခံခဲ့ရသည်။

စီးပွားရေးလုပ်ငန်းရှင် ဗူသည် ယခုအခါ နိုင်ငံတော်လျှို့ဝှက်ချက်များ ဖွင့်ချခဲ့မှုအတွက် အကျဉ်းချခံထားရပြီး ရာဇဝတ်ပြစ်မှုကြောင်းအရ စွဲချက်တင်ခံရမည့်အရေး ရင်ဆိုင်နေရသည်။

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်လကလည်း ပြန်ကြားရေးဝန်ကြီး ထရန်မင်းထွန်းကို ရာထူးမှ ဖယ်ရှားခဲ့သည်။ ပုဂ္ဂလိကရုပ်မြင်သံကြားကုမ္ပဏီ Audio Visual Global JSC အား MobiFone ကုမ္ပဏီကြီးက ဥပဒေဘောင်ကို ကျော်လွန်၍ ရယူခဲ့သည့် ကိစ္စရပ်တွင် တာဝန်မကင်းမှုဖြင့် ရာထူးမှ ဖယ်ရှားခံခဲ့ရခြင်းဖြစ်သည်။

အလားတူပင် ပြီးခဲ့သည့် ဧပြီလအတွင်း အမျိုးသားရဲတပ်ဖွဲ့ အကြီးအကဲဟောင်း ဖန်ဗန်ဗင်းအား အာဏာအလွဲသုံးမှုဖြင့် အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ သူသည် ဒေါ်လာသန်း ၄၂၀ အထိ အကျိုးဝင်လုပ်ကိုင်နေသော လောင်းကစားဒိုင်ကြီးတစ်ခုကို အကာအကွယ်ပေးခဲ့မှုအတွက် စွဲချက်တင်ခံထားရသည်။

ထို့အတူပင် ပြီးခဲ့သည့် မတ်လအတွင်း ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနအောက်ရှိ ဆိုက်ဘာပြစ်မှု (ဝါ) ကွန်ပျူတာကွန်ရက်ဖောက်ထွင်းမှု ပြစ်မှုဌာန၏ အကြီးအကဲဟောင်း ငုယင်သန်းဟောင်မှာလည်း အဂတိလိုက်စားမှုဆိုင်ရာ ပြစ်ချက်အရ အဖမ်းခံခဲ့ရလေသည်။

ဗီယက်နမ်နိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းတွင် တန်ခိုးဩဇာအာဏာ အကြီးမားဆုံး ပုဂ္ဂိုလ်များအနက်မှ အရေးယူခံခဲ့ရသူမှာ ဟိုချီမင်းမြို့၏ ကွန်မြူနစ်ပါတီ ခေါင်းဆောင် ဒင်လာသန်း ဖြစ်သည်။ သန်းသည် ပက်ထရိုဗီယက်နမ် ရေနံလုပ်ငန်းကုမ္ပဏီ အကြီးအကဲအဖြစ် တာဝန်ယူချိန်ကာလအတွင်း အဂတိလိုက်စားမှုဖြင့် ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက် ထောင်ဒဏ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည်။

"ဗီယက်နမ်နိုင်ငံမှာ အဂတိလိုက်စားမှု ပြဿနာကို အလေးပေးကိုင်တွယ် ဆောင်ရွက်နေတာကြောင့် အဂတိလိုက်စားမှုဖြစ်စဉ်တွေ တစ်စတစ်စလျော့နည်းလာနေပါပြီ" ဟု ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ထရောင်းက သုံးသပ်ပြောကြားခဲ့သည်။

ထရောင်း၏ အထက်ပါ ပြောဆိုချက်မှာ ဧပြီလအတွင်းက ထုတ်ပြန်ခဲ့သော ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု စွမ်းဆောင်ရည် အညွှန်းကိန်းအစီရင်ခံစာပါ အချက်အလက်များနှင့် ကိုက်ညီလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံ၌ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ တိုးတက်မှုနှင့် အစိုးရ အဖွဲ့အစည်းအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ပုံတွင် ပွင့်လင်းမြင်သာမှု အခြေအနေတို့နှင့် ပတ်သက်၍ နိုင်ငံတစ်ဝန်း စစ်တမ်းတစ်ရပ်ကောက်ယူကာ သတင်းအချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ပြီးနောက် အစီရင်ခံစာ ထုတ်ပြန်ခြင်းဖြစ်သည်။




ဗီယက်နမ်နိုင်ငံ၏ ပြည်သူပိုင် လုပ်ငန်းကဏ္ဍ၌ အဂတိလိုက်စားမှုများကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုမှာ အောင်မြင်မှုရှိနေပြီး မြေယာလုပ်ကိုင်ခွင့် အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက် တောင်သူဦးကြီးတို့က ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား လာဘ်ထိုးရမှုမှာ အလွန်အလွန် နည်းပါးသွားခဲ့ပြီဆို၏။

ထိုနည်းနှင်နှင်ပင် ပြည်သူ့ဆေးရုံများ၌ ပြည်သူတို့လာဘ်ပေးရမှုဖြစ်ရပ်များမှာ နည်းပါးသွားခဲ့သကဲ့သို့ ပြည်သူတို့ မြေသိမ်း၊ ယာသိမ်းခံရမှု ဖြစ်ရပ်များမှာလည်း သိသိသာသာ လျော့နည်းသွားခဲ့လေသည်။

## အဂတိလိုက်စားမှုဟူသည်

အဂတိလိုက်စားမှုဟူသော ဝေါဟာရ၏ ယေဘုယျ အဓိပ္ပာယ်ဖွင့်ဆိုပုံကို ဆန်းစစ်ကြည့်ပါက ရွေးချယ်တင်မြှောက်ခံ နိုင်ငံရေးသမားတစ်ဦး သို့မဟုတ် ခန့်အပ်ခံ ပြည်သူ့ဝန်ထမ်း တစ်ဦးက သူ့အား အပ်နှင်းထားသော အခွင့်အာဏာကို အလွဲသုံး၍ ကိုယ်ကျိုးရှာဖွေမှု ပြုလုပ်ခြင်းဟူ၍ တွေ့မြင်ရ၏။

အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်အဆင့်ရှိသူများက ကျူးလွန်သော အဂတိလိုက်စားမှုများကြောင့် မူဝါဒများနှင့် ဗဟိုအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပုံတို့ကို ထိခိုက်စေနိုင်သည့်အပြင် ပြည်သူတို့၏ အကျိုးစီးပွားများကိုလည်း နစ်နာဆုံးရှုံးစေနိုင်သည်။

ရဲဌာနများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် အခြားသော ပြည်သူ့ရေးရာ ဌာနဆိုင်ရာများရှိ တာဝန်ရှိသူများအနေဖြင့် အာဏာအလွဲသုံး၍ ကိုယ်ကျိုးရှာပါက ပြည်သူတို့သာလျှင် ထိခိုက်နစ်နာရတတ်သည်။

နိုင်ငံရေးအရ ဆုံးဖြတ်ချက် ချမှတ်နိုင်သူများသည် ၎င်းတို့ အာဏာတည်မြဲရေး၊ အဆင့်အတန်းခိုင်မြဲရေးနှင့် ကြွယ်ဝချမ်းသာမှု ဖြစ်ပေါ်ရေးတို့အတွက် အာဏာအလွဲသုံးကာ အရင်းအမြစ်များနှင့် ဘဏ္ဍာရေးတို့တွင် မလျော်မကန်ဆုံးဖြတ်လုပ်ကိုင်ပါက ပြည်သူတို့၏ အကျိုးစီးပွားများသာလျှင် ထိခိုက်နစ်နာရပေမည်။

## ပွင့်လင်းမြင်သာမှု

အဂတိလိုက်စားမှုကို ထိန်းချုပ်နိုင်ရေးအတွက် 'ပွင့်လင်းမြင်သာမှု' ကို မြှင့်တင်ရန် လိုအပ်ပေလိမ့်မည်။ ပြည်သူ့ရေးရာ ဌာနဆိုင်ရာများ၌ တာဝန်ယူရသူများ၊ ပြည်သူ့ဝန်ထမ်းများ၊ စီမံခန့်ခွဲရေးမှူးများ၊ ဘုတ်အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသူများသည် ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်ပုံများနှင့် ပတ်သက်၍ ပြည်သူတို့သိရှိရလေအောင် အစီရင်ခံခြင်းပြုလုပ်ရပေမည်။ ရာထူး၊ တာဝန်အရ လုပ်ကိုင်ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပြည်သူတို့ကို အသိပေးမှုပြုလုပ်ရပေမည်။

ပြည်သူတို့ ယုံကြည်ရသော အဖွဲ့အစည်းများအဖြစ် အခိုင်အမာ ရပ်တည်နိုင်ရေးအတွက် တာဝန်ရှိသူများအားလုံးအနေဖြင့် ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ကာ အစဉ်ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ကိုင်သွားကြရပါမည်။

အဂတိလိုက်စားမှုများကြောင့် ဆုံးရှုံးနစ်နာရမှုများကို ကြည့်လျှင် နိုင်ငံရေးအရ ဆုံးရှုံးနစ်နာခြင်း၊ စီးပွားရေးအရ ဆုံးရှုံးနစ်နာခြင်း၊ လူမှုရေးအရ ဆုံးရှုံးနစ်နာခြင်းနှင့် ပတ်ဝန်းကျင်အရ ဆုံးရှုံးနစ်နာခြင်းတို့ကို တွေ့မြင်နိုင်သည်။

နိုင်ငံရေးအရ ဆုံးရှုံးနစ်နာရမှုသည် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေနိုင်စေသကဲ့သို့ စီးပွားရေးအရ ဆုံးရှုံးနစ်နာရမှုသည် တစ်မျိုးသားလုံး၏ ကြွယ်ဝချမ်းသာမှုကို ပြုန်းတီးစေနိုင်သည်။ အဂတိလိုက်စားသော နိုင်ငံရေးသမားများသည် ပြည်သူတို့ အကျိုးရရှိစေမည့် လုပ်ငန်းစီမံကိန်းများကို ဆောင်ရွက်ခြင်းထက် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားရရှိစေမည့် လုပ်ငန်းစီမံကိန်းများကို ဆောင်ရွက်ခြင်းဖြင့် ရှားပါးလှသည့် ပြည်သူပိုင်အရင်းအမြစ်များ ပြုန်းတီးရလေသည်။

အဂတိလိုက်စားမှုများကြောင့် နိုင်ငံရေးစနစ်အပေါ်၊ အဖွဲ့အစည်းများအပေါ်၊ ခေါင်းဆောင်မှုအပေါ် ပြည်သူတို့၏ ယုံကြည်မှု ထိခိုက်ရနိုင်ကာ ပြည်သူတစ်ရပ်လုံး လူမှုရေးအရ ဆုံးရှုံးနစ်နာရတတ်သည်။

ခြစားမှုရှိနေသော စနစ်များ၏ ဆိုးကျိုးသက်ရောက်မှုတစ်ရပ်မှာ ပတ်ဝန်းကျင်အရ ဆုံးရှုံးနစ်နာခြင်းဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ စည်းမျဉ်းများကို ချိုးဖောက်ခြင်း၊ လိုက်နာမှုမရှိခြင်းစသည်တို့ကြောင့် အဖိုးအနဂ္ဃထိုက်တန်သော သဘာဝအရင်းအမြစ်များ မလျော်မကန်၊ မဆင့်မပြဲ ထုတ်ယူခံရကာ ဂေဟစနစ်များ ပျက်ယွင်းရပြီး အနာဂတ်မျိုးဆက်အထိတိုင် ပတ်ဝန်းကျင်ထိခိုက်မှုကို ခံစားကြရပေမည်။

## အဂတိကင်း နိုင်ငံတော်

၁၉၇၅ ခုနှစ်တွင် ဗီယက်နမ်စစ်ပွဲပြီးဆုံးခဲ့ပြီးနောက် ကွန်မြူနစ်အစိုးရအဖွဲ့က နိုင်ငံတစ်နိုင်ငံလုံးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အမျိုးသားရေး ပေါင်းစည်းမှုသို့ ဦးတည်ကာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

၁၉၈၆ ခုနှစ်မှစ၍ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို မနားမနေ ဆက်တိုက် လုပ်ဆောင်ခဲ့သော ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးနှင့် စတင်ချိတ်ဆက်လာနိုင်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်မှစ၍ ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှုနှုန်းအရ အမြင့်မားဆုံးနိုင်ငံများတွင် ပါဝင်လာခဲ့သော ဗီယက်နမ်နိုင်ငံ၌ အဂတိလိုက်စားမှု ဖြစ်စဉ်များ တစ်စစ လျော့ပါးလာနေသည်ဆိုသော အချက်ကို တွေးတောမိရင်း "စာရိတ္တ မယွင်း ထိန်းမတ်ခြင်း အဂတိကင်းနိုင်ငံတော်" ဟူ၍ ကွန်ုပ် ကျူးရင့်မိပါသတည်း။ ။

Ref:
*Corruption dwinding in Vietnam, asserts Party leader (VNA)*

# ညောင်တုန်းမြို့၌ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ

**ညောင်တုန်း ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ဦးဆောင်ကျင်းပသည့် မြို့နယ်လုံးဆိုင်ရာ ဝါခေါင်လ ကရင်ရိုးရာ လက်ချည်ပွဲ(ချည်ဖြူဖွဲ့မင်္ဂလာ) အခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီခွဲက ညောင်တုန်းမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းက ကရင်လူမျိုးများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အမြတ်တနိုးထားရှိကြောင်း၊ ဝါခေါင်လတွင် ကရင်ရိုးရာ လက်ချည်ပွဲကို ဟိုးနှစ်ပေါင်းများစွာကပင် ကရင်လူကြီးများ ကျင့်သုံးခဲ့သည့် ရိုးရာဓလေ့တစ်ခုဖြစ်ကြောင်း၊ ကရင်လူမျိုးများ ဥမကွဲ သိုက်မပျက် စည်းစည်းရုံးရုံး ညီညီညွတ်ညွတ်ဖြင့် ကျင်းပသည့်ပွဲလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် သူ့လူမျိုး၊ သူ့ဓလေ့ ရိုးရာယဉ်ကျေးမှုများရှိကြပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မကွယ်ပျောက်ရလေအောင် ဆက်လက် ထိန်းသိမ်းသွားစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ မန်းစိုးသန်းက ဝါခေါင်လ ကရင်ရိုးရာလက်ချည်ပွဲ (ချည်ဖြူဖွဲ့မင်္ဂလာ) နှင့် ပတ်သက်သည့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ အကြောင်းကို ပြောကြားခဲ့သည်။

ထို့နောက် ချည်ဖြူဖွဲ့အသုံးအဆောင် ပစ္စည်းများကို ကရင်လူငယ်၊ မောင်မယ်များက သယ်ဆောင်လာကြပြီး ကရင် အဘိုးအဘွားများကို ပင့်ဖိတ်ရာ ကရင်အဘိုးအဘွားများက တက်ရောက်လာကြသော ကရင်တိုင်းရင်းသူ တိုင်းရင်းသားများအား ဆုတောင်းမေတ္တာပို့သကြပြီး ချည်ဖြူဖွဲ့ခြင်းများကို ပြုလုပ်ပေးခဲ့ကြသည်။



အဆိုပါ ဝါခေါင်လ ကရင်ရိုးရာလက်ချည်ပွဲ (ချည်ဖြူဖွဲ့မင်္ဂလာ) အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်း၊ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်နီနီမိုးနှင့် ဦးကျော်ဆန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ မန်းစိုးသန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ကရင်တိုင်းရင်းသူ တိုင်းရင်းသားများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝဋ္ဌနိုင်(ညောင်တုန်း)**

# တိုးမြစ်ရေတိုက်စားမှုကြောင့် ရွှေဖလားကျွန်းကျေးရွာ ဇေယျသိဒ္ဓိအောင်တော်မူစေတီပြိုကျပျက်စီး

**ပန်းတနော် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ကသဲဝင်ကျေးရွာအုပ်စု ရွှေဖလားကျွန်းကျေးရွာတွင် တည်ထားကိုးကွယ်သည့် ဇေယျသိဒ္ဓိအောင်တော်မူစေတီတော်မှာ တိုးမြစ်ရေမြင့်တက်တိုက်စားမှုကြောင့် စေတီတစ်ခြမ်း ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါစေတီတော်မြတ် ထပ်မံပျက်စီးဆုံးရှုံးမှုများ မဖြစ်စေရန် ရွှေဖလားကျွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာရှိ ပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်လျက်ရှိပြီး မြစ်ရေတိုက်စားမှု မြန်သောကြောင့် ဌာပနာတိုက်အတွင်းရှိ အပူဇော်ခံပစ္စည်းများအား ဆုံးရှုံးမှုမဖြစ်ရေးအတွက် မှန်ပင်ကျောင်းတိုက်ဆရာတော်နှင့် ဝါးခယ်မမြို့နယ် ဆရာတော်တို့က ဦးဆောင်၍ ထိန်းသိမ်းစောင့်ရှောက်ထားပြီး စေတီတော်အား အသစ်ပြန်လည်တည်ထားနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အဆိုပါစေတီသည် ဉာဏ်တော်အမြင့် ၃၆ တောင်ကိုးလက်မရှိပြီးကျေးရွာပြည်သူများက လွန်ခဲ့သော ၂၁ နှစ်က တည်ထားကိုးကွယ်ခဲ့ကြောင်းနှင့် နှစ်စဉ် တပေါင်းလပြည့်ကျော် ၁ ရက်တွင် ဘုရားပွဲတော်အား ခုနစ်ရက်တိုင်တိုင် စည်ကားစွာကျင်းပလျက်ရှိပြီး မြစ်ရေတိုက်စားမှုကြောင့် တစ်ခြမ်းပြိုကျမှုကို ကျေးရွာပြည်သူများ၊ အခြား ပတ်ဝန်းကျင်ရှိ ပြည်သူများ နေ့စဉ် ညပိုင်းအထိ လာရောက်ဖူးမြော်သူ များပြားလျက်ရှိသည်။ ကျေးရွာပြည်သူများက စေတီတော်မြစ်ရေထဲတွင် ဆုံးရှုံးမှုဖြစ်မှာကိုပူပန်လျက်ရှိကြောင်း ရွှေဖလားကျွန်းကျေးရွာမှ ကိုမျိုးသန့်၏ ပြောပြချက်အရ သိရသည်။

**အောင်နိုင်၊ အောင်မြင့်မြတ် (မအူပင်)**

## တိုတိုထွာထွာဖတ်စရာ

# လှည်းကူး၌နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေး

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းနွဲ့နှင့် ဝန်ထမ်းများက ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက တက္ကသိုလ်ဝင်တန်း ကျောင်းသား ၁၂၇ ဦး၊ ကျောင်းသူ ၁၄၂ ဦး စုစုပေါင်း ၂၆၉ ဦးအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **နိုင်လင်း(ပြန်/ဆက်)**

# ယာဉ်စည်းကမ်းသိရှိလိုက်နာရေးဆောင်ရွက်

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ယာဉ်စည်းကမ်းသိရှိလိုက်နာရေးအသိပေးခြင်းလုပ်ငန်းကို စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များက ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြပြီး ဩဂုတ် ၃၁ ရက်ထိ ပညာပေးကာလအဖြစ် သတ်မှတ်၍ ယင်းနောက်ပိုင်း လိုက်နာမှုမရှိသော ယာဉ်စီးနင်းမောင်းနှင်သူများကို ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ဒေးဒရဲတွင် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**ဒေးဒရဲ**

သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးသယံဇာတတိုးပွားလာစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၂၄ ရက်နံနက်က ဆင်ကူးကျေးရွာရှိဧက ၁၀၀ အဆင့်မြင့်စံပြကွက်၌ ကျင်းပခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်မောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်၊ လွှတ်တော်ကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းဟန်နှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြပြီး ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀၀ စိုက်ထည့်ခဲ့ကြောင်းသိရသည်။ **သပြေထွန်း**

# မြေပုံမြို့နယ်စာသင်ကျောင်းဈေးတန်းများ၌ စားသုံးရန်မသင့်သောစားသောက်ကုန်များရောင်းချခြင်းရှိ-မရှိစစ်ဆေး

**စစ်တွေ ဩဂုတ် ၂၅**

မြေပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစံညွန့်နှင့် ဌာနဆိုင်ရာများသည် မြို့ပေါ်အခြေခံပညာကျောင်းများရှိ မုန့်ဈေးတန်းများ၌ စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများရောင်းချခြင်း ရှိ-မရှိ ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော စားသောက်ကုန်များ၊ သက်တမ်းလွန် စားသောက်ကုန်များ ရောင်းချမှု ရှိ-မရှိစစ်ဆေးခြင်း၊ ကုန်အမှတ်တံဆိပ်၊ ကုန်ပစ္စည်းအမျိုးအမည်၊ ပါဝင်သောပစ္စည်းဖော်ပြချက်၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်၊ ထုတ်လုပ်သူလိပ်စာ၊ ထုတ်လုပ်သည့်ရက်စွဲ၊ နောက်ဆုံး သုံးစွဲရမည့်ရက်စွဲ၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်၊ စံချိန်စံညွှန်းနှင့် အရည်အသွေးမမီသော ပစ္စည်းများကို ရောင်းချခြင်းမပြုကြရန်နှင့် မိုးတွင်းကာလဖြစ်သောကြောင့် သန့်ရှင်းသပ်ရပ်စွာ ခြင်၊ ယင်များမနားနိုင်အောင် ဖုံးအုပ်ရောင်းချကြရန်၊ အမှိုက်များအား စနစ်တကျထားရှိစွန့်ပစ်ကြရန် ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။



အဆိုပါစစ်ဆေးရာသို့ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစံညွန့်နှင့် ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေး ဆရာမများ၊ ပညာရေး ဌာနမှ ကျောင်းမုန့်ဈေးတန်း စစ်ဆေးရေး ဆရာမများ လိုက်ပါဆောင်ရွက်ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# အသိပညာပေးလုပ်ငန်းများ ဟောပြောဆွေးနွေး

**လေးမျက်နှာ ဩဂုတ် ၂၅**

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာအုပ်စု ခမောက်စုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁ နာရီက မူးယစ်ဆေးဝါးဆန့်ကျင်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှိုင်အေးနှင့် မြို့နယ်ဥပဒေအရာရှိ ဦးစိုးမြတ်ဦးတို့က မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးကိုလည်းကောင်း၊ လူမှုပတ်ဝန်းကျင်တွင် မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးထိခိုက်ဆုံးရှုံးနိုင်ပုံများနှင့် သိရှိလိုက်နာရမည့် ဥပဒေဆိုင်ရာများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ အိုင်သပြုနယ်မြေရဲစခန်းမှ ရဲအုပ်ထွန်းထွန်းဝင်းက သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မှုခင်းဖြစ်ပွားမှုနှင့် ရှောင်ကြဉ်နိုင်ရန် မှုခင်းဆိုင်ရာအသိပညာများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးတေဇာမျိုးက အားကစားနှင့် ကျန်းမာရေးဆိုင်ရာသိကောင်းစရာများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ကောလာဟလသတင်းများနှင့် လူမှုမီဒီယာအသုံးပြုခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့် စာကြည့်တိုက်ဖွင့်လှစ်ခြင်းနှင့် အသိပညာပေးနံရံကပ်စာစောင်များ ပြသပေးခဲ့ရာ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ စုစုပေါင်း ၅၀၀ ကျော်တက်ရောက်ခဲ့ကြောင်းသိရသည်။ **ရွှေမိုး(မြို့နယ်ပြန်/ဆက်)**

# ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရွေ့လျားဝန်ဆောင်မှုများဆောင်ရွက်

**အင်းတော် ဩဂုတ် ၂၅**

အင်းတော်မြို့နယ် သက္ကယ်ကျင်းကျေးရွာရှိ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ရည်ရွယ်၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားရွေ့လျားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက ကျေးရွာဓမ္မာရုံ၌ ရွေ့လျား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း (Mobile Service Delivery) ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့အနေဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအပြင် လိုအပ်ချက်များဖြစ်သော မွေးဖွားမှု၊ သေဆုံးမှု၊ ပြောင်းဝင်၊ ပြောင်းထွက် စာရင်းများနှင့်နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ခြင်းအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်း၊ အိမ်သုံးမီတာရရှိလိုသည့် ပြည်သူများကို လိုအပ်သည်များ ကြိုတင်ဆောင်ရွက်ထားရှိရမည့်အခြေအနေများကို အသိပေးပြောကြားပြီး အချိန်နှင့်တစ်ပြေးညီရရှိရေး၊ မြေဂရန်ရရှိရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကာ အသိပညာပေးဟောပြောပွဲကို သက်ဆိုင်ရာဌာနများက ရှင်းပြပြီး ဒေသခံပြည်သူများ၏ ဆွေးနွေးမေးမြန်းမှုများကို ဖြေကြားရှင်းလင်းပေးခဲ့သည်။

ထို့နောက် ရွေ့လျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွင်ပါဝင်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စည်ပင်သာယာရေး ကော်မတီ၊ သစ်တောဦးစီးဌာန၊ အခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း စသည့်ဌာန ၁၀ ခုမှ ဝန်ဆောင်မှုပေးနိုင်သည့်လုပ်ငန်းများကို ပြည်သူများသိရှိစေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညို မင်းဘူးမြို့ကလေးစာပေပွဲတော်တက်ရောက်ဖွင့်လှစ်

**မင်းဘူး ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မင်းဘူးခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်ဖွင့်ပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကလေးစာပေပွဲတော် မုခ်ဦးဆိုင်းဘုတ်အား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးဝေဇင်ထွန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးညွှန့်နိုင်၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်နှင့် မင်းဘူးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကလေးစာပေပွဲတော် အခမ်းအနားကို အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဦးဩဘာသခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ယခုကဲ့သို့ ကျောင်းသား ကျောင်းသူများအတွက် ကလေးစာပေပွဲတော်များကို ကျင်းပပေးခြင်းသည် စာအုပ်စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်များကို ပေးစွမ်းနိုင်မည်ဖြစ်ပါကြောင်း၊ စာအုပ်စာပေသည် လူသားတိုင်းအတွက် မိတ်ဆွေကောင်း တစ်ခုပင်ဖြစ်ပါကြောင်းနှင့် စာအုပ်စာပေဖတ်ရှုခြင်းမှ ရရှိသည့် စာပေအသိပညာသည် မိမိဘဝကောင်းကျိုး၊ နိုင်ငံအတွက် ကောင်းကျိုးများစွာကို စွမ်းဆောင်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။ ထို့နောက် လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက ကလေးစာပေပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး သတ္တမတန်းကျောင်းသူ မသဥ္ဇာထက်ကိုက ကျေးဇူးတင်စကားပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကလေးစာပေပွဲတော်၌ ထည့်သွင်းကျင်းပသည့် ပြိုင်ပွဲများ၊ ပြခန်းများနှင့် ဖျော်ဖြေရေးအစီအစဉ်များကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။



အဆိုပါ ကလေးစာပေပွဲတော်ကို ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်နှင့် ပညာဗဟုသုတရော အရည်အသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင် ဦးရွက်ပြုသူများဖြစ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပုံပြော၊ ကျပန်းစကားပြော၊ ဆေးရောင်ခြယ်၊ အိမ်ဆောက်ကစားနည်း၊ အရုပ်ဆက်၊ စကားပုံဆက်၊ မူကြိုကဗျာရွတ်၊ ကွန်ပျူတာ ပန်းချီ၊ ခြင်းအလှ၊ ခြင်းတော့၊ ဘတ်စကက်ပစ်သွင်း၊ စားပွဲတင်တင်းနစ်(ကျား၊ မ)၊ ဖူဆယ်ဂိုးသွင်း၊ ဘောလုံးတော့ပြိုင်ပွဲများနှင့် ကလေးစာဖတ်ခန်းစာအုပ်ပြခန်း၊ ယဉ်ကျေးမှုအနုပညာနှင့် ဒေသဆိုင်ရာပြခန်း၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာပြခန်း၊ နတ်ရေကန်တောင်တန်းဒေသရှိ ချင်းရိုးရာအသုံးအဆောင်ပစ္စည်းများပြခန်း၊ စွမ်းအားမြှင့် (A-1)မီးဖို ထုတ်လုပ်ရေးပြခန်း၊ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာအကများဖြင့် ဖျော်ဖြေရေးအစီအစဉ်များနှင့် ဩဂုတ် ၂၅ ရက်မှ ၂၆ ရက်အထိ စာပေဟောပြောပွဲတို့ကို စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)၊ ရဲဝင်းနိုင်(ညောင်ဦး)**

## ရေကြီးမှုကြောင့်ပျက်စီးသွားသော မိုးသီးနှံစိုက်ခင်းများအတွက် တောင်သူများအားထောက်ပံ့

**မြဝတီ ဩဂုတ် ၂၅**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော မိုးသီးနှံစိုက်ခင်းများအတွက် တောင်သူများအား မျိုးစေ့နှင့် ငွေကြေးထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အဖွင့်အမှာစကားပြောကြားပြီး ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးမှုအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဝင်းလှိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သက်ဆိုင်ရာကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများအား မျိုးစေ့နှင့် ထောက်ပံ့ငွေများပေးအပ်ပြီး အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

မြဝတီမြို့နယ်အနေဖြင့် ရေကြီးမှုကြောင့် မိုးစပါးအနေဖြင့် ၁၅၆ ဧက၊ အစေ့ထုတ်ပြောင်းအနေဖြင့် ၁၆၆၃ ဧက နှင့် မြေပဲ တစ်ဧက ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုထိန်(မြဝတီ)**

## ရှမ်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ မိုင်းယုဒေသဖွံ့ဖြိုးတိုးတက်ရေးတွေ့ဆုံဆွေးနွေး

**မိုင်းယု ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီးဦးစိုင်းရှဲန်တစ်လုံက မိုင်းယုဒေသ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဌာနဆိုင်ရာနှင့် ကျေးလက်နေပြည်သူတို့၏ လိုအပ်ချက်များနှင့် ဒေသအခြေအနေများကို ဆွေးနွေးတင်ပြကြရန် အဖွင့်အမှာစကားပြောကြားခဲ့ရာ တက်ရောက်လာသော မိုင်းယောင်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် မိုင်းယောင်း၊ မိုင်းယုဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက မိုင်းယုမြို့ရှိ ဒေသတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ၊ ကျေးလက်ဒေသများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတားနှင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းများအလိုက် လိုအပ်ချက် အခြေအနေများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးက ဌာနဆိုင်ရာလိုအပ်ချက်များနှင့် ကျေးလက်ဒေသများ၏လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မိုင်းယောင်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မိုင်းယောင်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ မိုင်းယုမြို့အုပ်ချုပ်ရေးမှူးနှင့် မိုင်းယောင်း-မိုင်းယုဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**



## ကျောက်ဆည်မြို့တွင် မြန်မာနိုင်ငံဆရာဝန်များအသင်းမှ အသည်းရောဂါအကြောင်းအသိပညာပေးဟောပြော

**ကျောက်ဆည် ဩဂုတ် ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်အူလမ်းကြောင်းနှင့် အသည်းပညာအဖွဲ့နှင့် zifam ကုမ္ပဏီတို့ပူးပေါင်းကာ အသည်းရောဂါအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီက ကျောက်ဆည်မြို့ Garden Hotel ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ဒုတိယခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဖြူဖြူဆွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ်အူလမ်းကြောင်းနှင့် အသည်းပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်စိုးထွန်းက အသည်းတည်ဆောက်ပုံ၊ လူ့ကိုယ်ခန္ဓာအတွင်းရှိ အသည်း၏ အလုပ်လုပ်ဆောင်ပုံနှင့် အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုအဖြစ် ပြုစုထိန်းသိမ်းသတိပြုနေထိုင်ရမည့်အချက်အလက်များ၊ ယနေ့ မြို့ပြလူနေမှုစနစ်အရ အရက်သောက်သုံးမှုများနှင့် အခြားအကြောင်းများကြောင့် အများဆုံးဖြစ်ပွားလေ့ရှိသည့် အသည်းရောဂါများနှင့် ကင်ဆာနှင့်တစ်ဝန်းဖြစ်ပွားမှု အခြေအနေများ အကြောင်းကိုလည်းကောင်း၊ ဒေါက်တာဌေးမြတ်သက်က ဖြစ်ပွားလာပါက ကုသပျောက်ကင်းရန်မဖြစ်နိုင်သည့် ဘီပိုးအကြောင်း သိကောင်းစရာများ၊ အသည်းရောင်အသားဝါရောဂါ စီပိုးအကြောင်းနှင့် သတိပြုဆင်ခြင်ကာကွယ်မှုဆိုင်ရာသိကောင်းစရာများနှင့် ရောဂါဖြစ်ပွားလာပါကကုသမှုနှင့် သုံးစွဲရမည့် ဆေးဝါးများ အကြောင်းများကို အသိပညာဗဟုသုတဖြစ်ဖွယ် ဟောပြောကြပြီးတက်ရောက်လာသည့် ဒေသခံဆေးပညာရှင်များ၊ ပြည်သူများ၏ မေးမြန်းချက်များအား ပါမောက္ခ ဦးကျော်စိုးထွန်းက ပြန်လည်ရှင်းလင်းပြောကြားသည်။



ယင်းနောက်ဟောပြောပွဲသို့ တက်ရောက်လာသည့် ပြည်သူများက ပထမဆုံးစာရင်းပေးသွင်းသူ ၅၀ အား အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးရှိ-မရှိစစ်ဆေးခြင်းနှင့် ဘီပိုးကာကွယ်ဆေးအခမဲ့ ထိုးပေးခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကျော်စိုး (ကျောက်ဆည်)**

## ငရုတ်သီးဈေးကောင်းသော်လည်း မိုးခေါင်သည့်အတွက် အထွက်နှုန်းလျော့နည်း

**စဉ့်ကိုင် ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်တွင် ယခုနှစ် ငရုတ်သီးအထွက်နှုန်း လျော့နည်းသည့်အတွက် ငရုတ်စိုက်တောင်သူများ ငွေကြေးရရှိမှုနည်းပါးလျက်ရှိကြောင်း သိရသည်။ ယခုနှစ် ငရုတ်သီးဈေးကွက်မှာ ငရုတ်သီးခြောက် တစ်တင်းလျှင် အဖွင့်ဈေးငွေကျပ် ၈၀၀၀ ဖြင့် ရောင်းချရပြီး ပိဿာချိန်ဖြင့် တွက်ချက်ပါက ငရုတ်သီးတစ်ပိဿာ ငွေကျပ်၄၂၀၀ ဖြင့် စတင်ခဲ့သည်။ ယခုအခါ ငရုတ်သီးအခြောက် တစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀အထိ ရရှိလာခဲ့သည်။

ယခင် ရာသီဥတုကောင်းမွန်ချိန်တွင် ငရုတ်စိုက်ခင်းတစ်ဧကလျှင် ငရုတ်သီးတင်း ၂၅၀ ခန့် ရရှိရာမှ ယခုနှစ် ငရုတ်စိုက်ရာသီတွင် မိုးခေါင်သည့်အတွက် ငရုတ်စိုက်ခင်း တစ်ဧကလျှင်တင်း ၁၅၀ ခန့်သာ ရရှိကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်တွင် စိုက်ပျိုးသော ငရုတ်သီးမျိုးမှာ ၆၉၂ မျိုးကို အဓိက စိုက်ပျိုးကြပြီး တစ်ဧကလျှင် လေးထုပ်မှ ငါးထုပ်အထိ စိုက်ပျိုးရာ ရေတင်ရသည့်အတွက် တစ်ဧက စိုက်ပျိုးရင်းနှီးမှုမှာ ငါးသိန်းကျော် ခြောက်သိန်းအထိ ကုန်ကြသည်။

ငရုတ်သီးအထွက်နှုန်းကောင်းကာ ဈေးကွက်လည်းကောင်းမည်ဆိုပါက တစ်ဧကလျှင် ငွေကျပ် သိန်း ၃၀ အထိရရှိပြီး ယခုနှစ် အထွက်နှုန်း မကောင်းသည့်အတွက် ငွေကြေးထက်ဝက်ခန့် ကျဆင်းသွားကြောင်း နန်းနီးရွာမှ ငရုတ်စိုက်တောင်သူတစ်ဦးက ရှင်းပြသည်။

**နွေနဒီ(မြစ်ငယ်)**

S.S.M စိုးစံမြင့်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
SOE SAN MYINT TRAVEL &TOURS CO.,LTD
၁။ (၇) ညအိပ် (၈) ရက် ခရီးစဉ် $550 + (ရေနံငွေသိမ်းခွဲ)ကျပ်
၂။ (၁၁) ညအိပ် (၁၂)ရက် ခရီးစဉ် $650 + (ရေနံငွေသိမ်းခွဲ)ကျပ်
၃။ (၁၄) ညအိပ် (၁၅)ရက် ခရီးစဉ် $850 + (ရေနံငွေသိမ်းခွဲ)ကျပ်
"(၁၀)ဦးအထက် (၁)ဦးအခမဲ့ လိုက်ပါခွင့်" ဝန်ဆောင်မှုအပြည့်
ရန်ကုန်အရောက်ထိ အပြီးအစီး စရိတ်ငြိမ်းဖြစ်ပြီး Passport တစ်အုပ်ရှိလျှင် 40000/လျှော့ပါသည်။
Phone: 09 400 3535 37 , 09 400 3535 38 , 09 771 3939 88 , 09 7950 66 777
www.facebook.com/soesanmyinttravelandtour

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)၏ သတင်းစာပုံနှိပ်လုပ်ငန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်း(၄)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၆-၈-၂၀၁၈ ရက်မှ ၁-၉-၂၀၁၈ ရက်နေ့ထိ နေ့စဉ် နံနက် ၁၀း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါကို ၂ - ၉ -၂၀၁၈ ရက်နေ့ ၁၂း၀၀ နာရီမတိုင်မီ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပြီး သတ်မှတ်ချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ ၂-၉-၂၀၁၈ရက်နေ့ ၁၃း၀၀ နာရီတွင် တင်ဒါဖွင့်မည်ဖြစ်ပါသည်။

၅။ စွန့်ပစ်ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်ပစ္စည်းမျက်မြင်အခြေအနေများအား ကြည့်ရှုလိုပါက ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)သို့ လာရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၇၁-၂၆၅၃၃၊ ၂၆၅၃၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)**
**နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့**

## ကြံ့တောင့်ကြံ့ခံ ရွှေသင်္ကန်းကပ်လှူပွဲ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ ဆုတောင်းပြည့်ကျောင်းတိုက်အတွင်း သက္ကရာဇ်(၅၉၃)ခုနှစ်က ရာမညတိုင်းသာသနာပြု မထေရ်အရှင်ဓမ္မဝိလာသ ပုဂံဘုရင်ဇေယျသိခ်နားမွှောင်းများမင်း၊ ဒဂုန်မြို့စား ပုညလက်ာတို့ စတင်တည်ထားကိုးကွယ်ခဲ့သော စေတီတော်သက်တမ်း(၇၈၇)နှစ်ရှိပြီဖြစ်သော"ဓမ္မဝိလာသ"ဘွဲ့တော်ရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဒုတိယအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်ဖြစ်ပါ၍ ပစ္စည်းဖိုးလက်ခအပါအဝင် ရာပြည့်ရွှေတစ်ဆိုင်းလျှင် ၉၀၀၀၀ိ/-(ကိုးသောင်းကျပ်နှုန်း)ဖြင့် မည်သူမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။ မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။

**နာယကဆရာတော်များနှင့်**
**အကျိုးတော်ဆောင်အဖွဲ့**
**ဆုတောင်းပြည့်စေတီတော်**
**ဆုတောင်းပြည့်ကျောင်းတိုက်**
**ဖုန်း-၀၉-၇၇၇၆၃၈၅၅၃**

## ဇေယျ(၇၄) တရားရေးအရာရှိသင်တန်းဆင်းများ ဖိတ်ကြားလွှာ

သင်တန်းဆင်းမိသားစုများ၏ အရုဏ်ဆွမ်း လောင်းလှူပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ တရားရုံးချုပ်ဓမ္မာရုံ၌ ၁-၉-၂၀၁၈ရက် (စနေနေ့)၊ နံနက် ၄နာရီမှ စတင်ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၃၁-၈-၂၀၁၈ရက်(သောကြာနေ့)၊ မွန်းလွဲ ၂ နာရီတွင် တရားရုံးချုပ်ဓမ္မာရုံ၌ တွေ့ဆုံပွဲပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

## ဈေးဆိုင်ခန်းရောင်းမည်

အလုံဈေး၊ ငုဝါလမ်းနှင့် သစ်တောလမ်းထောင့်၊ ပေ(၅×၅) နှစ်ခန်းတွဲ ပေ(၁၀×၅) ကုန်မျိုးစုံဆိုင်၊ နေရာကောင်း၊ ပြင်ဆင်ပြီး၊ ညှိနှိုင်းဈေး။

**ဖုန်း -၀၉-၉၇၈၀၅၀၉၉၉၊ ၀၉-၂၆၀၉၆၉၃၂၂**

ဦးရဲမင်းပိုင် (သချိုာ)
၈၊ ၉တန်းဘာသာစုံ (၁၀)ဦးပိုင်း
၁၀တန်းဘာသာစုံ (၁၀)ဦးပိုင်း

SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
09 - 33 333 511, 09 - 33 333 514,
09 - 33 333 644

Visit
The 5th International Processing & Packaging Exhibition for Myanmar
PROPAK MYANMAR
13-15 September 2018
Yangon Convention Centre (YCC), Yangon
Pre-register at www.propakmyanmar.com
Including: Over 200 Exhibitors from 13 countries
6 International Pavilions from China, Italy, Japan, Singapore, Taiwan, Thailand
Industry Conferences & Seminars
Incorporating: DRINKTECH MYANMAR INGREDIENTS MYANMAR PLASPAK MYANMAR
Contact Ya Mone at
Tel: +95 1378 975 or
Yamone.oo@ubm.com



STRATEGY FIRST INSTITUTE
မြန်မာနိုင်ငံတွင် တက်ရောက်နိုင်သော အကောင်းဆုံးနှင့် ဂုဏ်သိက္ခာအကြီးမားဆုံး နိုင်ငံတကာ MBA
EDINBURGH BUSINESS SCHOOL
HERIOT-WATT UNIVERSITY
MBA General, Finance, HRM, Marketing
MSc Marketing, Human Resources






UK နိုင်ငံ Heriot-Watt University, Edinburgh Business School မှ MBA (General), MBA (Finance), MBA (Marketing), MBA (HRM) နှင့် MSc (Marketing), MSc (HRM) များကို Strategy First Institute တွင်ရယူနိုင်ပါပြီ။ UK နိုင်ငံရှိ တက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက်ကိုဖော်ပြသော UK Guardian University League Table 2018 တွင် Heriot-Watt University သည်နံပါတ် (၁၉) နေရာ ရရှိထားပြီး QS World's Ranking အရ ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်များတွင် အဆင့် ( ၃၀၂ ) ရှိသောတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ ဘာသာရပ်အားလုံးကို UK မှ တိုက်ရိုက်စာမေးပွဲစစ်ဆေးဆိုးဖြစ်ပါသည်။ သင်တန်းများအောင်မြင်ပြီးဆုံးသည့်အခါ UK Heriot-Watt University Campus များတွင် ကျင်းပသော ဘွဲ့နှင်းသဘင်တွင် တက်ရောက်ရယူနိုင်ပါသည်။ အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန် လွတ်သင်တန်းချိန်များ ဖြစ်ပါသည်။ သင်တန်းကာလမှာ (၁၈) လကြာမြင့်ပါမည်။
ဝင်ခွင့်သတ်မှတ်ချက်များ • တက္ကသိုလ်ဘွဲ့ရပြီးသူ • လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိသူ • IELTS အမှတ် (၆.၅) ရရှိထားသူ
သင်တန်းကြေး • ၁၇,၀၀၀,၀၀၀ ကျပ်ဝန်းကျင် + စာမေးပွဲကြေး - 160 GDP (Per Module)
AYA Bank
သင်တန်းကြေးကို (၅) ကြိမ်အထိ အရစ်ကျပေးသွင်းနိုင်ပြီး AYA Bank ၏ Student Loan ကိုလျှောက်ထားခြင်းဖြင့်လည်း အရစ်ကျပေးသွင်းနိုင်ပါသည်။
စက်တင်ဘာ (၂၉) တွင်တန်းခွဲသစ်စမည်။
No. 237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon, Myanmar.
Call Now : 09 450177770, 09765439000

CONGRATULATIONS!!

TRADE BPI® MARK Since 1957

**ISO 9001 : 2015 Certified**

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်) BPI မှ အရည်အသွေးဆိုင်ရာ
စီမံခန့်ခွဲမှု အသိအမှတ်ပြု ISO 9001 : 2015 လက်မှတ်ရရှိခြင်းနှင့်
BPI စက်ရုံမှ ဆေးဝါးအသစ်များ ထုတ်လုပ်နိုင်ခြင်းအတွက်
များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့်
ဆတက်ထမ်းပိုး အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

jkl
Commercial Labels & Packages Supporting Industry
Jewel Kolay Co., Ltd.

UOK
ယူအိုကေ ထရိတ်ဒင်းကုမ္ပဏီလီမိတက်
UOK Trading Co., Ltd.

SUNTEC
ဆန်းတက် ဆေးဝါးကုမ္ပဏီလီမိတက်
PHARMACEUTICALS CO., LTD.

ပိုမြန်၊ ပိုတန်၊ ပိုငြိမ်တဲ့ ရွေးချယ်စရာ Fiber Internet

5BB BROADBAND
Global Technology Company

**August Promotion**

(၃) လကြိုသွင်း - မြန်နှုန်း ၁ ဆခွဲ တိုး
တပ်ဆင်ခ - 40,000 Ks

| XS | XS+ | S | M |
|---|---|---|---|
| 9 Mbps* | 16.5 Mbps* | 24 Mbps* | 36 Mbps* |
| 49,500 Ks | 72,000 Ks | 99,500 Ks | 149,500 Ks |

(၆) လကြိုသွင်း - မြန်နှုန်း ၂ ဆ တိုး
တပ်ဆင်ခ - 0 Ks

| XS | XS+ | S | M |
|---|---|---|---|
| 12 Mbps* | 22 Mbps* | 32 Mbps* | 48 Mbps* |
| 49,500 Ks | 72,000 Ks | 99,500 Ks | 149,500 Ks |

**August 6 to 31**

လက်ရှိအသုံးပြုနေသော 5BB Broadband user များလည်း အကျိုးခံစားခွင့်ရှိပါသည်။

* Terms & Conditions apply *

* Speed up to



471, Pyay Road, Kamayut Township, Yangon, Myanmar.
Phone : 01524978, 09424170940, 0949208223, 0949208224
Call Center : 012305425

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်စကိုမြို့ရှိ ဗဟိုစစ်သမိုင်းပြတိုက်ကို ကြည့်ရှုလေ့လာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ မော်စကိုမြို့ရှိ ဗဟိုစစ်သမိုင်းပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဩဂုတ် ၂၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၂၄ ရက် ညနေပိုင်းတွင် မော်စကိုမြို့ရှိ ဗဟိုစစ်သမိုင်းပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗဟိုစစ်သမိုင်းပြတိုက်အတွင်းရှိ ရုရှားပြည်တွင်းစစ်ပြခန်း၊ (၁၇)ရာစုနှင့် (၁၈)ရာစုတွင် အသုံးပြုခဲ့သည့် လက်နက်များပြခန်း၊ ရုရှားအင်ပါယာကျူးကျော်ခံရမှု ပုံစံပြခန်းနှင့် ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သည့် လက်နက်များပြခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**လက်ဆောင်ပစ္စည်း ပေးအပ်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်သမိုင်းပြတိုက်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ဗဟိုစစ်သမိုင်းပြတိုက် ညွှန်ကြားရေးမှူးအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ရာ ဗဟိုစစ်သမိုင်းပြတိုက် ညွှန်ကြားရေးမှူးကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် စစ်သမိုင်းပြတိုက်ရှိ ပြင်ပပြကွက်တွင်ပြသထားသည့် ရုရှားနိုင်ငံမှ ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တိုက်လေယာဉ်များ၊ ဒုံးပျံများနှင့် တင့်ကားများကို လိုက်လံကြည့်ရှုလေ့လာသည်။

**စတင်တည်ထောင်**

ရုရှားနိုင်ငံဗဟိုစစ်သမိုင်းပြတိုက်ကို ၁၉၁၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ရုရှားနိုင်ငံနှင့် စစ်ပြိုင်နိုင်ငံများမှအသုံးပြုခဲ့သည့် လက်နက်ပြခန်းများ၊ (၂၀)ရာစု ရုရှားနိုင်ငံပြည်တွင်းစစ်ပြခန်းများ၊ တောင်သူလယ်သမားများမှတစ်ဆင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**

# မြန်မာ့ရိုးရာလှေအဖွဲ့ ပြိုင်ပွဲ ပထမနေ့တွင် ဆုတံဆိပ်နှင့်လွဲချော်

**ပလန်ဘမ် ဩဂုတ် ၂၅**

မြန်မာ့ရိုးရာလှေအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်သည့် အာရှအားကစားပြိုင်ပွဲ ရိုးရာလှေပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ ပလန်ဘမ်မြို့၌ ကျင်းပရာ မြန်မာ့ရိုးရာလှေအဖွဲ့ ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

လှေလှော်အားကစားနည်းတွင် အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲကို စတင်ကျင်းပခဲ့ပြီး ရိုးရာလှေပြိုင်ပွဲကို ဩဂုတ် ၂၅ ရက်မှစ၍ ကျင်းပခြင်း ဖြစ်သည်။ မြန်မာလှေလှော်အဖွဲ့သည် **စာမျက်နှာ ၇ ကော်လံ ၁ သို့ ○**



မီတာ ၂၀၀ ပြိုင်ပွဲတွင် မြန်မာနှင့် ပြိုင်ဘက်အသင်းများ ယှဉ်ပြိုင်နေစဉ်။



ရန်ကုန်(ကြွေ့မဘူတာ)-မန္တလေး(မြို့ဟောင်းဘူတာ) ခရီးစဉ်ပြေးဆွဲသည့် ဆီလုံးရထားတွဲဆိုင်းအား တွေ့ရစဉ်။

# ရန်ကုန်(ကြွေ့မဘူတာ)-မန္တလေး(မြို့ဟောင်းဘူတာ)ခရီးစဉ်အား ဆီလုံးရထားတွဲဆိုင်း ပထမဦးဆုံး စတင်စမ်းသပ်ပြေးဆွဲ

**ရန်ကုန် ဩဂုတ် ၂၅**

မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများ၌ လောင်စာဆီဈေးနှုန်း ကျဆင်းစေရန် ရည်ရွယ်၍ မြန်မာ့မီးရထားမှ PILOT PROJECT အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ကြွေ့မဘူတာမှ မန္တလေးတိုင်းဒေသကြီး မြို့ဟောင်းဘူတာအထိ ဒီဇယ်ဆီများတင်ဆောင်သော ဆီလုံးရထားတွဲဆိုင်းကို ပထမဦးဆုံးအနေဖြင့် စတင်စမ်းသပ်ပြေးဆွဲပေးနေပြီ ဖြစ်သည်။

ဩဂုတ် ၂၄ ရက် ည ၉ နာရီခရီးစဉ်ဖြင့် စက်ခေါင်းအမှတ် DF.1333 ကို အသုံးပြု၍ ကြွေ့မဘူတာမှ စတင်ထွက်ခွာ ပြေးဆွဲပေးခဲ့သည်။ အဆိုပါ ဆီလုံးရထားတွဲဆိုင်း ပြေးဆွဲရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် Resource Group Logistics ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကာ ဆောင်ရွက်ပြေးဆွဲပေးခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သီလဝါစက်မှုဇုန်အနီးရှိ ကြွေ့မဘူတာမှ မန္တလေးတိုင်းဒေသကြီး မြို့ဟောင်း **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**




23 မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀) ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ခေါင်းဆောင်မှုဗဟုသုတများ ပုံမှန်မျှဝေလျက်ရှိသော U Naing Win Aung (Business & Executive Coach) မှ
စီးပွားရေး လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းတစ်ခုခုတွင် ဦးဆောင်နေသူများ၊ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသူများအတွက်
**မြန်မာနိုင်ငံမှာ အအောင်မြင်ဆုံး / လူကြိုက်အများဆုံး / လက်တွေ့အကျဆုံး ခေါင်းဆောင်မှုသင်တန်း**

**TRANSFORMATIONAL LEADERSHIP JOURNEY (TLJ)**
**တိုးတက်ပြောင်းလဲစေသော ခေါင်းဆောင်မှု ခရီးစဉ်**

(၃)ရက်တာ သင်တန်းကို **ရန်ကုန်နှင့်မန္တလေး** မြို့များတွင် ပြုလုပ်ပါမည်။
သင်တန်းတစ်ခုချင်းစီအတွက် Early Bird အစီအစဉ်များ ရှိသည့်အတွက် အမြန်ဆုံးဆက်သွယ်အပ်နှံနိုင်ပါသည်။

| | |
|---|---|
| **မန္တလေး** | **ဩဂုတ် (၃၁)၊ စက်တင်ဘာ (၁၊၂)** နေရာ - MCC ခန်းမ |
| **ရန်ကုန်** | **စက်တင်ဘာ (၁၄၊ ၁၅၊ ၁၆)** နေရာ - လိုင်မင်္ဂလာခန်းမ |

TLJ TRANSFORMATIONAL LEADERSHIP JOURNEY



သင်၏ စီးပွားရေး အလုပ်အကိုင်နှင့် ဘဝ၏ ကဏ္ဍအသီးသီးကို တိုးတက်ပြောင်းလဲစေမည့် (၃) ရက်တာ ခရီးစဉ်

BREAKTHROUGH MAKE MYANMAR A BETTER PLACE
**CALL NOW : 09 765 222 107, 09 765 222 108, 09 765 222 109**

**STRATEGY FIRST INSTITUTE**

နိုင်ငံတကာ MBA အတွေ့အကြုံအစစ်

STAMFORD INTERNATIONAL UNIVERSITY

**SIGNATURE M.B.A**



Signature Master of Business Administration (MBA) program ကို Strategy First တွင် တက်ရောက်နိုင်ပြီး Stamford International University (Thailand) မှဘွဲ့ကို ရယူနိုင်ပါပြီ။ ထိုင်းနိုင်ငံဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးမည် ဖြစ်ပါသည်။ အလုပ်တစ်ဖက်နှင့် မအားလပ်သူများ အဆင်ပြေစေရန် အတန်းချိန်များမှာ စနေ၊ တနင်္ဂနွေ (တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပြီး သင်တန်းကာလ (၁၈) လ ကြာမြင့်ပါမည်။

ဝင်ခွင့်သတ်မှတ်ချက်များ
- တက္ကသိုလ်ဘွဲ့ရပြီးသူ
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂) နှစ်ရှိသူ
- IELTS အမှတ် (၆.၀) ရရှိထားသူ

သင်တန်းကြေး
၆,၀၀၀,၀၀၀ ကျပ် + USD 5000

AYA Bank

အောက်တိုဘာ (၅) ရက်နေ့တွင် စတင်မည်

No. 237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon, Myanmar.
**CALL NOW : (09) 450 177770, (09) 76543 9000**


### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စုံပြုရပ်ကွက်၊ ကုစ္ဆာသယလမ်း၊ အမှတ်(၅၀)၊ မြေညီထပ်(ခေါင်းရင်းခန်း)တိုက်ခန်းအား အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်၍ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ဌေးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာခြည်မင်းဦး [၁၂/ဥကမ(နိုင်)၁၅၃၇၂၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဇာခြည်မင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မူမူအောင်(LL.B) အထက်တန်းရှေ့နေ**
**တိုက်(၂၄၉)၊ A-၃၊ ခ/၇လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၄၃၁၉၀၀၈၂**


ရွှေညီကို
09-402116144

တက်နေဝန်း
09-442076599
09-400448695
09-33100721


### အများပြည်သူသိရှိရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ဂျေ)၊ မြေကွက်အမှတ်(၁၁၄ အိပ်ချ်/၁ဒီ)၊ ဧရိယာ (၀. ၀၈၂)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်းသွယ်၊ အမှတ်(၉/အေ)ဟုခေါ်တွင်သည့် (၂)ထပ်တိုက်(၁)လုံးအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စတယ်လာ(ဘ)ဦးသိန်းမောင် [၁၂/ဗဟန(နိုင်)၀၆၀၃၄၉]နှင့် မောင်ဝဏ္ဏအောင်(ဘ)ဦးတင်နွယ်အောင် [၁၂/ဗဟန(နိုင်)၀၈၀၁၉၄]အမှတ်-၉၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တို့ထံမှ ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ မြေနှင့်အဆောက်အအုံအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc,PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၆၇၆၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်(၃)၊ ၃၄-လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၇၁၄၃၃** | **အမှတ်(၃)၊ ၃၄-လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၈၆၃၅၁၂၂** |

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောဆွေးနွေးချက်

*နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ဖိတ်ကြားချက်အရ ဩဂုတ် ၁၉ ရက်တွင် စင်ကာပူသမ္မတနိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။*

*အဆိုပါ ခရီးစဉ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဩဂုတ် ၂၁ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ Grand Hyatt ဟိုတယ်၌ ဟောပြောဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဟောပြောဆွေးနွေးချက်အပြည့်အစုံကို မြန်မာဘာသာဖြင့် ပြန်လည်ဖော်ပြလိုက်ပါသည်။*

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်း

အာဆီယံဥက္ကဋ္ဌအဖြစ် စင်ကာပူနိုင်ငံမှ တာဝန်ယူထားသည့် ယခုနှစ်တွင် မိမိတို့၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရည်မှန်းချက်နှင့် စိန်ခေါ်မှုများကို ယနေ့ပြောကြားခွင့်ရသည့်အတွက် အထူးကျေးဇူးတင်ရှိသည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ရှုပ်ထွေးနက်နဲသည့် အသွင်ကူးပြောင်းမှုတစ်ရပ်ဖြစ်ရေး ဆွေးနွေးကြရာတွင် မိမိတို့၏အာဆီယံနိုင်ငံ မိတ်ဆွေများက လိုအပ်သည့်ကူညီပံ့ပိုးမှုများ လိုလိုလားလားရှိခဲ့ကြပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် တူညီသောအတွေ့အကြုံ ရည်မှန်းချက်ကိုအခြေခံပြီး ဒေသဆိုင်ရာ စည်းလုံးညီညွတ်မှု၏ တန်ဖိုးကို ပြသခဲ့ကြပါကြောင်း။

### အခြေခံအကြောင်းရင်းတစ်ခုပင်

တစ်ဦးတစ်ယောက်ကို ကူညီခြင်းသည် တစ်စုတစ်ဖွဲ့လုံးကို ကူညီခြင်းပင်ဖြစ်သည်ဆိုသည့် အယူအဆက အာဆီယံအတွင်း တူညီသော အယူအဆနှင့် စုပေါင်း ဆောင်ရွက်မှုကို ခိုင်မာစေခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများကြား ဖွံ့ဖြိုးတိုးတက်မှုတွင် ကွာဟမှုများရှိသော်ငြားလည်း အာဆီယံကို ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးသော ဒေသဆိုင်ရာ အဖွဲ့အစည်းများအနက်တစ်ခုအဖြစ် ရောက်ရှိစေခဲ့သည့် အခြေခံအကြောင်းရင်းတစ်ခုပင် ဖြစ်ပါကြောင်း။

အသွင်ကူးပြောင်းရေးတစ်ရပ်ဆိုသည်မှာ အရှင်းလင်းဆုံးပြောရလျှင် တစ်နေရာမှ အခြားတစ်နေရာသို့ ကူးပြောင်းသွားသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ရောက်ရှိ ရမည့် အကွာအဝေးနှင့် လျှောက်လှမ်းဖြတ်သန်းရမည့် ခရီးကြမ်း၏ သဘောသဘာဝက ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ၏ အတိုင်းအတာနှင့် ရှုပ်ထွေးမှုကို ပြဋ္ဌာန်းပေးပါကြောင်း၊ မြန်မာနိုင်ငံသည် ကာလရှည်ကြာ အခြေခိုင်မာနေသော အာဏာရှင်စနစ်မှ မိမိတို့က ဒီမိုကရေစီဟုခေါ်ဆိုသောစနစ်သို့ ဖြတ်သန်းလျှောက်လှမ်းလျက်ရှိပါကြောင်း၊ မိမိတို့ပြည်သူများ၏အသိအမြင် အထူးသဖြင့် ဒီမိုကရေစီအသိအမြင်များမှာ ဆက်စပ်မရနိုင်အောင် ကွဲပြားခြားနားနေကြသည့်အလျောက် အဆိုပါ ကွဲပြားခြားနားမှုများသည် ယနေ့မိမိတို့နိုင်ငံက ဖြတ်သန်း နေရသည့် အသွင်ကူးပြောင်းမှုအပေါ်တွင် အကျိုးသက်ရောက်မှုဖြစ်နိုင်ပါကြောင်း။

### မပြီးဆုံးသေးသော ဒီမိုကရေစီစနစ်

မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ၇၅ နှစ်ခန့်ကာလအတွင်း အရေးကြီးသည့် အသွင်ကူးပြောင်းရေးသုံးရပ်ကို ဖြတ်သန်းခဲ့ရပါကြောင်း၊ ယင်းတို့မှာ ကိုလိုနီအုပ်ချုပ်ရေးစနစ်မှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရခဲ့သည့်အချိန်ကာလ၊ ပါလီမန်ဒီမိုကရေစီခေတ်မှ ၁၉၆၂ ခုနှစ် စစ်အာဏာရှင် စနစ်ကာလနှင့် ၁၉၈၈ ခုနှစ်မှ စတင်ခဲ့သော စစ်အုပ်ချုပ်ရေးစနစ်မှ မပြီးဆုံးသေးသော ဒီမိုကရေစီစနစ်ဟူ၍ သုံးပိုင်းရှိပါကြောင်း။

> ❛ မြန်မာနိုင်ငံသည် ကာလရှည်ကြာ အခြေခိုင်မာနေသော အာဏာရှင်စနစ်မှ မိမိတို့က ဒီမိုကရေစီဟု ခေါ်ဆိုသောစနစ်သို့ ဖြတ်သန်းလျှောက်လှမ်းလျက်ရှိပါကြောင်း၊ မိမိတို့ ပြည်သူများ၏အသိအမြင် အထူးသဖြင့် ဒီမိုကရေစီ အသိအမြင်များမှာ ဆက်စပ်မရနိုင်အောင် ကွဲပြားခြားနားနေကြသည့်အလျောက် အဆိုပါ ကွဲပြားခြားနားမှုများသည် ယနေ့မိမိတို့နိုင်ငံက ဖြတ်သန်းနေရသည့် အသွင်ကူးပြောင်းမှုအပေါ်တွင် အကျိုးသက်ရောက်မှုဖြစ်နိုင်




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ် ၂၁ ရက်က စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသောအခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးစဉ်။**

ပထမအသွင်ကူးပြောင်းရေးမှာ အခက်ခဲဆုံးနှင့် အပေးဆပ်ခဲ့ရဆုံးရုန်းကန်လှုပ်ရှားမှုများမှ ထွက်ပေါ်လာသည့် ရိုးရှင်းသော နောက်ဆုံးရလဒ်ပင်ဖြစ်ပါကြောင်း၊ လက်အောက်ခံကိုလိုနီနိုင်ငံတစ်ခုအဖြစ်မှ အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သော နိုင်ငံတစ်ခုအဖြစ်သို့ ပီပီပြင်ပြင်ပြောင်းလဲခဲ့ခြင်း ဖြစ်ပါကြောင်း။

ဒုတိယအသွင်ကူးပြောင်းမှုမှာလည်း အလွန်ပင် ပြင်းထန်မြန်ဆန်ပြီး သမိုင်းတွင် ထင်ရှားသည့် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ တစ်ခုသော နံနက်ခင်းတွင် မြို့တော်၏ လမ်းမများပေါ်တွင် သံချပ်ကာကားများ ရောက်ရှိလာပြီး ရေဒီယိုတွင် ရုတ်တရက်သတင်းကြေညာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း။

မိမိတို့၏လက်ရှိ အသွင်ကူးပြောင်းရေးမှာ အရှုပ်ထွေးဆုံးနှင့် စိန်ခေါ်မှုအများဆုံးဖြစ်ကြောင်း၊ ကနဦးအစပိုင်းတွင် ပီပြင်မှုမရှိခဲ့ပါကြောင်း၊ အလံတစ်ခုကိုချပြီး နောက်အလံတစ်ခုကို လွှင့်တင်သည့်အခိုက်တွင် တိကျရေရာမှု တစ်ခုမှမရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းတွင် ခေတ်တစ်ခေတ်ကုန်ဆုံးပြီး နောက်ခေတ်တစ်ခေတ် စတင်မှုကို ထင်ရှားပေါ်လွင်စေသည့် တိကျပြတ်သားသော ထုတ်ပြန်ကြေညာချက်များ မရှိခဲ့ပါကြောင်း၊ သိပ်အရေးမကြီးဟု ယူဆရသည့် အဖြစ်အပျက် အများအပြား ပေါင်းစပ်ပြီး ပြင်းထန်သော တစ်နိုင်ငံလုံး ဒီမိုကရေစီအရေးတော်ပုံ အသွင်သို့ရောက်ရှိခဲ့ပါကြောင်း၊ ဆန္ဒပြမှုများကို လျင်မြန်စွာ ဖြိုခွင်းနိုင်ခဲ့သော်လည်း ယနေ့မိမိတို့ လျှောက်လှမ်းနေသော ကြမ်းတမ်း ခက်ထန်သည့် အသွင်ကူးပြောင်းရေး လမ်းကြောင်းကို တံခါးဖွင့်ပေးခဲ့ပါကြောင်း။

မိမိတို့ပြည်သူများအဖို့ ၁၉၈၈ ခုနှစ်က ဒီမိုကရေစီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် ဆက်နွယ်နေ သောအရာအားလုံးနှင့် ဆန့်ကျင်ဘက် ဖြစ်ခဲ့ပါကြောင်း၊ စစ်အစိုးရ၏ အငွေ့အသက်ပါသော တစ်ပါတီစနစ်၏ ဖိနှိပ်မှုကို ဖယ်ရှားလိုသည့်ဆန္ဒမှာ နိုင်ငံအနှံ့ပျံ့နှံ့သွားခဲ့ကြောင်း၊ ယုတ်လျော့သွားသည့် တစ်ဦးတစ်ယောက်ချင်းစီ၏ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ ကျဆင်းသွားသည့် အဆင့်အတန်းများကို အဆုံးသတ်ရန် ပြည်သူများက ကျယ်ကျယ်လောင်လောင် တောင်းဆိုခဲ့ကြကြောင်း။

### မဲဆန္ဒနယ်အများစုတွင် အနိုင်ရရှိခဲ့

တုံ့ပြန်မှုအနေဖြင့် တိုက်ရိုက်စစ်အုပ်ချုပ်ရေးကို အလျင်အမြန်ဖွဲ့စည်းခဲ့ပြီး လွတ်လပ်မှုကို ပိတ်ပင်ခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီ အများအပြား ဖွဲ့စည်းခွင့်ပြုခဲ့သော်လည်း ၎င်းတို့၏ လှုပ်ရှားမှုများကို ကန့်သတ်ခဲ့ပါ ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်သို့ မရေမရာသော ခြေလှမ်းများဖြင့် စတင်လျှောက်လှမ်းခဲ့ပါကြောင်း၊ မျှော်လင့်ချက်ရောင်ခြည်သန်းစေခဲ့သည့် ၁၉၉၀ အထွေထွေရွေးကောက်ပွဲအပါအဝင် အဟန့်အတားများ ကျော်လွှားပြီးနောက်ပိုင်း ၂၀၁၅ ခုနှစ်တွင် သမိုင်းဝင်ရွေးကောက်ပွဲများကို မိမိတို့ကျင်းပနိုင်ခဲ့ကြောင်း၊ စောဒကတက်စရာကောင်းသည့် ၂၀၀၈ ခုနှစ် ပြည်သူ့ဆန္ဒခံယူပွဲမှ အတည်ပြုပြဋ္ဌာန်းလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကန့်သတ်ချက်များအကြားတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ခဲ့သည်အထိ မဲဆန္ဒနယ်အများစုတွင် အနိုင်ရရှိခဲ့ပါကြောင်း။

ဒီမိုကရေစီအသွင် ကူးပြောင်းမှုဟုဆိုရာ၌ ပြည်သူ့ဆန္ဒနှင့်အညီ

**စာမျက်နှာ (ခ)သို့**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောဆွေးနွေးချက်

စာမျက်နှာ (က) မှ

လမ်းကြောင်းတစ်ခုကိုချမှတ်ခဲ့ပြီး ယင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဒီမိုကရေစီပန်းတိုင်ကို ဦးတည်သည့် ဒီမိုကရေစီနည်းလမ်းကို မိမိဆိုလိုပါကြောင်း။

မိမိတို့ ပြည်သူများသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ဆူပူအုံကြွမှုကို အဆုံးသတ်ရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်းလုံခြုံရေးနှင့် ၎င်းတို့၏ ကလေးငယ်များ အနာဂတ်ကို စူးစိုက်နိုင်မည့် အခွင့်အလမ်းရရှိရေးကို အာသီသပြင်းပြနေကြကြောင်း၊ ပြည်သူများအနေဖြင့် ၁၉၈၈ ခုနှစ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်စဉ်က အခြေခံခဲ့သော အကြမ်းမဖက်ရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးမူများကို လက်ခံခဲ့ကြပြီး ဆယ်စုနှစ်သုံးခုနီးပါးအကြာတွင် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးဟူသော မိမိတို့ပါတီမှ ချမှတ်ထားသည့် ရည်မှန်းချက်များ အတွက် မဲပေးထောက်ခံခဲ့ကြကြောင်း၊ မိမိတို့အသွင်ကူးပြောင်းရေး ဖြစ်စဉ်၏ အောင်မြင်မှုအတိုင်းအတာကို ပြည်သူများနှင့်အတူ ပြည်သူ့ဆန္ဒများ မည်မျှ အထိ ဖြည့်စွမ်းပေးနိုင်ခဲ့ သည်ဆိုသည့် ပမာဏဖြင့် တိုင်းတာရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

## ရည်မှန်းချက်ငါးခုရှိ

မိမိတို့၏ အသွင်ကူးပြောင်းရေးအတွက် လမ်းပြမြေပုံအဖြစ် ရှုမြင်နိုင်သော မြန်မာနိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် မဏ္ဍိုင်သုံးခုက အထောက်အပံ့ပြုထားသည့် ရည်မှန်းချက်ငါးခုရှိပါကြောင်း။

ပထမရည်မှန်းချက်မှာ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်ပြီး ဒုတိယရည်မှန်းချက်မှာ စီးပွားရေးတည်ငြိမ်မှုနှင့် အကြီးစားစီးပွားရေး စီမံခန့်ခွဲမှုများ အားကောင်းလာရေးဖြစ်ပါကြောင်း၊ ယင်းတို့မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဟူသော မဏ္ဍိုင်အပေါ် တည်မှီနေပါကြောင်း၊ တတိယရည်မှန်းချက်မှာ သာယာဝပြောမှုနှင့် မိတ်ဖက်ဖြစ်မှုဟူသော မဏ္ဍိုင်နှင့်သက်ဆိုင်သည့် အလုပ်အကိုင်ဖန်တီးမှုနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါကြောင်း၊ ပြည်သူနှင့် ကမ္ဘာကြီးပါဝင်သော တတိယမဏ္ဍိုင်က ၂၁ ရာစု လူမှုအသိုက်အဝန်းအတွက် လူသားအရင်းအမြစ်နှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဟူသည့် စတုတ္ထ ရည်မှန်းချက်ကို အထောက်အပံ့ပြုကြောင်း၊ ပဉ္စမရည်မှန်းချက်မှာ နိုင်ငံသာယာဝပြောမှုအတွက် သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ဖြစ်ပါကြောင်း။

## ပထမဦးဆုံးတာဝန်

ရည်မှန်းချက် တစ်နှင့်နှစ်မှာ အပြန်အလှန် အမှီသဟဲပြုကြပြီး ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုမဏ္ဍိုင်သာမရှိပါက ၎င်းတို့ ရပ်တည်၍မရနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် အသွင်ကူးပြောင်းရေး လမ်းကြောင်းပေါ် ရောက်ရှိခဲ့ပြီဖြစ်ရာ ယင်းမဏ္ဍိုင်တည်ဆောက်ရေးသည် မိမိတို့ဖော်ဆောင်ရမည့် ပထမဦးဆုံးတာဝန်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရသစ်စတင်တာဝန်ယူခဲ့သော ၂၀၁၆ ခုနှစ် မတ် ၃၀ ရက် အစပိုင်းကစ၍ ယခင်အစိုးရက ဖော်ဆောင်ခဲ့သော ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်ကို စီမံကိန်းချကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာခဲ့ပြီး နိုင်ငံတော်ကို ယိုယွင်းပျက်စီးစေသည့် လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရေးနှင့် မတူကွဲပြားခြားနားမှုမှ ဖော်ဆောင်ယူခဲ့သော ရေရှည်ခိုင်မြဲသည့် စည်းလုံးညီညွတ်မှုအပေါ် အခြေခံသည့် ခိုင်မာသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ထောင်ရန် (၂၁) ရာစုပင်လုံညီလာခံကို ကျင်းပခြင်းဖြင့် ကြိုးပမ်းခဲ့ကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ချောမွေ့သည်ဟူ၍မရှိဘဲ အဟန့်အတားများနှင့် ပြည့်နှက်နေလေ့ရှိသည်ကို အခြားနိုင်ငံများ၏ အတွေ့အကြုံများမှ မိမိတို့လေ့လာသိရှိခဲ့ရပါကြောင်း၊ မိမိတို့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ဆွေးနွေးညှိနှိုင်းရမည့် အဖွဲ့အစည်းများစွာ ပါဝင်ပတ်သက်နေသည့်အတွက် အလွန့်အလွန် ရှုပ်ထွေးပါကြောင်း၊ မိမိတို့အနေဖြင့် အခက်အခဲများ၊ စိတ်ပျက်စရာများ၊ နှောင့်နှေးကြန့်ကြာမှုများအတွက်ပါ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားခဲ့ပါကြောင်း။

ကြိုတင်မျှော်မှန်းထားခဲ့သကဲ့သို့ အခက်အခဲများနှင့် စိတ်ပျက်စရာများရှိခဲ့ပါကြောင်း၊ သို့သော်လည်း အဆက်မပြတ် ညှိနှိုင်းဆွေးနွေးမှုများ၊ ထာဝရစိတ်ရှည်သည်းခံမှု၊ ဆွေးနွေးဖက်များ၏ စိတ်ရင်းစေတနာကောင်းမွန်မှု၊ ပြည်သူများနှင့် မိတ်ဆွေများ၏ အားပေးကူညီမှုတို့ဖြင့် မိမိတို့ ရှေ့ဆက်လျှောက်လှမ်းနိုင်ခဲ့ပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပင်လုံအစည်းအဝေးသုံးကြိမ် ကျင်းပခဲ့ရာ ကျင်းပသည့်အကြိမ်တိုင်းတွင် အဖိုးတန်သည့် တိုးတက်မှုများရရှိခဲ့ပါကြောင်း၊ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် အဆင့် ၇ ဆင့်ရှိသော လမ်းပြမြေပုံကို ရရှိခဲ့

## ရှေ့ဆက်လျှောက်လှမ်းနိုင်ခဲ့ပါ

သို့သော် မိမိတို့အနေဖြင့် လွယ်လမလျှော့ရန် စိတ်ပိုင်းဖြတ်ထားကြပါကြောင်း၊ အဘယ် ကြောင့်ဆိုသော် ငြိမ်းချမ်းမှုမရှိလျှင် မိမိတို့ အသွင်ကူးပြောင်းရေး လုပ်ငန်းသည် အောင်မြင်မှုမရရှိနိုင်ပါကြောင်း၊ ကြိုတင်မျှော်မှန်းထားခဲ့သကဲ့သို့ အခက်အခဲများနှင့် စိတ်ပျက်စရာများရှိခဲ့ပါကြောင်း၊ သို့သော်လည်း အဆက်မပြတ်ညှိနှိုင်းဆွေးနွေးမှုများ၊ ထာဝရစိတ်ရှည်သည်းခံမှု၊ ဆွေးနွေးဖက်များ၏ စိတ်ရင်းစေတနာကောင်းမွန်မှု၊ ပြည်သူများနှင့် မိတ်ဆွေများ၏ အားပေးကူညီမှုတို့ဖြင့် မိမိတို့ ရှေ့ဆက်လျှောက်လှမ်းနိုင်ခဲ့ပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပင်လုံအစည်းအဝေးသုံးကြိမ် ကျင်းပခဲ့ရာ ကျင်းပသည့်အကြိမ်တိုင်းတွင် အဖိုးတန်သည့် တိုးတက်မှုများ ရရှိခဲ့ပါကြောင်း၊ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် အဆင့် ၇ ဆင့်ရှိသော လမ်းပြမြေပုံကို ရရှိခဲ့ပါကြောင်း။

ဒုတိယအစည်းအဝေးတွင် အခြေခံမူဝါဒ ၃၇ ချက်ကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ တတိယအစည်းအဝေးမစတင်မီ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှစ်ခုနှင့် ထပ်မံ၍လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ အစည်းအဝေးကျင်းပစဉ်ကာလအတွင်း ထပ်မံ၍အခြေခံမူဝါဒ ၁၄ ချက် ချမှတ်နိုင်ခဲ့ပါကြောင်း၊ ကြီးမားသော စိန်ခေါ်မှုရှိနေဆဲဖြစ်ပြီး တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား တိုက်ပွဲများနှင့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အကြားတွင်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပါကြောင်း၊ မိမိတို့အနေဖြင့် စိန်ခေါ်မှုများအပေါ် အမြဲသတိရှိနေပြီး ယင်းတို့ကို အပြန်အလှန်ယုံကြည်မှုနှင့်နားလည်မှုတို့ တည်ဆောက်ရန် ကြိုးစားရင်းတွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ဖြေရှင်းရန် ရည်ရွယ်ထားပါကြောင်း။

ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးအတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်တစ်ခုကို ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် မိမိတို့ မဏ္ဍိုင် ၁ တည်ဆောက်ရေး၏ အခြေခံကျသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့ စတင်တာဝန်ယူသည့် နှစ်လအတွင်း မိမိတို့အနေဖြင့် ရခိုင်ပြည်နယ် တရား ဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟို ကော်မတီကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သဘာဝသယံဇာတကြွယ်ဝသည့် ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် ပြဿနာများကို ထာဝရ ဖြေရှင်းပေးမည့်အဖြေများ ကူညီရှာဖွေပေးရန်အတွက် အကြံပေးကော်မရှင်ကို ဦးဆောင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန်ကို ချဉ်းကပ်ခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်းရှိ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် မိမိတို့ မဏ္ဍိုင် ၁ တည်ဆောက်ရေး၏ အခြေခံကျသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့ စတင်တာဝန်ယူသည့် နှစ်လအတွင်း မိမိတို့အနေဖြင့် ရခိုင်ပြည်နယ် တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သဘာဝသယံဇာတကြွယ်ဝသည့် ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် ပြဿနာများကို ထာဝရဖြေရှင်းပေးမည့် အဖြေများ ကူညီရှာဖွေပေးရန်အတွက် အကြံပေးကော်မရှင်ကို ဦးဆောင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန်ကို ချဉ်းကပ်ခဲ့

## မရေမတွက်နိုင်

ဤနေရာတွင် ကျေးဇူးပြု၍ မိမိအား ဒေါက်တာကိုဖီအာနန်ကို ချီးကျူးဂုဏ်ပြုခွင့်ပေးစေလိုပါကြောင်း၊ ၎င်း၏အရည်အချင်းနှင့် အောင်မြင်မှုများသည် မရေမတွက်နိုင်ပါကြောင်း၊ သို့သော် မိမိတို့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရန် ဆွေးနွေးနေခိုက် မိမိတို့အတွက် ယင်း၏အရေးပါခဲ့ပုံ ကိုသာ အဓိကတင်ပြရန်သင့်တော်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ အမြစ်တွယ်နေသော ပြဿနာများကို ဖြေရှင်းရာတွင် မိမိတို့အား အကြံဉာဏ်ပေးမည့်တာဝန်ကို လက်ခံရယူရန် စိတ်သဘောထားကောင်းမွန်ပြီး အကောင်းမြင်စိတ်ဓာတ်ရှိသည့် ဒေါက်တာကိုဖီအာနန်က သဘောတူညီခဲ့ပါကြောင်း။

မြန်မာနိုင်ငံအပေါ် ရခိုင်ပြည်နယ်မှ အဖြစ်အပျက်များကြောင့် ပြင်းထန်သော ဝေဖန်ပြစ်တင်မှုများရှိနေချိန်တွင် မိမိတို့ နိုင်ငံကို ငြိမ်းချမ်းလုံခြုံတိုးတက်အောင်မြင်စေလိုသော ဒေါက်တာအာနန်အနေဖြင့် မိမိတို့အားကူညီရန် ၎င်း၏ ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်ခဲ့ပါကြောင်း၊ ကိုဖီအာနန်၏ လုပ်ဆောင်ချက်နှင့် ၎င်းကော်မရှင်၏ အကြံပြုချက်များမှ တွေ့ရသော ၎င်း၏ ကရုဏာ၊ ရိုးသားဖြောင့်မတ်မှုနှင့် ရဲစွမ်းသတ္တိတို့သည် ၎င်း၏ပညာပြည့်ဝမှု၊ အတွေ့အကြုံကြွယ်ဝမှုတို့ကို ထင်ဟပ်ခဲ့ပါကြောင်း၊ ၎င်း၏ချဉ်းကပ်မှုနည်းလမ်းမှာ အပြုသဘောဆောင်ပြီး ကရုဏာတရားရှိပါကြောင်း၊ အလုပ်တာဝန် များပြားသည့်ကြားမှပင် အချိန်ယူကာ မိမိအား တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းပြီး ကူညီအားပေးခဲ့ပါကြောင်း။

## စံတန်ဖိုးများ

ယခုနှစ်အစောပိုင်းတွင် ရခိုင်ပြည်နယ် အတွင်းရရှိခဲ့သော သင်ခန်းစာများ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၎င်းအနေဖြင့် နောက်ဆုံးလူထုအခမ်းအနားအဖြစ် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ၎င်း၏ဘဝသည် မိမိတို့အကျိုးအတွက် လေ့လာစရာ သင်ခန်းစာတစ်ခုပင်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂကို တည်ဆောက်ထားသည့် အခြေခံသဘောများနှင့် တန်ဖိုးများထင်ဟပ်နေသည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာတစ်လွှားတွင် ငြိမ်းချမ်းသာယာမှုရရှိနိုင်ကြောင်း မိမိတို့အား ယုံကြည်မျှော်လင့်စေသည့် စံတန်ဖိုးများပင် ဖြစ်ပါကြောင်း။

ဒေါက်တာကိုဖီအာနန် ကော်မရှင်၏ အကြံပြုချက် ၈၈ ချက်မှ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးဖော်ဆောင်ရန် ရည်ရွယ်သည့် အကြံပြုချက် ၈၁ ချက်ကို မိမိတို့အနေဖြင့် အကောင်အထည်ဖော်ပြီးဖြစ်ပါကြောင်း၊ သို့သော် ရခိုင်ပြည်နယ်ရှိ စိန်ခေါ်မှုများမှာ ဘက်ပေါင်းစုံမှဖြစ်ရာ အဘက်ဘက်မှ လုပ်ဆောင်စရာများစွာ လိုအပ်နေပါကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာလက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်ကိုအကောင်အထည်ဖော်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ရှိသော နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေးကို လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

## အဆင့်ပေါင်းစုံတွင်ပါဝင်ခဲ့

ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရန်အတွက် မြန်မာအစိုးရသည် UNDP နှင့် UNHCR တို့နှင့် နားလည်မှုစာချွန်လွှာ(MoU) တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ နေရပ်စွန့်ခွာသွားသူများ ပြန်လည်နေရာချထားရေးအတွက် နေရာများကို စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ ကုလသမဂ္ဂတာဝန်ရှိပုဂ္ဂိုလ်များအား ကျေးရွာအုပ်စု ၁၃ အုပ်စုအတွင်းရှိ ကျေးရွာ ၂၃ ရွာကိုရှေ့ပြေးအကဲဖြတ်စီမံကိန်းအဖြစ် ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း၊ နယ်နိမိတ်မျဉ်းအနီးနေထိုင်သော နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအတွက် ထပ်မံ၍ ကျေးရွာငါးရွာကို သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်ပြီး ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာ ထောက်ထားမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီအနေဖြင့် ဘက်ပေါင်းစုံ၊ အဆင့်ပေါင်းစုံတွင် ပါဝင်ခဲ့ပါကြောင်း။

စာမျက်နှာ (ဂ)သို့

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောဆွေးနွေးချက်

စာမျက်နှာ (ခ) မှ

UEHRD သည် နိုင်ငံအနှံ့မှ ပြည်သူများနှင့် အဖွဲ့အစည်းများကို ရခိုင်ပြည်နယ်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အစိုးရနှင့်အတူ ပါဝင်လာရန် ပေါင်းစည်းပေးသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း။

နိုင်ငံအနှံ့အပြားရှိ ပြည်သူများနှင့် အဖွဲ့အစည်းများ အစိုးရနှင့် ပါဝင်ပူးပေါင်းပြီး ရခိုင်ပြည်နယ်အား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် အမျိုးသားစီမံကိန်းအတွင်း ပါဝင်လာအောင် ဖော်ဆောင်စေခဲ့သည်မှာ UEHRD ပင်ဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း ဒေါက်တာဆူရာကရက် ဆာသီရာထိုင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဒေါက်တာ ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးဆိုင်ရာ အကြံပေးအဖွဲ့သည် ပြီးခဲ့သော သီတင်းပတ်က ၎င်း၏ အပြီးသတ်အစီရင်ခံစာကို တင်သွင်းခဲ့ပါကြောင်း၊ မျှတမှုရှိပြီး အလားအလာကောင်းသော ယင်းအစီရင်ခံစာအတွက် အကြံပေးအဖွဲ့ဝင်အားလုံးကို အထူးကျေးဇူးတင်ရှိသည်ဟု ပြောကြားလိုပါကြောင်း။

၎င်းတို့၏ အကြံပေးချက်များအပေါ် အခြေခံပြီး အာဆီယံမှ ထင်ရှားကျော်ကြားသည့် သံတမန်တစ်ဦးဖြစ်သော သံအမတ် ရိုဆာရီယို မယ်နာလိုဦးဆောင်သည့် လွတ်လပ်သော စုံစမ်းရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းကော်မရှင်သည် ဩဂုတ် ၁၅ ရက်က နေပြည်တော်တွင် ပထမဆုံးအကြိမ်အစည်းအဝေးကျင်းပခဲ့ကြပြီး လာမည့်သီတင်းပတ်တွင် လုပ်ငန်းစတင်ကြတော့မည်ဖြစ်ကြောင်း။

## ချောမွေ့လာခဲ့

မိမိတို့အနေဖြင့် နေရပ်စွန့်ခွာ ထွက်ပြေးသူများအားလုံး အထူးသဖြင့် အမျိုးသမီးနှင့် ကလေးများအပေါ် သနားကြင်နာစိတ်၊ စိုးရိမ်စိတ်များ ကြီးစွာဖြစ်ပေါ်နေပါကြောင်း၊ ယခုအခါ ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းလုပ်သားများနှင့် နေရပ်စွန့်ခွာထွက်ပြေးသူများ လေးသန်းခန့်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းပီသမှုကို အခြေခံကာ အဆိုပါပြဿနာကို ချစ်ခင်ရင်းနှီးစွာ ဖြေရှင်းရန် ကြိုးပမ်းရာတွင် အောင်မြင်မှုများရရှိခဲ့ပါကြောင်း၊ ယခုအခါ မိမိတို့အလုပ်သမားများထဲမှ အများစုမှာ တရားဝင်အသိအမှတ်ပြုခံရသဖြင့် ထိုတိုးတက်မှုရလဒ်များအပေါ် အလုပ်ရှင်ရော အလုပ်သမားများပါ အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း၊ ထိုင်းနှင့် မြန်မာနိုင်ငံအကြား ရင်းနှီးစွာညှိနှိုင်းတိုင်ပင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးသူများ မိမိတို့နိုင်ငံသို့ ပြန်လာရေးအစီအစဉ်မှာ ချောမွေ့လာခဲ့ပါကြောင်း။

ထိုနည်းတူ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာထွက်ပြေးသူများ ဘေးကင်းပြီး သိက္ခာရှိရှိဖြင့် မိမိတို့ဆန္ဒအလျောက် ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် ပူးပေါင်းဆောင်ရွက်ရန် မိမိတို့မျှော်လင့်ပါကြောင်း၊ ဒါကာမြို့သို့ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များ စေလွှတ်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်ဘက်ကို မိမိတို့က လက်ကမ်းခဲ့ပြီး ပြန်လည်ရောက်ရှိလာမည့်သူများအား နေရာချထားရေးအတွက် မိမိတို့၏ စီစဉ်ထားရှိမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ရန် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးကို ပြီးခဲ့သော သီတင်းပတ်က ဖိတ်ကြားခဲ့ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ရောက်ရှိလာစဉ် ပေးထားသည့် ကတိကဝတ်များကို အကောင်အထည်ဖော်ရေး၊ နေရပ်စွန့်ခွာထွက်ပြေးသူများ ပြန်လည်ခေါ်ယူရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်များကို အရှိန်အဟုန်မြှင့်ဖော်ဆောင်ရေးနှင့် နှစ်နိုင်ငံအကြား ဝန်ကြီးအဆင့် အရေးပေါ်တယ်လီဖုန်းလိုင်းတစ်ခု တည်ထောင်ရေးစသည်တို့နှင့်ပတ်သက်ပြီး နှစ်နိုင်ငံအကြားသဘောတူညီမှုရရှိခဲ့ကြကြောင်း။

## စီစဉ်ဆောင်ရွက်ခဲ့

ယခုလိုမျိုးပြဿနာတစ်ရပ်ကို ကိုင်တွယ်ဖြေရှင်းနေသည့် ကုလသမဂ္ဂ၏ အရေးကြီးသော အခန်းကဏ္ဍကိုလည်း မိမိတို့ အသိအမှတ်ပြုပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံဥက္ကဋ္ဌနိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြဲတမ်းကိုယ်စားလှယ်များ လာရောက်နိုင်ရေးအတွက် မိမိတို့စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အဖြစ် သံအမတ် Christine Burgener ကို ခန့်အပ်လိုက်မှုအပေါ် မိမိတို့ ကြိုဆိုပါကြောင်း၊ အဆိုပါ အထူးကိုယ်စားလှယ်သည် နေပြည်တော်တွင် ရုံးခန်းဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်း၊ သံအမတ် Christine Burgener နှင့် မိမိတို့ထိတွေ့ဆက်ဆံမှုသည် အပြုသဘောဆောင်ပြီး အကျိုးများမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားသော အကျပ်အတည်းများကို ဖြစ်ပေါ်စေသည့် အကြမ်းဖက်လုပ်ရပ်များသည် လက်ရှိအခြေအနေတွင် အမှန်တကယ် ကြီးမားနေပါကြောင်း၊ လုံခြုံရေးကို စိန်ခေါ် နေသည့် ထိုအကြမ်းဖက်လုပ်ရပ်များကို ကိုင်တွယ်ဖြေရှင်းမှုမရှိပါက လူမျိုးစုနှစ်ရပ်အကြား အကြမ်းဖက်မှုအန္တရာယ်မှာ ဆက်လက်တည်ရှိနေမည် ဖြစ်ပါကြောင်း။

## အကူအညီပေးနိုင်

အဆိုပါပြဿနာသည် မြန်မာနိုင်ငံတွင်သာမက ဒေသတွင်းရှိ နိုင်ငံများနှင့် အခြားနိုင်ငံများအတွက်ပါ ကြီးမားသည့် အကျိုးဆက်ကို ဖြစ်ပေါ်စေနိုင်သည့် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို တစ်စုံတစ်ရာ အကြောင်းပြချက်ဖြင့် လျစ်လျူမရှုသင့်၊ ခွင့်မလွှတ်သင့်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် နည်းလမ်းအမျိုးမျိုးဖြင့် အကူအညီပေးပါသော ရပ်နီးရပ်ဝေးရှိ မိမိတို့၏ မိတ်ဆွေအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မကြာခင်ကမှစတင်ခဲ့သော မိမိတို့အသွင်ကူးပြောင်းရေး အောင်မြင်ဖို့အတွက် ကူညီရာရောက်ပါကြောင်း၊ ယခုလို အရေးကြီးသည့် အခါသမယတွင် လူမျိုးစုနှစ်စုအကြား သဟဇာတဖြစ်ရေးနှင့် ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်နိုင်ရေးအတွက် တရားဥပဒေ စိုးမိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးအခြေခံအဆောက်အအုံများကို ရှင်သန်ခိုင်မာလာရေးဟူသော ဒေါက်တာအာနန်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရာ၌ အာဆီယံနိုင်ငံများနှင့် အခြားသော မိတ်ဆွေနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအား အကူအညီပေးနိုင်မည်ဖြစ်ပါကြောင်း။

## ကွဲပြားခြားနားမှုရှိ

အသွင်ကူးပြောင်းရေးကာလများကို မြန်မာနိုင်ငံအတွင်းမှ ဖြတ်သန်းလာခဲ့သော မိမိတို့နှင့် ပြင်ပမှစောင့်ကြည့်လေ့လာနေသော သူများ၊ အသွင်ကူးပြောင်းရေး၏ အကျိုးရလဒ်နှင့် ပတ်သက်မှုမရှိသော သူများ၏ အသွင်ကူးပြောင်းရေးအပေါ် အမြင်မှာ ကွဲပြားခြားနားမှုရှိပါကြောင်း။

ဤအရေးကိစ္စသည် မိမိတို့နိုင်ငံ၏ ကျယ်ပြောပြီး အားလုံးလွှမ်းခြုံသည့် အနာဂတ်မြေပုံဖြစ်သကဲ့သို့ မိမိတို့၏ နေ့စဉ်ဘဝ၏ သေးငယ်သော အချက်အလက် အစိတ်အပိုင်းများ ဖြစ်ပါကြောင်း၊ မိမိတို့ချဉ်းကပ်မှု နည်းလမ်းသည် အားလုံးအပေါ် လွှမ်းခြုံမှုရှိရန် လိုအပ်ကြောင်း၊ မိမိတို့အတွက် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စများရှိပါကြောင်း၊ သို့သော် ဦးစားပေးအဆင့်နိမ့်သည့် ကိစ္စရပ်များကိုလည်း မိမိတို့လျစ်လျူရှုမထားနိုင်ပါကြောင်း၊ ပြင်ပကမ္ဘာအနေဖြင့် ၎င်းတို့ အာရုံစိုက်လိုသည့် အရေးကိစ္စများကို ရွေးချယ်နိုင်ကြပါကြောင်း၊ ရခိုင်ကိစ္စပြီးလျှင် ယနေ့စိတ်ဝင်စားစရာ အကောင်းဆုံးကိစ္စမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါကြောင်း။

## စနစ်တကျပြင်ဆင်ရေးဆွဲထား

မိမိတို့သည် ရင်းနှီးမြှုပ်နှံမှုအပေါ် လွန်စွာအလေးထားသော်လည်း ယင်းကိစ္စသည် မိမိတို့၏ ကျယ်ပြန့်သော လိုအပ်ချက်များအနက် တစ်ခုသာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကို စီးပွားရေးလုပ်ရန် အဆင်ပြေသော၊ ရင်းနှီး မြှုပ်နှံသူများ အဆင်ပြေလုံခြုံမှုရှိပြီး ၎င်းတို့၏ အကျိုးစီးပွားများမှာ မိမိတို့ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်နှင့် သင့်မြတ်စွာ ပေါင်းစပ်နိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်လိုပါကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် အကောင်းဆုံးသော စီးပွားရေးလုပ်ငန်းအလေ့အထများကို မြှင့်တင်ရန် ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီဥပဒေများကို စနစ်တကျ ပြင်ဆင်ရေးဆွဲထားပါကြောင်း၊ လုပ်ငန်းကြန့်ကြာစေသည့် အဆင့်များကို ဖယ်ရှားရန်နှင့် အကောင်အထည်ဖော်နေသည့် လုပ်ငန်းများကို အရှိန်မြှင့်ရန် လုပ်ထုံးလုပ်နည်းများကို ပြေပြစ်သွက်လက်အောင် လုပ်ဆောင်ထားပါကြောင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌအသစ်လည်း ယနေ့ မိမိနှင့်အတူပါလာပြီး စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ၎င်းက လိုလိုလားလား လုပ်ဆောင်ပေးနိုင်ကြောင်းကို လုပ်ငန်းရှင်များအား အာမခံချက်ပေးရန်အသင့်ရှိပါကြောင်း၊ သူ၏လုပ်ပိုင်ခွင့်အာဏာကို မိမိက လုယူလိမ့်မည်မဟုတ်ကြောင်း၊ သို့သော်လည်း မိမိကို သူ့ကိုယ်စား ပြောစေလိုသည့်အရာအချို့ သူ့တွင်ရှိပါကြောင်း။

## ကြီးမားသောအခွင့်အလမ်းများကိုဖြစ်ပေါ်စေခဲ့

တီထွင်ကြံဆမှု၊ လွတ်လပ်သော ကုန်သွယ်မှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ ဒေသတွင်းချိတ်ဆက်မှုများနှင့်အတူ အာဆီယံစီးပွားရေးပေါင်းစည်းမှုက မိမိတို့အတွက် ကြီးမားသောအခွင့်အလမ်းများကို ဖြစ်ပေါ်စေခဲ့ ကြောင်း၊ မကြာသေးမီက မြန်မာနိုင်ငံစီးပွားရေးမြင့်တက်လာမှုသည် အာဆီယံနှင့် အခြားသော အရှေ့အာရှနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့ကြောင့် ဖြစ်ပါကြောင်း။

စီးပွားရေးအရ မဟာဗျူဟာကျသည့် နေရာတွင် တည်ရှိသော စင်ကာပူနှင့် မြန်မာနိုင်ငံတို့သည် အာဆီယံနိုင်ငံများ၏ သာယာဝပြောမှုနှင့် စီးပွားရေးဆက်လက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍတွင် တည်ရှိနေပါကြောင်း၊ ဒေသအကျိုး၊ နှစ်နိုင်ငံအကျိုးအတွက် မိမိတို့၏ ထူးခြားသည့် အားသာချက်များကို ပေါင်းစည်းနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှကုန်းတွင်းနယ်မြေတွင် အကြီးဆုံးဖြစ်ပြီး စိုက်ပျိုးနိုင်သော မြေနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်သော နိုင်ငံဖြစ်ပါကြောင်း၊ အတော်အသင့်ကြီးမားသော လူဦးရေနှင့် ငယ်ရွယ်သည့် လုပ်သားအင်အားစုရှိသော နိုင်ငံလည်းဖြစ်ပါကြောင်း။

## အထင်ကရနိုင်ငံ

အခြားတစ်ဖက်တွင် စင်ကာပူနိုင်ငံသည်လည်း ကမ္ဘာ့အကျော်ကြားဆုံး ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေး ဗဟိုချက်မများထဲက တစ်ခုဖြစ်သကဲ့သို့ ပို့ဆောင်ရေးတွင်လည်း အချက်အချာကျသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ရေကြောင်းနှင့် လေကြောင်းချိတ်ဆက်မှုနှင့် ခေတ်မီဆက်သွယ်ရေးများပါဝင်သည့် ကမ္ဘာ့အဆင့်မီ အခြေခံအဆောက်အအုံများနှင့် ပြည့်နှက်နေပါကြောင်း၊ စင်ကာပူနိုင်ငံသည် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးမှုအလျင်မြန်ဆုံးဒေသများထဲမှ တစ်ခုအတွင်း တည်ရှိရုံမျှမက ကျွမ်းကျင်သော လုပ်သားအင်အားစုနှင့် နည်းပညာများကို ပိုင်ဆိုင်ထားသည့်အတွက် ဒေသအတွင်းရင်းနှီးမြှုပ်နှံမှုတွင် အထင်ကရနိုင်ငံ ဖြစ်လာစေခဲ့ကြောင်း။

ယမန်နှစ်က မြန်မာနိုင်ငံရှိ ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံထိရောက်ရှိခဲ့ပြီး ထိုရင်းနှီးမြှုပ်နှံမှုပမာဏ၏ တစ်ဝက်ကျော်မှာ စင်ကာပူနိုင်ငံမှဖြစ်ပါကြောင်း၊ စင်ကာပူနှင့်မြန်မာတို့သည် အပြန်အလှန်ရင်းနှီး မြှုပ်နှံမှုသဘောတူညီချက်စာချုပ်အရ ကုန်သွယ်မှုကို မြှင့်တင်နေကြပြီဖြစ်ရာ အနာဂတ်အလားအလာမှာ ကောင်းမွန်လျက်ရှိပါကြောင်း။

မိမိတို့၏အသွင်ကူးပြောင်းရေးတွင် ပဓာနကျသည့် ရင်းနှီးမြှုပ်နှံမှုမှာ မိမိတို့၏ လူသားအရင်းအမြစ်များ၌ ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း၊ ထိုရင်းနှီးမြှုပ်နှံမှုသည် မိမိတို့၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် မရှိမဖြစ် လိုအပ်ပါကြောင်း၊ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံ၏ အလွန်အရေးပါသော စီးပွားရေးအညွှန်းကိန်းများမှာ ကောင်းမွန်နေသည် သို့မဟုတ် တည်ငြိမ်နေသည် သို့မဟုတ် အလားအလာကောင်းနေသည်ဟူ၍စီးပွားရေး ပညာရှင်တစ်ဦးက မှတ်ချက်ပြုခဲ့ပါကြောင်း၊ မိမိတို့အတွက် အလားအလာကောင်းဆိုသည်မှာ မိမိတို့ပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာသည့် အခြေအနေကို ဖော်ဆောင်နိုင်သည့် အခြေအနေကို ဆိုလိုခြင်းဖြစ်ပါကြောင်း။

စာမျက်နှာ (ဃ)သို့

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာ ထွက်ပြေးသူများ ဘေးကင်းပြီး သိက္ခာရှိရှိဖြင့် မိမိတို့ဆန္ဒအလျောက် ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် ပူးပေါင်းဆောင်ရွက်ရန် မိမိတို့ မျှော်လင့်ပါကြောင်း၊ ဒါကာမြို့သို့ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များ စေလွှတ်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်ဘက်ကို မိမိတို့က လက်ကမ်းခဲ့ပြီး ပြန်လည်ရောက်ရှိလာမည့်သူများအား နေရာချထားရေးအတွက် မိမိတို့၏ စီစဉ်ထားရှိမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ရန် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးကို ပြီးခဲ့သော သီတင်းပတ်က ဖိတ်ကြားခဲ့

မိမိတို့၏အသွင်ကူးပြောင်းရေးတွင် ပဓာနကျသည့် ရင်းနှီးမြှုပ်နှံမှုမှာ မိမိတို့၏ လူသားအရင်းအမြစ်များ၌ ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း၊ ထိုရင်းနှီးမြှုပ်နှံမှုသည် မိမိတို့၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် မရှိမဖြစ် လိုအပ်ပါကြောင်း၊ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံ၏ အလွန်အရေးပါသော စီးပွားရေးအညွှန်းကိန်းများမှာ ကောင်းမွန်နေသည် သို့မဟုတ် တည်ငြိမ်နေသည် သို့မဟုတ် အလားအလာကောင်းနေသည်ဟူ၍စီးပွားရေး ပညာရှင်တစ်ဦးက မှတ်ချက်ပြုခဲ့ပါကြောင်း၊ မိမိတို့အတွက် အလားအလာကောင်းဆိုသည်မှာ မိမိတို့ပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မား လာသည့် အခြေအနေကို ဖော်ဆောင်နိုင်သည့် အခြေအနေကို ဆိုလိုခြင်းဖြစ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောဆွေးနွေးချက်



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဩဂုတ် ၂၁ ရက်က စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်၌ ကျင်းပသော မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသောအခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်သူများကို တွေ့ရစဉ်။**

**စာမျက်နှာ (၈)မှ**

## လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်မီးရရှိရေး

မိမိတို့အစိုးရသစ်အနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း အလေးထားဖော်ဆောင်ခဲ့သည့် ပဓာနကျသော အခြေခံအဆောက်အအုံများမှာ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးဖြစ်ပါကြောင်း၊ လမ်းနှင့်လျှပ်စစ်မီးသည် ရင်းနှီးမြှုပ်နှံသူများ၏ အခြေခံလိုအပ်ချက်ဖြစ်ရုံမက လူသားအရင်းအမြစ်များ၌ ရင်းနှီးမြှုပ်နှံမှုပြုရာတွင် မရှိမဖြစ် လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဖြင့် ဆေးရုံ၊ ဆေးခန်းနှင့်စာသင်ကျောင်းများသို့ အလွယ်တကူရောက်ရှိနိုင်ပြီး လျှပ်စစ်မီးရရှိခြင်းဖြင့် မိမိတို့ပြည်သူများ ၎င်းတို့၏စွမ်းရည်ကို မြှင့်တင်ခွင့်ရကြမည်ဖြစ်ကြောင်း။

ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း မိုင် ၃၀၀၀ နီးပါးရှိသော လမ်းများကို ဖောက်လုပ်ခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်နိုင်ခဲ့ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးဒေသများကို ဦးစားပေးခဲ့ကြောင်း၊ ကျန်းမာရေးကဏ္ဍ၏အသုံးစရိတ်ကို ၁ ဒသမ ၂ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ပြီး ပညာရေးကဏ္ဍအသုံးစရိတ်ကို ၂ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ပါကြောင်း၊ အကဲခတ်သူများ သတိမထားမိသော မိမိတို့၏ လုပ်ဆောင်ချက်အချို့မှာ မိမိတို့ပြည်သူများ၏ ဘဝကိုများစွာပြောင်းလဲစေခဲ့ကြောင်း၊ ဥပမာအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ခန့်အပ်လိုက်သည့် သားဖွားဆရာမများ၏ အရေအတွက်မှာ ကိန်းဂဏန်းနှစ်လုံးမှ လေးလုံးအထိ တိုးတက်လာခဲ့ကြောင်း၊ မိမိတို့၏ ကျေးရွာများတွင် သားဖွားဆရာမများသည် ကလေးမွေးဖွားပေးခြင်းအပြင် အခြေခံကျန်းမာရေး ဝန်ဆောင်မှုကိုပါပေးနေကြကြောင်း၊ သားဖွားဆရာမများ ပို၍မွေးထုတ်ပေးခြင်း၊ ခေတ်မီနည်းပညာဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းအားဖြင့် ကျေးလက်ဒေသရှိ ပြည်သူများ၏ ကျန်းမာရေးကို သိသာစွာမြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ မိမိတို့၏ ကျေးလက်ဒေသရှိ လူဦးရေမှာ တစ်နိုင်ငံလုံး၏ စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိပါကြောင်း။

## စာတတ်မြောက်မှုနှုန်း

ပညာရေးကဏ္ဍတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ UNDP နှင့် အခြားသော နိုင်ငံတကာအေဂျင်စီများ ပူးပေါင်း၍ လုပ်ဆောင်ခဲ့သော Myanmar Living Conditions Survey 2017 ဆန်းစစ်လေ့လာချက်၏ မကြာသေးမီကထုတ်ပြန်သော အစီရင်ခံစာအရ မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းမှာ မျိုးဆက်များအားလုံးတွင် မြင့်မားလာခဲ့ကြောင်း၊ စာတတ်မြောက်မှုတွင် နိုင်ငံတော်အဆင့်၌ ကျား၊ မ ကွာဟချက်မရှိတော့ဘဲ ကျောင်းနေအရွယ်ကလေးများ၏ ကျောင်းအပ်နှံမှုနှုန်းမှာလည်း တဖြည်းဖြည်းမြင့်တက်လာခဲ့ကြောင်း၊ ဖော်ပြပါလေ့လာဆန်းစစ်ချက်တွင် လူဦးရေနှင့် လူများပျံ့နှံ့နေထိုင်မှုသဘာဝ၊ စွမ်းအင်၊ လျှပ်စစ်မီး၊ အဖိုးတန်ပစ္စည်းများနှင့် အိမ်ရာပစ္စည်းများ၊ ရေနှင့်သန့်ရှင်းရေး၊ နည်းပညာ (မိုလ်ဘိုင်းဖုန်း၊ ကွန်ပျူတာ၊ အင်တာနက်)၊ ပညာရေးနှင့် အလုပ်သမားတို့ပါဝင်ကြောင်း၊ အဆိုပါ အစီရင်ခံစာတွင် လျှပ်စစ်မီး၊ ပညာရေး၊ နည်းပညာအသုံးပြုမှုတို့တွင် လုံးလုံးလျားလျား ပြောင်းလဲမှုအချို့ရှိခဲ့ကြောင်း၊ သို့သော် ပြောင်းလဲမှုမရှိသည့် တချို့ဒေသများတွင် တိုးတက်မှုရှိအောင် လုပ်ဆောင်ရန် လိုအပ်နေသေးသည်ဟု ဖော်ပြထားရှိကြောင်း။

Myanmar Living Conditions Report အစီရင်ခံစာသည် တိုင်းတာနိုင်သော အရာများနှင့် ပတ်သက်နေပါကြောင်း၊ လက်ရှိအခြေအနေ၏ အညွှန်းကိန်းများနှင့် အနာဂတ်အလားအလာများဖြစ်သည့် မတိုင်းတာနိုင်သော အရာများလည်းရှိနေပါကြောင်း၊ မိမိပြောကြားချက်ကို အဆုံးသတ်ရမည့်အချိန်ရောက်ခါနီးတွင် အရေးကြီးဆုံး အညွှန်းကိန်းတစ်ခုဖြစ်သည့် မိမိတို့လူငယ်များ၏အလားအလာကောင်းကို ပြောပြမည်ဖြစ်ကြောင်း။

မကြာသေးသော သီတင်းပတ်က မူလတန်းအဆင့် မှ အထက်တန်းအဆင့်ရှိ ကျောင်းသားလူငယ်များနှင့် အလွတ်သဘောတွေ့ဆုံခွင့်ရခဲ့ပါကြောင်း၊ ထိုကျောင်းသား လူငယ်များသည် ကိုယ်ကာယပိုင်းအရ ထွားကျိုင်းသင့် သလောက် ထွားကျိုင်းမှုမရှိခြင်းမှာ အာဟာရချို့တဲ့မှုကြောင့် ဖြစ်ရကြောင်း၊ ထိုပြဿနာကို ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ဦးစားပေးလုပ်ငန်းအဖြစ် ကိုင်တွယ်ဖြေရှင်းနေပါကြောင်း၊ သို့သော်လည်း ၎င်းတို့မှာ ပျော်ရွှင်ဝမ်းမြောက်နေကြသည်ကို တွေ့ရကြောင်း၊ ထက်မြက်ကြ၊ ယဉ်ကျေးသိမ်မွေ့ကြသလို ၎င်းတို့မသိသည့်အရာများကို ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ သိထားသည့်အရာများကို မရှက်မကြောက်ဘဲ စိတ်အားထက်သန်စွာ ထုတ်ဖော်ပြသခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံအတွက် ထိုကဲ့သို့သောကလေးများ ခမ်းနားထည်ဝါသောဆုများကို ဘာလို့မရနိုင်ရမှာလဲ၊ ၂၀၁၇ ခုနှစ် ဇူလိုင်လက ဝါရှင်တန်ဒီစီတွင် ကျင်းပသော The First Global Challenge Robotic Competition ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၅၇ နိုင်ငံက ပြိုင်ပွဲဝင် ၁၆၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ အင်ဂျင်နီယာကျောင်းသားအဖွဲ့က ဆဋ္ဌမရရှိခဲ့ကြောင်း၊ မြန်မာကျောင်းသားများ ရရှိခဲ့သည့် ဆဋ္ဌမအဆင့်သည် အာဆီယံနိုင်ငံများအကြား ပထမအဆင့်ဖြစ်ပါကြောင်း၊ ဤသည်မှာ တီထွင်ကြံဆမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ အောင်ပွဲတစ်ရပ်ဖြစ်ပါကြောင်း၊ အသွင်ကူးပြောင်းရေးစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့်အရင်းအမြစ်များကို မည်သို့ရှာဖွေရမည်ဟူသောအချက်မှာ မိမိတို့စွမ်းရည် စွမ်းပကား၏ အညွှန်းကိန်းတစ်ခုဖြစ်ပါကြောင်း။

## အာဆီယံမိတ်ဆွေများ

ပြည်သူများ၏ ပါဝင်မှုသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတစ်ရပ်၏ အကြီးမားဆုံးစွမ်းအား ဖြစ်သကဲ့သို့ ယင်းအသွင်ကူးပြောင်းရေး၏ အကြီးမားဆုံးစိန်ခေါ်မှုလည်း ဖြစ်ပါကြောင်း၊ မတူကွဲပြားခြားနားသည်များကို စုစည်းစေနိုင်သည့် သန်းချီသောလူများ၏ ဆန္ဒနှင့်ရည်မှန်းချက်များကို တစုတစည်းတည်းဖြစ်အောင် လုပ်ဆောင်နိုင်ရန်မှာ အလွန်ခက်ခဲသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူများမှာ ထိုစိန်ခေါ်မှုကို ကျော်လွှားနိုင်စွမ်းရှိသည့် အသွင်ကူးပြောင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု မိမိယုံကြည်ကြောင်း၊ ထိုမှတစ်ဆင့် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သောကာလသစ်တစ်ခုကို စတင်ကြ ရမည်ဖြစ်ကြောင်း၊ မိမိတို့ခရီးလမ်းကို ဆက်လက်လျှောက်လှမ်းသည့်အခါ အာဆီယံမိတ်ဆွေများက မိမိတို့နှင့်အတူတကွ ရှိလိမ့်မည်ဟုယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

**ဒေါက်တာသာစိန်**

> ပြည်သူများ၏ ပါဝင်မှုသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတစ်ရပ်၏ အကြီးမားဆုံးစွမ်းအား ဖြစ်သကဲ့သို့ ယင်းအသွင်ကူးပြောင်းရေး၏ အကြီးမားဆုံး စိန်ခေါ်မှုလည်း ဖြစ်ပါကြောင်း၊ မတူကွဲပြားခြားနားသည်များကို စုစည်းစေနိုင်သည့် သန်းချီသောလူများ၏ ဆန္ဒနှင့်ရည်မှန်းချက်များကို တစုတစည်းတည်းဖြစ်အောင် လုပ်ဆောင်နိုင်ရန်မှာ အလွန်ခက်ခဲသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူများမှာ ထိုစိန်ခေါ်မှုကို ကျော်လွှားနိုင်စွမ်းရှိသည့် အသွင်ကူးပြောင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု မိမိယုံကြည်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ပုံနှိပ်ထုတ်ဝေသည်

## စက်မှုလယ်ယာဦးစီးဌာန

## အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ ပြင်ဆင်သတ်မှတ်ခြင်း

၁။ စက်မှုလယ်ယာဦးစီးဌာနရှိ သိုလှောင်ရုံများတွင်ရှိနေသည့် ပစ္စည်းအဟောင်းအပျက်များအား Lot(၁၁)ခုဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ဖိတ်ခေါ်ခဲ့ပါသည်။

၂။ အဆိုပါအိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် နေရာအခက်အခဲရှိပါသဖြင့် မူလစက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်အစား အမှတ်(၁) အလတ်စားစက်ပြင်အလုပ်ရုံ၊ အစည်းအဝေးခန်းမ၊ စက်မှုလယ်ယာဦးစီးဌာန၊ ပျဉ်းမနား၊ နေပြည်တော် (နေပြည်တော်ကောင်စီရုံးအနီး)သို့ မူလအချိန်အတိုင်း ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်၊ ဖုန်း(၀၆၇-၃၄၃၁၂၄၅/၀၆၇-၃၄၃၁၂၄၃)သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**

## ဖခင်အမည်မှန်

မအူပင်မြို့နယ်၊ အထက ထရော် စခန်းကြီးမှ မအိအိငြိမ်း ဖခင်၏ အမည်မှန်မှာ ဦးသန်းထိုက် [၁၄/မအပ(နိုင်)၂၀၆၁၈၇]အမှန် ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၇-၈-၂၀၁၈)ရက်စွဲပါ ကြေးမုံသတင်းစာ စာ-ဆပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် စဉ်-၂၃၊ ဦးဇော်မင်းဦး၊ အကွက်အမှတ်-၂၄၃၊ ဗိုလ်မင်းရောင်လမ်း၊ ၄-ဘလောက်၊ ပေ(၂၀×၆၀)အစားတွင် ပေ(၄၀×၆၀)ဟု ပြန်လည်ပြင်ဆင်ဖတ်ရှုပါရန်။

## မြန်အောင်မြို့နယ်အသင်း (ရန်ကုန်)

## ဝါဆိုသင်္ကန်းကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ နဝမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အသင်းတည်ရာ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ သရက်တောကျောင်းတိုက်၊ အလုံကျောင်းသစ်၌ ဆရာတော် ဘဒ္ဒန္တဓမ္မောဘာသကို အမှူးထား၍ ရန်ကုန်ရောက်မြန်အောင်နယ်ဖွား ဆရာတော်(၁၀)ပါးအား ၂-၉-၂၀၁၈ရက်၊ (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ မြန်အောင်မြို့နယ်သားများ (အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ) ကြွရောက်ဆက်ကပ်လှူဒါန်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ရွှေတိဂုံစေတီတော်မြတ်ကြီးအား

## ရွှေပြားရွှေသင်္ကန်းတော်ကပ်လှူပူဇော်နိုင်ရန် နှိုးဆော်ဖိတ်ခေါ်ခြင်း

၁။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၁၈ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ ရွှေစင်ရွှေပြား သင်္ကန်းတော်များ ကပ်လှူပူဇော်မည်ဖြစ်ပါသည်။ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၈ခုနှစ် နိုဝင်ဘာလအတွင်း လှူဒါန်းထားသော ရွှေပြား သင်္ကန်းတော်များကို ၂၀၁၈ခုနှစ် နိုဝင်ဘာလမှ စတင်ကာ တစ်ရက်လျှင် အလှူရှင် ၁၅၀ဦးစီ ရထားပုံဖြင့် ကပ်လှူပူဇော်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမည် ဖြစ်ပါသည်။

၂။ ၁-၁၀-၂၀၁၈ရက်မှစ၍ ရွှေစင်ရွှေပြား အလှူရှင်များကို ဆက်သွယ်အသိပေးခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားသင်္ကန်းတော် ဆက်ကပ်ပူဇော်ပွဲ၌ ပါဝင်ကုသိုလ်ပြုနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ဖိတ်ခေါ်အပ်ပါသည်။

၃။ ၁-၁၀-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း၀၉-၄၂၀၂၄၉၄၃၊ ၀၁-၃၈၃၅၂၂၊ ၀၁-၃၇၁၀၈၉တို့တွင် ရွှေပြားအမှတ်အား သတင်းပို့ပြီး ကပ်လှူပူဇော်မည့်နေ့ရက်နှင့် အသေးစိတ်အချက်အလက်များကို စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ သြဂုတ် လ ၂၆ ရက်)

၁။ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင် ကျင်းပမည့် (၁၈)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က" အက္ခရာမှ အစဉ်လိုက် "အ" အက္ခရာထိ** အက္ခရာ(၃၃)လုံးနှင့် **"ကက"အက္ခရာမှ အစဉ်လိုက် "ကဩ" အက္ခရာထိ** အက္ခရာ(၁၃)လုံး၊ စုစုပေါင်း အက္ခရာ(၄၆)လုံး ရောင်းချခဲ့ပါသည်။

၂။ (၁၈)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာမှာ (၄၆)လုံးဖြစ်၍ ၊ ထီစာအုပ် (၃၇၆၃၆၂၈)အုပ်ဖြစ်ပြီး၊ ထီလက်မှတ် စောင်ရေမှာ (၄၁၃၉၉၉၀၈)စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ် ရောင်းရငွေမှာ ကျပ်သန်းပေါင်း( ၁၈၈၁၈.၁၄၀) ဖြစ်သဖြင့် ၆၀% ထီဆုငွေအဖြစ် ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်းပေါင်း (၁၁၂၉၀.၈၈၄) ဖြစ်ပါသည်။

၄။ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | အထူးဆုကြီးစနစ် | | | |
| | (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| | (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| | (၃) | ကျပ်သိန်းသုံးထောင် | = | (၂) ဆု |
| | (၄) | ကျပ်သိန်းတစ်ထောင် | = | (၅) ဆု |
| (ခ) | ဆုတစ်ဆုချင်းစနစ် | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၁၁) ဆု |
| | (၂) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၁၄) ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၅) ဆု |
| | (၅) | ကျပ်သိန်းသုံးဆယ် | = | (၁၆) ဆု |
| | (၆) | ကျပ်ဆယ်သိန်း | = | (၁၇) ဆု |
| (ဂ) | ဝေဝေဆာဆာပဒေသာဆုမဲစနစ် | | | |
| | (၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| | (၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| | (၃) | ကျပ် တစ်သိန်း | = | (၁၃၀၀၀) ဆု |
| | (၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | | **စုစုပေါင်း** | = | (၁၂၄၁၉၄) ဆု |

၅။ (၁၈)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၉.၂၀၁၈)ရက်နေ့ (စနေနေ့)၊ နံနက် (၈)နာရီ အချိန်တွင် အမှတ် ၁၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆု ဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊ အမှတ်(၄၈)ရှိ"အက်(စ်)အီးအေ ကွန်စထရပ်ရှင် ကုမ္ပဏီလီမိတက်"ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၁၀၆/၂၀၁၆-၂၀၁၇(ရက) (ကုမ္ပဏီ၏ကိုယ်စားမန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးစိုင်းကျော်စိန်) ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သာယာအေးလမ်း၊ အမှတ်(၁၁၉/အေ) ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ မြေကွက်အမှတ်-၁၁၉/အေ၊ အလျား (၄၈/၄၅)ပေ × အနံ ပေ(၆၀)၊ ဧရိယာ (၀. ၀၆၄) ဧက အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် "ရှိုးဝါးအန်တာပရိုက်(စ်)ကုမ္ပဏီလီမိတက်" ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၅၀၆/၁၂-၁၃)၏ ယခင်မူလ ကုမ္ပဏီအမည်ဖြစ်သော "ရှိုးဝါးအော်တိုအန်တာပရိုက်(စ်)ကုမ္ပဏီလီမိတက်" အမည်ပေါက်တရားဝင်ပိုင်ဆိုင်လက်ရောက် ရရှိထားကြောင်း ကုမ္ပဏီကိုယ်စားမန်နေဂျင်းဒါရိုက်တာ ဦးပြည်စိုး [၁၂/ဗတထ(နိုင်)၀၁၉၉၁၇]မှ ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည်သာကျော်မီ (အထက်တန်းရှေ့နေ) (စဉ်-၄၁၁၅၈)**
**အမှတ်(၅၉)၊ (၅)လွှာ၊ (၄၁)လမ်း၊ (၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၄၇၄၀၄**

## ၂၀-၈-၂၀၁၈ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၆)တွင်ပါရှိသော ဒေါ်မေနိုင်ဦး(ခ)ရရှီဒါဘီ[၁၂/ဗတထ(နိုင်)၀၃၄၇၅၆]၏လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်ဝင်းဦး တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၉၈)၏ ကြေညာချက်နှင့်ပတ်သက်ပြီး ပြန်လည်ဖြေရှင်းကြေညာချက်နှင့် အများသိစေရန်

ကျွန်ုပ်တို့၏အမှုသည် ဦးအောင်ကျော်ဦး(ခ)နွရ်ကလန် [၁၂/ကတတ(နိုင်)၀၀၂၃၉၇]သည် မိမိ၏ချစ်လှစွာသော ဇနီး ဒေါ်မေနိုင်ဦး(ခ) ရရှီဒါဘီကို အစ္စလာမ့်တရားတော်နှင့်အညီ လင့်ဝတ္တရားကျေပွန်စွာဖြင့် ပေါင်းသင်းခဲ့ပါသည်။ ၂၇-၆-၂၀၁၈ရက်တွင် ဒေါ်မေနိုင်ဦး (ခ)ရရှီဒါဘီသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၉)ရပ်ကွက်၊ ရိုးရာလမ်း၊ အမှတ်(၁၀၃၅)၊ ဦးအောင်ကျော်ဦး နေထိုင်ရာအိမ်မှ ဆေးဝယ်ရန် ထွက်သွားပြီး၊ နေအိမ်သို့ ပြန်မလာသဖြင့် စိုးရိမ်ပူပန်စွာဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းလူပျောက်အမှတ်စဉ်-၃၆/၂၀၁၈ဖြင့် တိုင်ကြားရှာဖွေစေရာ လုံးဝမတွေ့ရှိခဲ့ပါ။ ထို့နောက် ၂၈-၇-၂၀၁၈ ရက်စွဲပါ အစ္စလာမ့်ရေးရာခုံရုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)မှ လင်မယားကွာရှင်းလိုမှု ဖသ်ဝါမွေ့သတ် တောင်းခံလျှောက်ထားကြောင်း ထုချေရှင်းလင်းရန် ဆင့်ခေါ်စာကို ဦးအောင်ကျော်ဦး(ခ)နွရ်ကလန်မှ ရရှိခဲ့ပြီး၊ နှစ်ဦးနှစ်ဖက်မျက်နှာစုံညီ တွေ့ဆုံတင်ပြရန် ၁၁-၇-၂၀၁၈ရက်သို့ ချိန်းဆိုခဲ့သဖြင့် သွားရောက်ခဲ့ရာ ဒေါ်မေနိုင်ဦး(ခ)ရရှီဒါဘီ၏ မိခင်နှင့်ဦးလေးတို့မှ ဦးအောင်ကျော်ဦး(ခ)နွရ်ကလန်အား ရိုက်နှက်အချင်းပွားခဲ့သဖြင့် ပန်းဘဲတန်းမြို့နယ်ရဲစခန်းသို့ ရောက်ရှိခဲ့ရခြင်း ဖြစ်ပါသည်။

ဒေါ်မေနိုင်ဦး(ခ)ရရှီဒါဘီမှ ဦးအောင်ကျော်ဦး(ခ)နွရ်ကလန်အပေါ် စွပ်စွဲချက်များမှာ တစ်ဖက်သက်မမှန်ကန်သော စွပ်စွဲချက်များသာ ဖြစ်ပါသည်။

ကွာရှင်းခွင့် အခွင့်အရေးနှင့်စပ်လျဉ်း၍ လင်ယောကျ်ား၏ သားချင်းတို့အနက်မှ ခုံလူကြီးတစ်ဦး၊ ဇနီး၏ သားချင်းတို့အနက်မှ ခုံလူကြီး တစ်ဦးတို့ပါဝင်ပြီး ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထိုသို့ဖြေရှင်းကြခြင်းမပြုဘဲ ဒေါ်မေနိုင်ဦး(ခ)ရရှီဒါဘီ၏ တစ်ဖက်သတ်မမှန်မကန်တင်ပြချက်ကိုကြားနာပြီး ၁၃-၈-၂၀၁၈ရက်စွဲပါစာဖြင့် ဒေါ်မေနိုင်ဦး(ခ)ရရှီဒါဘီအား ဖသ်ဝါမွေ့သတ် ဆုံးဖြတ်ချက်ပြန်ကြားခဲ့မှုနှင့် ၁၈-၈-၂၀၁၈ရက်တွင် ခင်ပွန်းအဖြစ်မှ အပြီးအပြတ် ကွာရှင်းပြတ်စဲကြောင်း မြွက်ဟကြေညာချက်ဖြင့် (သွလားက်ဗာအင်န်)ပြုခြင်းသည် အစ္စလာမ်တရားဥပဒေနှင့် မညီညွတ်သဖြင့် ဦးအောင်ကျော်ဦး(ခ)နွရ်ကလန်၌များစွာ နစ်နာစေပါသောကြောင့် ဦးအောင်ကျော်ဦး(ခ)နွရ်ကလန်သည် ဒေါ်မေနိုင်ဦး(ခ)ရရှီဒါဘီ၏ စွပ်စွဲချက်များမမှန်ကြောင်း သက်သေပြ၍ သက်ဆိုင်ရာ တရားရုံးတွင် ဥပဒေနှင့်အညီ လင်မယားအဖြစ်ပြန်လည်ပေါင်းသင်းစေလိုမှု (ခေါ်လိုမှု)စွဲဆိုမည်ဖြစ်ပါကြောင်း၊ ဦးအောင်ကျော်ဦး(ခ)နွရ်ကလန်က ကျွန်ုပ်တို့အား ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဒေါ်မေနိုင်ဦး(ခ) ရရှီဒါဘီနှင့် အများသိစေရန် ပြန်လည်ဖြေရှင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြိုင်သန်းဦး(LL.B)** | **ဒေါ်လှဲ့လှဲ့ဝင်းသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၇၇၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၆၂)** |

**အခန်းအမှတ်(၃၀၆)၊ တိုက်အမှတ်(၉/၁၁)၊ ၃၆လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၂၉၉၄၃၇၊ ၀၉-၂၅၀၆၃၉၈၆၁၊ ၀၉-၄၂၀၁၁၅၈၄၂**




စမ်းအားအီလက်ထရောနစ် S.A.E.W

CONTACT US!

| | |
|---|---|
| Mandalay Showrooms : 1 | 09- 964 271 866, 09- 960 645 523, 02- 4035034, 02- 4071866 |
| Mandalay Showrooms : 2 | 09- 964 035 034, 09- 964 071 866, 09- 899 952 225 |
| Yangon Showrooms : 1 | 09- 953 393 453, 09- 953 394 024, 01- 394 024, 01- 393 453 |
| Yangon Showrooms : 2 | 09- 957 393 453, 09- 957 394 024, 01- 385 016 |
| Wholesales | 09- 964 393 453, 09- 402 578 877 |
| Monywa Showrooms | 071- 24532 |



## STRATEGY FIRST INSTITUTE

မိရိုးဖလာ စီမံခန့်ခွဲမှု နှင့် မလုံလောက်သော ကိုယ်ပိုင်လုပ်ငန်းရှင်များအတွက်



ကိုယ်ပိုင်လုပ်ငန်းတွေကို စနစ်တကျ ဘယ်လိုစီမံခန့်ခွဲမလဲ . . .

own BUSINESS management Level - 2

MANAGE YOUR BUSINESS

သင်တန်းကြေး - ၄၄၀,၀၀၀ ကျပ်

Schedule - Wed, Thu, Fri ( 9:00 am - 12:00 pm )
Sat ( 9:00 am - 3 pm )

Duration - ( August 29 to September 29 )

ဩဂုတ်လ (၂၉) ရက်နေ့ တန်းခွဲသစ်စမည်၊

သင်ကြားမည့်နေရာ
239, Pyay Road (Near Myaynigone City Mart),
San Chaung Township, Yangon.

Call Now : 09 250 7171 66

## အိမ်နှင့်မြေလုပ်ငန်းအား ဂရန်အမည်ပေါက် ကိုယ်တိုင်ရောင်းမည်

အခန်း(၁၈)ခန်းပါ ပစ္စည်းအပြည့်အစုံ 125 KVA မီးစက်တစ်လုံး မြေအကျယ် စတုရန်းပေ 3049 ပေ (ဂရန်မြေ) စတုရန်းပေ 3812 (မြေပို) စုစုပေါင်း မြေအကျယ် 6361 စတုရန်းပေပေါ်တွင် အိမ်အကျယ် ပေ(46'x88") ကားပါကင် အကျယ်(46'x60") ရှိမြေနှင့် နှစ်ထပ်အဆောက်အအုံ ထောင့်ကွက်ရောင်းမည်။

အမှတ်(ခ/၇၂၇)၊ လေးထောင့်ကန်လမ်း၊ အသင်းတိုက်မှတ်တိုင်၊ သယ်န်းကျွန်း။

ရောင်းဈေး-၁၆၀၀၀သိန်း၊ လုပ်ငန်းမပါလျှင် သိန်း-၅၀၀ လျှော့မည်။အကျိုးဆောင်ခ 2%။

ဆက်သွယ်ရန်ဖုန်း ၀၉-၉၆၅၄၁၀၈၅၂၊ ၀၉-၂၅၅၄၅၅၅၇၀

## " အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း "

ရွှေအသစ်စတင်ချိန်ကုမ္ပဏီလီမိတက်မှ ပိုင်ဆိုင်သော စကျင်ကျောက်လုပ်ကွက်နှင့် ပတ်သက်၍ ဦးဘရန်အောင် ( ၁/မကန (နိုင်) ၀၁၂၈၆၈ ) "မှ" ဦးအောင်ခိုင်သန်း ( ၉/မရတ (နိုင်) ၀၁၅၄၂ ) "သို့" ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်-( ၃၂၁၁/၂၀၁၆ )ကို ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဘရန်အောင် (ရွှေအသစ်စတင်ချိန်ကုမ္ပဏီလီမိတက်)

## ရွှေမြန်မာသစ္စာအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

Golden Myanmar Truth Public Co.,Ltd

### အများပိုင်ကုမ္ပဏီမှ သက်ဆိုင်သူများနှင့် အများသိစေရန် သတိပေးကြေညာခြင်း

ရွှေမြန်မာသစ္စာအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် Golden Myanmar Truth Public Co.,Ltdသည် (၁၂-၆-၂၀၁၈) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်- ၂၂၂/၂၀၁၈-၂၀၁၉ (မတလ)ဖြင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် တည်ထောင်ဖွဲ့စည်းပြီးဖြစ်ပါသည်။ ယခုအခါကုမ္ပဏီများ ဥပဒေအသစ်အရ လိုအပ်သလို ပြန်လည်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

ကျွန်တော် ဦးမင်းထွေး(ခ)ဦးမင်းမင်းထွေး[၇/ညလပ(နိုင်)၁၂၈၁၇၂]သည် ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာနှင့်ကုမ္ပဏီ၏ ပထမဒါရိုက်တာဖြစ်ပါသည်။ ကျွန်တော် ဦးမင်းမင်းထွေး၏ ခွင့်ပြုချက်မရှိဘဲ၊ ကျွန်တော်မသိဘဲ ကျွန်တော်ကိုယ်တိုင် ဦးဆောင်သည့် ဒါရိုက်တာအဖွဲ့အများစု၏ ဆုံးဖြတ်ချက်မရှိဘဲ ရွှေမြန်မာသစ္စာအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အမည်နှင့် အမှတ်တံဆိပ်ကို အသုံးပြု၍လည်းကောင်း၊ ကုမ္ပဏီများဆိုင်ရာ ဥပဒေအရ ရေးဆွဲထားသည့်သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများနှင့် မညီညွတ်သည့်ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ငွေကြေးကိစ္စများကိုလည်းကောင်း၊ ကျွန်တော်နှင့်ကျွန်တော်၏ ဒါရိုက်တာအဖွဲ့မှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်းနှင့် တာဝန်ခံမည်မဟုတ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာ**
**ဦးမင်းထွေး(ခ)ဦးမင်းမင်းထွေး**
**ဖုန်း-၀၉-၄၂၈၂၀၅၅၆၄၊ ၀၉-၇၇၉၂၁၀၀၅၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀(၁၉)လမ်း(ခ)၊ အမှတ်(၆၄၃)၊ (၂)ခန်းတွဲ RC (၆)ထပ်တိုက်၏ (5-floor)(ခြေရင်းခန်း)၊ ဧရိယာ(၉၁၈)စတုရန်းပေ နှစ်(၆၀)မြေငှားဂရန်မြေပေါ်ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးဇော်မိုးအောင် [၁၂/သဃက(နိုင်)၀၄၆၃၈၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးမင်းညီညီ [၁၂/ဥကမ(နိုင်)၂၀၀၅၀၀]၊ ဒေါ်ပန်းနုမိုးလွင် [၁၄/ဝခမ(နိုင်)၁၇၂၄၇၃]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းညီညီ၊ဒေါ်ပန်းနုမိုးလွင်တို့၏လွှဲအပ်ညွှန်ကြားချက်များအရ**

| | | |
|---|---|---|
| ဦးဝင်းမင်းစိုး | ဒေါ်သူဇာကျော် | ဒေါ်ဝေဖြိုးအောင် |
| LL.B,WIPO(Switzerland) | LL.B,D.B.L,D.I.L.,WIPO(Switzerland) | LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄) | အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁) | အထက်တန်းရှေ့နေ(စဉ်-၄၄၀၀၃) |
| ၀၁-၂၄၆၈၆၉၊ ၀၉-၄၅၀၀၂၃၆၅၁ | ၀၉-၂၅၄၅၀၈၉၁၇ | ၀၉-၄၂၁၁၅၇၈၅၆ |

Level (၅၊၆၊၇၊၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

## မြေနေရာကောင်းကို ကွန်ဒိုဈေးဖြင့်ရောင်းမည်

ပေ(၂၀×၇၀)၊ ရေ မီး၊ အုတ်ခတ်၊ မစိုးရိမ် (၂)လမ်း၊ အေဝမ်းလမ်းမမှ လည်းဝင်လို့ရ ၉ မိုင်၊ မရမ်းကုန်း၊ ကားအဝင်အထွက် အလွန်ကောင်း၊ ဆိတ်ငြိမ်ရပ်ကွက်၊ပတ်ဝန်းကျင်သန့်။

သိန်း(၂၅၀၀)

**ဖုန်း-၀၉-၉၇၂၆၆၃၃၆**

# တော တောင် ခြောက် ခန်း လယ် ယာ နွမ်း ၏

